# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday 3 January 2019 ၉၅၂၀


# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးဓမ္မသဘင် (ဒုတိယနေ့) စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင်(ဒုတိယနေ့) အခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ယနေ့ည ၇ နာရီခွဲက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသထံမှ တရားနာပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ရှိသေစွာ နာယူကြည်ညို**

ထို့နောက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက "ရင်ထဲမှ အမုန်းတရားဖယ်ရှားခြင်း" အမည်ရှိ တရားတော်အား ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တရားနာပရိသတ် နှစ်သိန်းခန့်က ရှိသေစွာ နာယူကြည်ညိုကြသည်။

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် အခမ်းအနား ဥက္ကဋ္ဌ ဦးတင်ထွဋ်က "ဒီနေ့မှာတော့ ပရိသတ် ပိုများလာတယ်။ တစ်ကွင်းလုံးအပြည့် အနေအထားပါပဲ။ ကျွန်တော်တို့အနေနဲ့လည်း တရားနာပရိသတ်တွေ အဆင်ပြေချောမွေ့စွာ သက်သောင့်သက်သာ တရားနာနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ ရွှေတိဂုံစေတီတော်ကြီးရဲ့ အရိပ်အာဝါသအောက်မှာ တရားနာခွင့်ရတာဟာ အလွန်ပီတိဖြစ်စရာကောင်းပါတယ်။ ဒီတရားပွဲကြီးဟာ မြန်မာနိုင်ငံရဲ့ ပုံရိပ်တစ်ခုလို့မြင်ပါတယ်"ဟု ပြောသည်။

**ဖွဲ့စည်းဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နှစ်သစ်ကူး အလှူတော် ဓမ္မသဘင်အခမ်းအနားကို ၂၀၁၆ ခုနှစ်မှစတင် ကျင်းပခဲ့ရာ ယခုနှစ်သည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ထိုသို့ ကျင်းပရာတွင် တရားနာပရိသတ်များ အဆင်ပြေစေရန်အတွက် ဖိတ်ကြားရေး၊ ကြိုတင်နေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးအစရှိသည့် ဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းဆောင်ရွက်ထားကြောင်း သိရသည်။

ဒဂုံအရှေ့ပိုင်းမြို့နယ် (၁၂၀) ရပ်ကွက်မှ ဦးလှတင်က "စေတနာရှင်တွေရဲ့ ယာဉ်ကူညီမှုနဲ့ ဓမ္မမိတ်ဆွေတွေ စုပေါင်းပြီးလာခဲ့တာပါ။ အကြို/အပို့ယာဉ်တွေလည်း စီစဉ်ပေးထားတယ်လို့ သိရတယ်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့**






**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် အခမ်းအနား ဒုတိယနေ့တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက ရင်ထဲမှ အမုန်းတရား ဖယ်ရှားခြင်း အမည်ရှိ တရားတော်ကို ဟောကြားစဉ်။**

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့၌ ကျင်းပမည်ဖြစ်ပြီး အခမ်းအနားကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကြေးမုံ

# လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဟုတ်၊ မဟုတ် အကဲဖြတ်သည့်အခါတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အချုပ်အခြာအာဏာသုံးရပ်ကို ထိုနိုင်ငံက ၎င်းတို့ဘာသာကျင့်သုံးနိုင်သောနိုင်ငံဖြစ်၊ မဖြစ်ကို ကြည့်ရှုကြသည်။ ထိုသို့ကြည့်ရှုရာတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံမှန်သော်လည်း စစ်မှန်သောလွတ်လပ်သည့် နိုင်ငံဖြစ်၊ မဖြစ်ကိုလည်း ကြည့်ရှုအကဲဖြတ်ဖို့လည်းလိုမည်ဖြစ်သည်။

စစ်မှန်သောလွတ်လပ်သည့်နိုင်ငံအဖြစ် ဆန်းစစ်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော အာဏာသုံးရပ်ကို ထိုနိုင်ငံသားများ၏ဆန္ဒဖြင့် အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ခြင်းရှိ၊ မရှိဖြင့်လည်း အကဲဖြတ်ရမည်ဖြစ်သည်။ ထိုကဲ့သို့သော အာဏာသုံးရပ်မျိုးကို ကျင့်သုံးနိုင်မှသာလျှင် ထိုနိုင်ငံကိုစစ်မှန်သော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဟု ဆိုထိုက်သည်။

လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံတွင် ပြည်သူများ လွတ်လပ်စွာနေထိုင်လုပ်ကိုင်ခွင့်၊ လွတ်လပ်စွာပြောဆိုရေးသားခွင့် မရှိပြန်လျှင်လည်း လွတ်လပ်ခွင့်မရှိသော အာဏာရှင်နိုင်ငံဟု ဆိုနိုင်ပေလိမ့်မည်။ စစ်မှန်သောလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဆိုသည်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းထားသောနိုင်ငံကို ဆိုလိုသည်။

ထိုဆိုလိုချက်ကို မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ရေးဆွဲခဲ့သော ၁၉၄၇ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏နိဒါန်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသန္နိဋ္ဌာန်၌ ပါရှိသည်။ လွတ်လပ်ရေးမရမီကာလက မြန်မာနိုင်ငံသည် လွတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းတို့အပေါ်၌ တည်ဆောက်သည့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာရေးကို သန္နိဋ္ဌာန်ပြုခဲ့သည်။ ပြည်ထောင်စုသားတိုင်းသည် ထိုလွတ်လပ်သော အခွင့်အရေးများကို ရရှိခံစားခွင့်ရှိသည်။

တိုင်းတစ်ပါးအုပ်ချုပ်မှုအောက်တွင် ထိုအခွင့်အရေးမျိုးမရနိုင်။ သက်ဦးဆံပိုင်ဘုရင်စနစ်၊ အာဏာရှင်စနစ်တို့တွင် လွတ်လပ်သည်ဆိုသော်လည်း မျှတသည့် အခွင့်အရေးများမရနိုင်ချေ။ ခေတ်စနစ်တို့ ပြောင်းလဲလာခဲ့သည်။ လူချင်းတူသော်လည်း ခွဲခြားဆက်ဆံမှုမျိုးကို လက်မခံတော့ချေ။ မျက်မှောက်ကာလတွင် အချို့နိုင်ငံများ၌ ဘုရင်၊ ဘုရင်မ ရှိသော်လည်း သက်ဦးဆံပိုင်ဘုရင်စနစ် မဟုတ်တော့ပြီ။ အမှန်တကယ် အချုပ်အခြာအာဏာသည် ပြည်သူက ရွေးချယ်သော လွှတ်တော်မှတစ်ဆင့် ဖွဲ့စည်းထားသော မဏ္ဍိုင်သုံးရပ်တွင် အသက်ဝင်သည်။ ယင်းသည်သာ စစ်မှန်သော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သည်။

ယနေ့ကာလတွင် လွတ်လပ်သည့် မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ဖြင့် ပြည်သူကရွေးချယ်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ မှန်မှန်ကန်ကန် လည်ပတ်နေသည်။ ထိုအာဏာသုံးရပ်သည် ပြည်သူများအတွက် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ မျှတခြင်းတို့ကို ဖော်ဆောင်ပေးနေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပပြီး လွတ်လပ်ရေး၏သန္နိဋ္ဌာန်ကို ဖော်ဆောင်ခဲ့သည်။ ယခုလည်း လွတ်လပ်ရေး၏သန္နိဋ္ဌာန်ကို ဆက်လက်ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ လောကပါလတရားနှင့်အညီ ဖြစ်တည်နေသော စစ်မှန်စွာရရှိထားသည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို လွတ်လပ်သောနိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုအားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြခြင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အမြဲထာဝရ တည်တံ့ခိုင်မြဲပြီး လွတ်လပ်ပြီး အေးချမ်းသာယာဝပြောသည့် လူ့ဘောင်လောကကြီး ဖြစ်ထွန်းတည်ရှိနေမည်ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။



## ထိုင်းနိုင်ငံ အပျော်စီးလေထီးအလှုပြအဖွဲ့ ထားဝယ်မြို့တွင် လေထီးအလှုပြစီး

**ထားဝယ် ဇန်နဝါရီ ၂**

ထိုင်းနိုင်ငံ ကန်ချနဘူရီမြို့ အပျော်စီးလေထီးအလှုပြအဖွဲ့မှ ထိုင်းနိုင်ငံသား Mr.Polrutn ပါ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၆ ဦးတို့သည် စက်အမျိုးအစား Paramotor စက်အလေးချိန် ၄၀ ကီလိုမီတာရှိ လေထီးစက်ကိုးစီးအနက် ငါးစီးတို့ဖြင့် လေထီးအလှုပြစီးပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ် မြို့ပတ်လမ်းရှိ ရွှေဝယ်သီရိအားကစားရင်ပြင်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လေထီးအလှုပြစီးပွဲသို့ ထားဝယ်ဒေသခံပြည်သူများ စိတ်ဝင်တစားကြည့်ရှုအားပေးခဲ့ကြောင်းနှင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရွှေဝယ်သီရိအားကစားရင်ပြင်တွင် လေထီးအလှုပြစီးပွဲကို နေ့စဉ် အလှုပြစီးနင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## မြန်မာ့တက္ကသိုလ်များ၏ သုတေသနညီလာခံ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂**

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည့် အသုံးချသုတေသနဆောင်ရွက်မှုများကို အရည်အသွေးရှိစွာ ဆန်းသစ်လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပါမောက္ခချုပ်များကော်မတီတို့က ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းလျက် မြန်မာ့တက္ကသိုလ်များ၏ သုတေသနညီလာခံကို ၂၀၁၉ ခုနှစ် မေလ စတုတ္ထပတ်အတွင်း ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါညီလာခံတွင် ဝိဇ္ဇာ/သိပ္ပံပညာရပ်များ၊ အင်ဂျင်နီယာနှင့် နည်းပညာရပ်များ၊ ကွန်ပျူတာပညာရပ်များ၊ စီးပွားရေးပညာရပ်များ၊ ဆေးနှင့်နှီးနွယ်ပညာရပ်များ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် အနုပညာရပ်များ၊ သစ်တော၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရပ်များ၊ ဆရာအတတ်ပညာစသည့် ပညာရပ်ဆိုင်ရာ အသုံးချသုတေသနစာတမ်းများ ဖတ်ကြားနိုင်ရေး ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များသို့ အသိပေးအကြောင်းကြားသွားမည် ဖြစ်သည်။

တက္ကသိုလ်များမှ စာတမ်းဖတ်ကြားမည့်သူများသည် စာတမ်းအနှစ်ချုပ်ကို ညီလာခံ၏ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီသို့ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက http:// www.nepc. edu. mm/ murc2019 တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်(ရွှေဈေး) ၁၀၄၇၀၀၀ - ၁၀၄၇၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၇၀၀၀ - ၁၀၄၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၀၀ ကျပ် | ၈၉၅/၉၁၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၀/၈၀၀ ကျပ် | ၈၃၀/၈၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၇၀/၇၁၀ ကျပ် | ၇၅၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၅/၉၁၀ ကျပ် | ၉၁၀/၉၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၆၀/၇၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၀/၇၉၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၂၀/၆၂၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၇၁. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄. ၇၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇. ၇၆၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃. ၉၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂. ၂၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၀. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၈. ၆၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၈. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၃. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

# DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေး စက်ရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်သူများကျန်းမာရေးနှင့်ညီညွတ်ပြီး ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သည့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေး စက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်ကားလမ်းမကြီးအနီးရှိ အဆိုပါ စက်ရုံရှေ့၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေတို့က DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က DENTOMEC သွားတိုက်ဆေးစက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေက စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တို့အား စက်ရုံဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံတည်ဆောက်မှုတွင် ပါဝင်ခဲ့သည့် နိုင်ငံခြားသား ပညာရှင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စက်ရုံအတွင်း သွားတိုက်တံနှင့် သွားတိုက်ဆေးများ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ DENTOMEC သွားတိုက်တံနှင့် သွားတိုက်ဆေး စက်ရုံတွင် ဂျာမနီနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှ နည်းပညာများဖြင့် နိုင်ငံတကာအဆင့်မီစက်သစ်ကြီးများအသုံးပြုကာ ပြည်ပသွင်းကုန် အစားထိုး (Import Substitution) ထုတ်ကုန်အဖြစ် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဈေးနှုန်းသက်သာသည့် သွားတိုက်တံနှင့် သွားတိုက်ဆေးများကို ဈေးကွက်အတွင်းသို့ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

**✪ ကျောဖုံးမှ**

ပညာတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၆)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား ပြည့်ဖြိုးအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား အောင်ဟိန်းထက်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား ဖြိုးဟန်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် တပ်မတော်အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၃)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ စုသက်ပိုင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသူ ဆုလဲ့နိုင်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရည်ဝေဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တပ်မတော်၏မွန်မြတ်သော အစဉ်အလာ ၁၂ ရပ်ကို ဦးထိပ်ပန်ဆင်ပြီး "တပ်မတော်သားများနှင့် မိသားစုဝင်များအား နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ အဆင့်အတန်းမရွေး ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်"ဆိုသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ အင်အားစုတစ်ခုဖြစ်သည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည်လည်း တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများအား ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါနှိမ်နင်းရေး၊ ကျန်းမာရေးမြှင့်တင်ရေး၊ ပြန်လည်သန်စွမ်းရေးနှင့် ဆေးဝါးထုတ်လုပ်ရေး စသည့်ကျန်းမာရေးစောင့်ရှောက်မှုများပေးမည့် "ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်"များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

### လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် သူနာပြုပါရဂူ ၁၃ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၃၆၂ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ ၃၉ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ ၁၀၆ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၁၈၈ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၃၀၄၅ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၂၀၄ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ ၅၇၃ ဦးနှင့် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ၉၈ ဦးတို့အား လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ လုပ်ငန်းတာဝန်နယ်ပယ်မှာ သူနာပြုနှင့် ဆေးဘက်ပညာသည်များ၏ စွမ်းဆောင်ရည်သည်လည်း ကျယ်ပြန့်လာပြီဖြစ်ကြောင်း၊ ယခင်က ဆေးရုံ၊ ဆေးတပ်ဖွဲ့များတွင်သာ တာဝန်ထမ်းဆောင်ကြရသည့် သူနာပြုတပ်ဖွဲ့ဝင်များသည် ယခုအခါစစ်မြေပြင်လက်တွေ့ဆေးအကာအကွယ်ပေးရေး လုပ်ငန်းတာဝန်များကိုပါ ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသားပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးခြင်းလုပ်ငန်းဖြစ်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့များတွင်လည်း သူနာပြုတပ်ဖွဲ့ဝင်များသည် ကျရာအခန်းကဏ္ဍမှနေပြီး တက်ကြွကျွမ်းကျင်စွာ ပါဝင်ထမ်းဆောင်နေကြကြောင်း။

တပ်မတော်သည် ပြည်သူထဲမှပေါက်ဖွားလာသည့် တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရေးလုပ်သည့်နေရာတွင် ပြည်သူများ၏ နေ့စဉ်လူမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံမှ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်ရေးအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် တစ်နိုင်ငံလုံးအနှံ့ လူမျိုးဘာသာမခွဲခြားဘဲ စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိကြောင်း။

### ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက နိုင်ငံတစ်ဝန်းတိုင်းရင်းသားဒေသများအပါအဝင် နယ်စပ်ဒေသအစွန်အဖျားမကျန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ဆောင်နေခြင်းသည် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ထဲမှ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို တာဝန်သိသိ၊ စေတနာရှိရှိ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်သား ဆေးတပ်ဖွဲ့ဝင်များက မိမိတို့တတ်မြောက်ထားသည့် ဆေးပညာရပ်များဖြင့် ပြည်သူများ၏ အသက်ခန္ဓာများကို အခမဲ့ ဆေးဝါးကုသပေးပြီး ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သဖြင့် ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန်ဆိုသည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်တစ်ရပ်ကို အောင်မြင်စွာထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

တပ်မတော်က ပြည်သူ့အပေါ်ထားရှိသည့် စေတနာမေတ္တာကြောင့် တပ်မတော်နှင့်ပြည်သူ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာမည် ဖြစ်သကဲ့သို့ ပြည်သူများက တပ်မတော်အပေါ်ယုံကြည်အားကိုးမှု ပိုမိုတိုးပွားလာမည်ဖြစ်ကြောင်း၊ ထို့အပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များက နိုင်ငံတစ်ဝန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးခြင်းသည် ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိပြီး နိုင်ငံတော်၏တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျရာတာဝန်အသီးသီးတွင် တပ်မတော်နယ်လှည့် ဆေးကုသရေးလုပ်ငန်းများကို အားတက်သရော စွမ်းစွမ်းတမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

### ပြန်လည်ထွက်ခွာ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၁၆)မှ ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသားများနှင့် ၎င်းတို့၏မိဘများ၊ အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၃)မှ ထူးချွန်ဆုရရှိခဲ့ကြသည့် သင်တန်းသူများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၁၆)နှင့် အမျိုးသမီး သူနာပြုသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ရန်ကုန်မြို့ တပ်တော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆင်းသူနာပြုများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

**❒ အပူပိုင်းမုန်တိုင်းပါဘက်မှ**

ဆက်လက်ရွေ့လျားပြီး ကိုကိုးကျွန်းအနီးမှ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဖြတ်ကျော်ကာ ဘင်္ဂလားပင်လယ်အော်သို့ ဆက်လက်ဝင်ရောက်နိုင်ကြောင်း ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

မနက်ဖြန်ညနေပိုင်းမှစ၍ ထိုင်းပင်လယ်ကွေ့အတွင်း မုန်တိုင်းဖြတ်သန်းမည့် လမ်းကြောင်းအနီးတွင်ရှိကြသည့် မလေးရှားနိုင်ငံမြောက်ပိုင်း Kota-Baru၊ ထိုင်းနိုင်ငံတောင်ပိုင်းရှိ Hat-Yaiနှင့် Surat-Thani မြို့များအပြင် မြန်မာနိုင်ငံတောင်ပိုင်းစွန်း ကော့သောင်းမြို့သို့လည်း မုန်တိုင်းဖြတ်သွားမည့်လမ်းကြောင်းပေါ်တွင် ရောက်ရှိနေကြောင်း၊ မုန်တိုင်းသည် ကော့သောင်းမြို့ကို ဖြတ်သန်းစဉ် ဇန်နဝါရီ ၄ ရက် သောကြာနေ့ညနေပိုင်းမှစ၍ ဇန်နဝါရီ ၅ ရက် စနေနေ့မွန်းလွဲအထိ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်းများ ဖြစ်လာနိုင်ခြေရှိကြောင်း မိုးလေဝသ သတင်းထုတ်ပြန်ချက်များအရ မြို့နေပြည်သူများသတိပြုနေထိုင်ကြရေးနှင့် ကော့သောင်းခရိုင်အတွင်း ပင်လယ်ကျွန်းများရှိ ဟိုတယ်ရီဆော့များသို့ အပန်းဖြေအလည်အပတ်ခရီးပို့ဆောင်ပေးနေသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ အဆိုပါရက်ပိုင်းအတွင်း လုပ်ငန်းများရပ်နားထားကြရေး၊ ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ ပင်လယ်ပြင်သို့ မထွက်ခွာကြရေး ဒေသတာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့်ငါးလုပ်ငန်းဦးစီးဌာနတို့က ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

---

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညဈေးတန်းပွဲတော်

**ရန်ကုန် ဇန်နဝါရီ ၂**

ဒုတိယအကြိမ်မြောက်ကျင်းပမည့် Signature Night Market (ညဈေးတန်းပွဲတော်)ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်(ပြည်လမ်းဝင်ပေါက်)ရှိ ကွင်းအမှတ် A၌ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)မှ ၆ ရက်အထိ ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညဈေးတန်းပွဲတော်အား လမ်းဘေး အစားအစာများကို မစားဖြစ်သည့် ပြည်သူများအတွက် သန့်ရှင်းသပ်ရပ်သော ဒေသထွက်အစားအစာများကို တစ်နေရာတည်းတွင် စုံလင်စွာ စားသောက်နိုင်ပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အနေဖြင့် ပြည်တွင်းရှိ ဒေသထွက်အစားအစာများကို တစ်နေရာတည်းတွင် စုံလင်စွာမြင်တွေ့သုံးဆောင်နိုင်ကြမည် ဖြစ်သောကြောင့် ပြည်တွင်း ခရီးသွားလုပ်ငန်းကဏ္ဍများကိုလည်း မြှင့်တင်ရာ ရောက်စေမည်ဖြစ်ကြောင်း ညဈေးတန်းပွဲတော်အား စီစဉ်သော ဦးမြင့်လွင်က ပြောသည်။

ဒေသထွက် အစားအစာများကို ချိုသာသော ဈေးနှုန်းဖြင့် နိုင်ငံကျော်အနုပညာရှင်များနှင့်အတူ သုံးဆောင်နိုင်ကြမည်ဖြစ်ပြီး ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များကိုပါ တွဲဖက်ဆော့ကစားနိုင်ကြမည်ဖြစ်ကာ ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

ဒေသအစားအစာများဖြစ်သော မြိတ်ဝါးပလုပ်နှင့် ပုစွန်ချဉ်စပ်၊ ကချင်ရိုးရာအစားအစာ၊ Charcoal Steak၊ Foodtopia၊ Seafood၊ ပြည်ပလာတာ၊ မာလာရှမ်းကော၊ စည်သွတ်မုန့်ဟင်းခါး၊ စဉ့်အိုးကြက်ကင်၊ ယိုးဒယားခေါက်မုန့်၊ ကတ်ကြေးကိုက်၊ သာခွေယိုင်၊ ယောနသံ အပါအဝင် ငါးသလောက်အိုးမှောက်စသဖြင့် ဒေသထွက်အစားအစာများကို စုံလင်စွာ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကျင်းပခဲ့သည့် နှစ်သစ်ကူးအကြိုည တရားဒေသနာတော်များ ရွတ်ဖတ်ဆုတောင်းပွဲနှင့် ဝိပဿနာရှုမှတ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါအဖွဲ့အား သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လာရောက်ကြိုဆိုကြသည်။

**သတင်းစဉ်**

❀ **ရွှေဖုံးမှ**

ဆေးဝါးစောင့်ရှောက်မှုတွေလည်းရှိတော့ အေးအေးဆေးဆေး တရားနာလို့ရတာပေါ့။ တရားနာပရိသတ်တွေအနေနဲ့ ဒီတရားပွဲကြီးကနေ လိမ္မာယဉ်ကျေးမှုတွေ ပိုရလာမယ်။ ဒေါသ၊ မောဟတွေ လျော့နည်းသွားမယ်။ ဓမ္မအသိတွေလည်း ပွင့်သွားမယ်။ တိုင်းပြည်အတွက် အများကြီးအကျိုးရှိတဲ့ပွဲပါ”ဟု ပြောသည်။

**ကူညီဆောင်ရွက်ပေး**

ကြည့်မြင်တိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးလှမြင့်က မိမိတို့အနေဖြင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုများအပြင် ပရိသတ်များ အဆင်ပြေချောမွေ့မှုနှင့် စည်းကမ်းတကျရှိစေရန် ကူညီဆောင်ရွက်ပေးနေကြောင်း၊ ပရိသတ်များပြားမှုကြောင့် တိုးဝှေ့သွားရသဖြင့် အသက်အရွယ်ကြီးရင့်သည့် တရားနာပရိသတ်များအနေဖြင့် မူးဝေမှုများသာရှိကြောင်း ပြောသည်။

ပန်းဘဲတန်းမြို့နယ်မှ ဒေါ်နီနီစိန်က “အရင်နှစ်တွေတုန်းကလည်း သုံးရက်လုံး လာရောက်တရားနာခဲ့တယ်။ ဒီနေရာမှာ အခုလို တရားနာခွင့်ရတာဟာ ကုသိုလ်လည်း ရတယ်။ စိတ်ကြည်နူးမှုလည်းခံစားရပါတယ်။ ဆရာတော်တွေရဲ့ မေတ္တာတရားတွေကြောင့် မြန်မာနိုင်ငံကြီး အေးချမ်းသွားလိမ့်မယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

တရားနာပရိသတ်များ သွားလာမှု အဆင်ပြေလွယ်ကူစေရန်အတွက် ခရိုင်လေးခုရှိ မြို့နယ်များအလိုက် အခမဲ့ အကြို၊ အပို့ယာဉ်များကို စီစဉ်ပေးထားကြောင်း၊ စေတနာရှင် များကလည်း အခမဲ့ အငှားယာဉ်များနှင့်အတူ မီနီဘတ်စ်များဖြင့်လည်း ကူညီဆောင်ရွက်ပေးနေကြောင်း သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ကြွယ်က ဆိုသည်။

**ပြန်လည်ဝေမျှ**

ထိုသို့ဆောင်ရွက်ပေးမှုအနေဖြင့် အနောက်ပိုင်းခရိုင်တွင်ပါဝင်သည့် မြို့နယ်များအတွက် တရားဓမ္မသဘင်ကျင်းပရာအနီးရှိ အလုံလမ်းပေါ်ရှိ စုရပ်တွင်လည်းကောင်း၊ အရှေ့ပိုင်းခရိုင်တွင်ပါဝင်သော မြို့နယ်များအတွက် ရှင်စောပုလမ်း မီးပွိုင့်အနီးရှိ စုရပ်တွင်လည်းကောင်း၊ တောင်ပိုင်းခရိုင်တွင်ပါဝင်သော မြို့နယ်များအတွက် Summit Parkview Hotel အနီးရှိ စုရပ်တွင်လည်းကောင်း၊ မြောက်ပိုင်းခရိုင်တွင်ပါဝင်သည့် မြို့နယ်များအတွက် ပြည်လမ်းမိန်းဝင်ပေါက် စုရပ်တွင်လည်းကောင်း စီစဉ်ပေးထားကြောင်း သိရသည်။



ဦးတင်ထွန်း



ဦးလှတင်



ဦးလှမြင့်

DSH သဘော်ာကုမ္ပဏီမှ ကိုသူရဇော်က “သူငယ်ချင်းတွေနဲ့အတူ စေတနာ့ဝန်ထမ်းအနေနဲ့ ဒီတရားပွဲကြီးမှာ ကူညီဆောင်ရွက်ပေးတာပါ။ အလှူရှင်တွေလှူဒါန်းထားတဲ့ စတုဒိသာတွေကို တရားနာပရိသတ်တွေကို ပြန်လည်ဝေမျှပေးတာပါ။ အားလုံး စနစ်တကျနဲ့ အစဉ်ပြေချောမွေ့သွားအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါတယ်။ ဒီတရားပွဲကြီးကနေ ပြည်သူတွေအားလုံး တရားအသိတွေ သိမြင်ပြီး ကုသိုလ်ထူးတွေ ရလိမ့်မယ်လို့မြင်ပါတယ်”ဟု ပြောသည်။

**ကျွေးမွေးဧည့်ခံ**

ယနေ့ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများနှင့် ရန်ကုန်မြို့သို့ရောက်ရှိနေသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများလည်း လာရောက်တရားနာယူကြပြီး တရားနာပရိသတ်များအား အလှူရှင်များအနေဖြင့် စတုဒိသာအလှူများဖြင့် ကျွေးမွေးဧည့်ခံလျက်ရှိသည်။

တရားလာရောက်နာယူသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့နယ်အလိုက် လာရောက်တရားနာယူကြသူများနှင့်အတူ အကြို၊ အပို့ယာဉ်များပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့်လည်း ပြည်သူများစိတ်အေးချမ်းသာစွာဖြင့် တရားနာယူနိုင်ရန်အတွက် လုံခြုံရေး စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

**ဟောကြားချီးမြှင့်သွားမည်**

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်အခမ်းအနားကို ဇန်နဝါရီ ၃ ရက်အထိ ည ၇ နာရီခွဲမှစ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက “ဘာကိုပေးလှူရမလဲ” အမည်ရှိ တရားတော်အား ဟောကြားခဲ့ပြီး တတိယနေ့ (ဇန်နဝါရီ ၃ ရက်)တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက တရားတော်များကို ဟောကြားချီးမြှင့်သွားမည်ဖြစ်သည်။

**သတင်း- ရဲခေါင်၊ ဇော်ကြီး**
**ဓာတ်ပုံ- ရဲထွန်း**



ဒေါ်နီနီစိန်



ဦးမောင်မောင်ကြွယ်



ကိုသူရဇော်

# မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက် ရက်စွဲဖြင့် ကြေညာချက်အမှတ် (၁/၂၀၁၉)ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းများလုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသည့် ပြည်တွင်းနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများအား အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် “လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ(Expression of Interest)” နှင့် “အဆိုပြုလျှောက်လွှာ(Request for Proposal)”တို့ကို တင်သွင်းရန် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက “လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ” နှင့် “အဆိုပြုလျှောက်လွှာ” များနှင့်စပ်လျဉ်း၍ သိလိုသည်များကို ရှင်းလင်းဖြေကြားပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အသက်အာမခံနှင့် အထွေထွေအာမခံ နှစ်မျိုးလုံး စုပေါင်းလုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းအာမခံကုမ္ပဏီများအား အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းများကို သီးခြားစီလုပ်ကိုင်ရန် ညွှန်ကြားထားပြီးဖြစ်ရာ နိုင်ငံခြားအာမခံကုမ္ပဏီများသည် ပြည်တွင်း အာမခံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး နိုင်ငံခြားအာမခံကုမ္ပဏီများအား မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက်အာမခံလုပ်ငန်းနှင့်စပ်လျဉ်း၍ ရွေးချယ်ခွင့်(၁)အနေဖြင့် နိုင်ငံခြားအသက်အာမခံကုမ္ပဏီများက ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီအဖြစ် သုံးခုထက်မပိုသော အသက်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းနှင့် ရွေးချယ်ခွင့်(၂)အနေဖြင့် မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ပြီးဖြစ်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးလုံး လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်းအသက်အာမခံကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ အထွေထွေအာမခံလုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ထားပြီးဖြစ်သော နိုင်ငံခြားအထွေထွေအာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးလုံး လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်းအထွေထွေ အာမခံကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၉ တွင် “ဝန်ကြီးဌာနသည် အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသောကုမ္ပဏီအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်”ဟု ပြဋ္ဌာန်းပါရှိသည်။

နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ၂၀၁၇ ခုနှစ်တွင် ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီ(၁၁)ခုသို့ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အရင်းအနှီးများရရှိစေရေးကို အထောက်အကူပြုနိုင်ရန်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံကို ရေးဆွဲခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကြေညာချက်တွင်ပါရှိသည့် အချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.frd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ယူနီဆက်မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ယူနီဆက် (UNICEF) မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. June Kunugi တို့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၏ မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်ပါ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရေးအတွက် ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် UNICEF၊ World Food Programme (WFP)၊ International Organization for Migration (IOM)၊ UNFPA တို့မှ ဆောင်ရွက်မည့်စီမံချက်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ Social Assistance နှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာများ၊ ရန်ကုန်မြို့တွင် Social Work Institute တည်ထောင် ဖွင့်လှစ်နိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ မိခင်ဝိုင်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁/၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတင်မြင့် ကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရဝမ်တိုင်းရင်းသားများ၏ 'ဂီလာ' ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုလေ့လာဆွေးနွေးမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရဝမ်တိုင်းရင်းသားများ ရိုက်ကူးသော "ဂီလာ" ရုပ်ရှင်ဇာတ်ကားအကြောင်းကို ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား အမှတ် (၅၀)ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (ရုပ်ရှင်ပြခန်းမ)၌ ကြည့်ရှုဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို "တိုင်းရင်းသားလူမျိုးစုများနှင့် မြန်မာ့ရုပ်ရှင်" ခေါင်းစဉ်အောက်တွင် ဦးစွာပြသပြီး ဇာတ်ကားဖန်တီးသူ ရဝမ်တိုင်းရင်းသားဖြစ်သည့် ဒီထဲဒီနှင့် ဇာတ်ညွှန်းဆရာ Lမင်းပြည့်မွန်တို့က ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာက ရုပ်ရှင်ဇာတ်ကား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၁/၂၀၁၉ ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း၊ စတင်ခွင့်ပြုမိန့် ပေးထားသော ကုမ္ပဏီများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း သဘောတူညီချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေမှု၊ အောင်မြင်တိုးတက် ဖြစ်ထွန်းနေမှုတို့ကို ကြပ်မတ်စိစစ်ပေးရမည်ဖြစ်ကြောင်း၊ နောက်ထပ်ခွင့်ပြုမိန့် တင်ပြတောင်းခံထားသော ကုမ္ပဏီများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် စိစစ်ခွင့်ပြုပေးနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို မိမိတို့ဘက်မှ အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အတည်ပြုမိန့်ရရှိသော ကုမ္ပဏီများကလည်း ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာထူးမင်းသိမ်းက ကော်မတီ၏ ၄/၂၀၁၈ ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ၁/၂၀၁၉ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြထားသည့် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုနှင့် စပ်လျဉ်းသော အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက တင်ပြချက်များအပေါ် အကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုမိန့် ရရှိသည့် ဆုထူးစံ ကုမ္ပဏီလီမိတက်၊ ဦးစိုးခန့်နှင့် မိသားစုကုမ္ပဏီလီမိတက်နှင့် ရွှေလျှံဖြိုး ကုမ္ပဏီလီမိတက်တို့အား အတည်ပြုလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




# မလေးရှားဖိတ်ခေါ်လူငယ်နှင့် အလွတ်တန်း နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲတွင် အောင်မြင်မှုရရှိသော မြန်မာလက်ဝှေ့အဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂**

မလေးရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကျင်းပသည့် ဖိတ်ခေါ်လူငယ်နှင့် အလွတ်တန်း နိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု လက်ဝှေ့ကစားသမား ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ရဲလင်းထွန်းနှင့်သီဟဇော်တို့ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဗိုလ်လုပွဲကို ယမန်နေ့ ညပိုင်းက ကျင်းပခဲ့ရာ (၆၄) ကီလိုတန်း လိုက်ဝယ်သာ ဝိတ်တန်းတွင် သီဟဇော်(မြန်မာ)နှင့် Jhonatan Siagian (အင်ဒိုနီးရှား)တို့ ယှဉ်ပြိုင်ကြရာ သီဟဇော်ကို အင်ဒိုနီးရှားကစားသမားက အမှတ်ဖြင့် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ဆွတ်ခူးကာ မြန်မာမှ သီဟဇော်က ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ (၇၅) ကီလိုတန်း မစ်ဒယ်ဝိတ်တန်းတွင် ရဲလင်းထွန်း(မြန်မာ)နှင့် Wanzuhaili Bin Wanzain (မလေးရှား)တို့ သုံးချီပြည့် ယှဉ်ပြိုင်ကစားကြရာ မြန်မာမှ ရဲလင်းထွန်းက မလေးရှားကို အမှတ်ဖြင့်အနိုင်ရကာ ပထမရွှေတံဆိပ်ဆွတ်ခူးရရှိသွားပြီး ၅၆ ကီလိုတန်းတွင် ပြည့်စုံက ကြေးတစ်ခု၊ ၆၄ ကီလိုတန်းတွင် ကျော်မင်းဦးက ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းလှဘော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုအောင်၊ တွဲဖက်ကျန်းမာရေးတာဝန်ခံ ဒေါက်တာသီဟဇော်၊ နည်းပြများအဖြစ် ဦးသန်းထွန်း၊ ဦးကျော်စွာအောင်၊ လူငယ်လက်ဝှေ့ ကစားသမားများဖြစ်ကြသည့် သီဟဇော် (၆၄) ကီလိုတန်း၊ ရိုင်းငယ် (၅၆) ကီလိုတန်းနှင့် အလွတ်တန်းတွင် ရဲလင်းထွန်း (၇၅) ကီလိုတန်း၊ မျိုးကျော်သူ (၆၉) ကီလိုတန်း၊ ကျော်မင်းဦး (၆၀) ကီလိုတန်း၊ ပြည့်စုံ (၅၆) ကီလိုတန်းနှင့် ဇော်မြင့်မိုး (၅၂) ကီလိုတန်းတို့သည် ယနေ့နံနက် ၁၁ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးဗလကျော်သူနှင့် အားကစားနှင့်ကာယပညာသိပ္ပံမှ သင်တန်းသား သင်တန်းသူများ၊ မိဘဆွေမျိုးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### လွတ်လပ်ရေးလှုပ်ရှားမှု ရုပ်ရှင်ကားများ အခမဲ့ပြသမည်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်း ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲ (မြန်မာနိုင်ငံ)ကို ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် အမှတ်(၁၆)ဝက်ဘာလမ်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ အခမဲ့ ပြသမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပပြီး "တစ်ပြည်သူ မရွှေထားဇာတ်ကား"နှင့် ကိုရီးယားဇာတ်ကား "Man of Will" နှင့် "I Can Speak" ဇာတ်ကားများ ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

### မြန်မာ့စီးပွားရေးနှင့် စီးပွားရေးပညာ စကားဝိုင်း

မြန်မာ့စီးပွားရေးနှင့် စီးပွားရေးပညာ စကားဝိုင်းကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကုန်သည်/စက်မှုအသင်းချုပ်၌ ပြုလုပ်မည်ဖြစ်ရာ ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီးဟောင်း)၊ ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးအောင်ကြည်စိုး (ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူး)တို့ ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေး

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ၁၆ ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ တွင် မင်းရဲကျော်စွာလမ်း ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

# လူကုန်ကူးပြဿနာ ဝိုင်းဝန်းအဖြေရှာ

**နိုင်ရဲဝင်း**

ယနေ့ကမ္ဘာတွင် လူကုန်ကူးမှုပြဿနာသည် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှုတို့ပြီးလျှင် ထိပ်တန်းရောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်နေသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် တစ်နိုင်ငံချင်းအလိုက်သာမက နိုင်ငံအများစုပေါင်း၍လည်း တိုက်ဖျက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးကို ဒေသတွင်း၊ နိုင်ငံတကာနယ်ပယ်၌ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လာခဲ့သည်မှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုခရီးလမ်းကို လျှောက်လှမ်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာကို ၁၉၉၇ ခုနှစ်မှစ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ တိုက်ဖျက်ခဲ့ပါသည်။

### လူ့အခွင့်အရေးဆိုင်ရာ ပြဿနာ

လူသားမျိုးနွယ်စုတစ်ရပ်လုံးနှင့် သက်ဆိုင်သော လူကုန်ကူးမှုသည်ကားရာဇဝတ်မှုဆိုင်ရာပြဿနာသာမက လူအချင်းချင်းရောင်းဝယ်ဖောက်ကားသည့် ဈေးကွက်ပြဿနာ၊ လူ့အခွင့်အရေးကို လျစ်လျူပစ်ပယ်ထားသော လူ့အခွင့်အရေးဆိုင်ရာပြဿနာဖြစ်၍ ဖြစ်စဉ်တိုင်းသည် သမားရိုးကျမဟုတ်ဘဲ ရှုပ်ထွေးသည်။ လွယ်လွယ်ကူကူ ဖြေရှင်း၍မရနိုင်ဘဲ ရှုထောင့်မျိုးစုံမှ ကဏ္ဍပေါင်းစုံချိတ်ဆက်၍ ဖြေရှင်းရလေ့ရှိသည်။

လူကုန်ကူးခြင်းသည် ကမ္ဘာတစ်ဝန်း တစ်နေ့တခြား လျင်မြန်စွာ ကြီးထွားလျက်ရှိသောပြစ်မှု၊ အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သဖြင့် မည်သည့်နိုင်ငံကမှ လက်မခံနိုင်ဘဲ အထိရောက်ဆုံးနည်းလမ်းအမျိုးမျိုးဖြင့် တုံ့ပြန်တိုက်ဖျက်နေကြရခြင်း ဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း (UN Charter) Article (2) နှင့် Article (3) တို့တွင် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် တိကျစွာဖော်ပြထားရှိပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့က အတည်ပြုခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights-UDHR) နှင့် ကိုက်ညီမှုမရှိသည့် လူကုန်ကူးမှုပြဿနာကို တအိုက်ဖျက်ရမည်မှာ နိုင်ငံတိုင်း၊ နိုင်ငံသားတိုင်း၏ မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်က ကမ္ဘာ့ကုလသမဂ္ဂ (UN) မှ အီတလီနိုင်ငံ ပလာမိုမြို့တွင် ထွက်ပေါ်လာသည့် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ် (TIP Protocol)၊ လူမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ် (SOM Protocol) တို့၌ ၂၀၀၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အဆိုပါဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့်အထိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းကာ အရှိန်အဟုန်မြင့်ဆောင်ရွက်နေပြီး ရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များလည်း ဖွဲ့စည်းထားရှိကာ လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### ပူးပေါင်းဖော်ထုတ်

ထို့အပြင် ၂၀၀၄ ခုနှစ်၌ မဲခေါင်ဒေသအတွင်း ခြောက်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း(COMMIT) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး ၂၀၀၄ ခုနှစ် (၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOM 2) နှင့် ပထမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေး(IMM 1)၊ ၂၀၁၀ ပြည့်နှစ် (၇) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(SOM 7)၊ ၂၀၁၇ ခုနှစ် (၁၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၍ နှစ်နိုင်ငံအကြားဖြစ်ပွားသည့် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများကို ပူးပေါင်းဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ၂၀၁၉ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးထားခဲ့ပြီး အဆိုပါနားလည်မှုစာချွန်လွှာကို ပြန်လည်သုံးသပ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons, Especially Women and Children-ACTIP) တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်၍ တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံလူမှုဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနတို့အကြား လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာနှစ်နိုင်ငံ Standard Operation Procedure ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

### နည်းဥပဒေရေးဆွဲ

လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ယခင်ပြဋ္ဌာန်းခဲ့သည့် ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်စနစ်နှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ရေးဆွဲကာ လွှတ်တော်တွင် အတည်ပြုနိုင်ရေးဆောင်ရွက်လျက်ရှိသကဲ့သို့ နည်းဥပဒေကိုလည်း ရေးဆွဲလျက်ရှိပါသည်။

လူကုန်ကူးမှုများကို ပိုမိုမှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အစိုးရရှေ့နေများအတွက် လမ်းညွှန်ချက်စာအုပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်ချက်စာအုပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များအတွက် စံလုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများစာအုပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ နယ်မြေခန်းအမှုစစ်အရာရှိများနှင့် ဥပဒေအရာရှိများအကြား လူကုန်ကူး မှုခင်းများ ပူးပေါင်းစစ်ဆေးတရားစွဲဆိုရေး လမ်းညွှန်ချက်စာအုပ်များကိုလည်း ထုတ်ဝေနိုင်ခဲ့ပါသည်။ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်ခြင်း၊ ပြစ်မှုတရားစီရင်ရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စေရေးအစီအစဉ်များ ချမှတ်ခြင်း စသည့် ကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးသူ (တရားခံ)များကို ဖော်ထုတ်အပြစ်ပေးအရေးယူခြင်းသာမက လူကုန်ကူးခံရသူ (Victims)များ၏ ဘဝကို ပြန်လည်ထူထောင်ရေးသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လာရန် ကဏ္ဍစုံမှ ဟန်ချက်ညီအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လူကုန်ကူးမှု မှုခင်းများ မဖြစ်ပွားစေရန် ကြိုတင် ကာကွယ်ရေးလုပ်ငန်းစဉ်များကို သုတေသနပြုလုပ်ခြင်းနှင့် စီမံချက်များကို ရေးဆွဲကာ အသိပညာပေးခြင်းကဏ္ဍများကို နည်းလမ်းပေါင်းစုံဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ တောရွာနှင့် မြို့များပါမကျန် စာသင်ကျောင်းများအထိ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိပါသည်။ အရေးပေါ်ခေါ်ဆိုနိုင်သည့် တယ်လီဖုန်း (Hotline)စနစ်များထားရှိကာ ဆက်သွယ်ရန်ဖုန်းနံပါတ်များကိုလည်း ဆက်သွယ်ရေးဖုန်းလိုင်းကွန်ရက် များမှတစ်ဆင့် စာတိုများပေးပို့ ဖြန့်ဝေထားရှိပြီးဖြစ်သဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် အထောက်အကူပြုလျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုဖြစ်ပွားမှုအပေါ် လေ့လာလျှင် အဓမ္မ အလုပ်ခိုင်းစေခြင်း၊ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ အဓမ္မမွေးစားခြင်းနှင့် ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းစသည့် ပုံစံငါးမျိုးတွေ့ရှိရပြီး ထူးခြားမှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အငှားကိုယ်ဝန်ဆောင်သည့် လူကုန်ကူးမှုပုံစံအသစ်ကိုလည်း ဖော်ထုတ်အရေးယူနိုင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၀၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လူကုန်ကူးမှုပေါင်း ၁၆၀၉ မှု၊ လူကုန်ကူးသူတရားခံ ၄၅၅၆ ဦး အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ (Victims) ၃၈၅၀ ကယ်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည်လည်း အခြားဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်သူများ များပြားလာခြင်းတို့မှာ လူကုန်ကူးမှုများ ဆက်လက်ဖြစ်ပွားရခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်နေပါသည်။ ထို့အတူ လူကုန်ကူးခံရသူများမှ ပြစ်မှုကျူးလွန်သူအပေါ် ကျေးဇူးရှင်အဖြစ် တလွဲထင်မှတ်နေကာ ပူးပေါင်းဆောင်ရွက်မှုအားနည်းချက်မှာလည်း လူကုန်ကူးသူများ၏ အခွင့်အလမ်းတစ်ရပ် ဖြစ်နေပါသည်။ ထို့ကြောင့် ခေတ်သစ်ကျေးကျွန်စနစ်၏ မမြင်နိုင်သော နှောင်ကြိုးများဖြင့် ချုပ်နှောင်ထားရှိမှုကို ထိုးဖောက်ချေဖျက်နိုင်ရန်မှာလည်း လူကုန်ကူးမှုတိုက်ဖျက်ရေးအခန်းကဏ္ဍမှာ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ "လူသားအချင်းချင်းစာနာဖို့ လူကုန်ကူးမှုတိုက်ဖျက်စို့" ဆောင်ပုဒ်ပါအတိုင်း တရားမျှတပြီး လုံခြုံသည့် လူ့အဖွဲ့အစည်းထူထောင်နိုင်ရန်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးကို လူမှုတာဝန်အဖြစ်ခံယူပြီး လူကုန်ကူးတိုက်ဖျက်ရေးကို ကိုင်တွယ်ဖြေရှင်းလျက်ရှိရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

> ❛ မြန်မာနိုင်ငံသည်လည်း အခြားဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်သူများ များပြားလာခြင်းတို့မှာ လူကုန်ကူးမှုများ ဆက်လက်ဖြစ်ပွားရခြင်း၏ အကြောင်းရင်း တစ်ရပ် ဖြစ်နေပါသည်။ ❜

## လွတ်လပ်ရေးနေ့ည ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်များ ရန်ကုန်မြို့တော်ခန်းမရှေ့၌ တင်ဆက်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဖျော်ဖြေရေး အစီအစဉ်ကို အဆိုပါရက် ညပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုဖျော်ဖြေရေး အစီအစဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ အနုပညာရှင်များ၏ အပျိုတော်၊ ကိုကြီးကျော်(သဘင်)၊ မြင်းခင်းတော်(သဘင်)၊ မြန်မာ့ကြွေးကြော်သံ(ဂီတ)၊ ပြည်တော်ဝင်(ဂီတ)၊ နှစ်ပါးသွား(သဘင်)၊ ခေတ်(၅)ခေတ် ယိမ်းအက(သဘင်)၊ ဗိုလ်ရှုသဘင်(ဂီတ)၊ ဂီတဗိမာန်(ဂီတ)၊ ပန်းရည်ဘဏ်တိုက် (သဘင်)၊ ထာဝရမြန်မာ၊ သံစုံတီးဝိုင်းနှင့် အဆိုအက(ဂီတ+သဘင်)၊ အငြိမ့်ခန်းတို့အပြင် နိုင်ငံကျော် အဆိုတော်များဖြစ်သည့် ခင်ညွန့်ရည်၊ မောင်သိန်းဝင်း၊ တက္ကသိုလ်လဲ့လဲ့၊ ဟေမာနေဝင်းနှင့် ဖိုးသောကြာတို့ကလည်း ပါဝင်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြို့တော်ဝန်ဖလား (၁၈)ကြိမ်မြောက် ပန်းမန်ပြပွဲနှင့်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးသဘာဝဥယျာဉ် ပုလဲမဟာမြိုင်ကျွန်း(ဆင်ဖြူတော်ရုပ်တုများအနီး)တွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် ပြခန်းပေါင်း ၁၈ ခန်း၊ အရောင်းဆိုင်ခန်းပေါင်း ၅၁ ခန်း၊ Landspace ပြခန်း ခုနစ်ခန်း၊ ပန်းအလှဆင်ပြသမည့်စင် ၁၅ စင်၊ မြေယာရှုခင်းနှင့် ဗွန်ဆိုင်းပင်များကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

## မြန်မာနိုင်ငံတော်အလံ လွှင့်ထူသွားကြရန် နှိုးဆော်

မြန်မာနိုင်ငံသမိုင်းကြောင်း၏ နေ့ထူးနေ့မြတ်ဖြစ်သော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်လေ့ရှိပါသည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အချုပ်အခြာအာဏာပိုင်စိုးမှုဖြစ်သော မြန်မာ့လွတ်လပ်ရေးကို နယ်ချဲ့တို့လက်မှ ပြန်လည်ရယူနိုင်ခဲ့သည့် မမေ့အပ်သော နေ့တစ်နေ့လည်း ဖြစ်ပါသည်။ မိမိတို့တိုင်းရင်းသားလူမျိုးအားလုံး၏ အသက်သွေး၊ ချွေးဖြင့် ရင်းနှီးပေးဆပ်ရယူခဲ့ရသော (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုသောအားဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မိမိတို့၏ရုံး၊ ကျောင်း၊ ဌာနဆိုင်ရာအဆောက်အဦ၊ ဝန်ထမ်းအိမ်ရာများ၊ ပုဂ္ဂလိကပိုင်နေအိမ်များ၌ မြန်မာနိုင်ငံတော်အလံအား လွှင့်ထူသွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

"လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စား တည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ် ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာ တရား၊ ပြောဆိုသည့်စကားတို့ကို အရေးထားရမည်ဖြစ်သော် လည်း စင်စစ်မှာ အေးအတူ ပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်း နေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတတရား သည် တည်နေပေ၏"

(၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)




# မြန်မာ့လွတ်လပ်ရေး ရာဇဝင်မော်ကွန်း

## နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေး

ကောင်းစျာန်သိမ်း



ဗိုလ်ချုပ်အောင်ဆန်း (ရှေ့ဆုံးတန်းအလယ်)နှင့် ဗိုလ်မှူးကြီး စူဇူကီး (ခေါ်) ဗိုလ်မိုးကြိုး (ရှေ့ဆုံးတန်းမှ မြန်မာပုဆိုး၊ တိုက်ပုံအင်္ကျီနှင့် ခေါင်းပေါင်းပေါင်းထားသူ)တို့ ဦးဆောင်သော ရဲဘော် သုံးကျိပ်ဝင်အချို့ကို တွေ့ရစဉ်။

ဥရောပတိုက်တွင် စစ်ကြီးဖြစ်လာသောအခါ မြန်မာမျိုးချစ်များ အတွေးအခေါ်နှင့်လုပ်ငန်းစဉ်များ ပြင်ဆင်လာသည်။ ဒို့ဗမာအစည်းအရုံး နှစ်ခြမ်းလုံးမှ ခေါင်းဆောင်များသည် အင်္ဂလိပ်အခက် မြန်မာအချက်ဟု မြင်ကြသည်။ ထို့နောက် ၁၉၃၉ ခုနှစ် အောက်တိုဘာလတွင် ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းလိုက်သည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို လွှတ်တော်အပြင်မှ ဆင်နွှဲကြတော့သည်။ လူငယ်များက ဗမာ့တော်လှန်ရေးပါတီကို ဖွဲ့စည်းပြီး လက်နက်နှင့်စစ်ကူကို နိုင်ငံခြားမှရယူမည်။ ပြီးလျှင် လွတ်လပ်ရေးကို တိုက်ယူမည်။

**စစ်ပညာသင်**

ထို့နောက် သခင်အောင်ဆန်း မြေလျှိုး၍ပျောက်သွားသည်။ ဂျပန်နိုင်ငံသို့သွားရောက်၍ စစ်ကူယူသည်။ မြန်မာပြည်မှ ထပ်မံ၍ လူငယ်တစ်စုကိုခေါ်ယူကာ စစ်ပညာသင်သည်။ ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး ပေါ်လာသည်။ မြန်မာပြည်သို့ စစ်ဦးလှည့်သောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် အောင်လံတလူလူဖြင့် ချီတက်လာသည်။ မြန်မာပြည် မြောက်ဘက်စွန်းမှ တပ်ခေါက်သည်။ ကျောင်းသား၊ ဆရာ၊ လယ်သမား၊ အလုပ်သမား၊ နိုင်ငံရေးသမား ထောင်သောင်းချီ၍ တပ်မတော်တွင် ပါဝင်ချီတက်သည်။ ဗန်းမော်မှ တပ်ပြန်ခေါက်သောအခါ တပ်မတော်၏ အင်အားသည် ငါးသောင်းမျှ ရှိသည်။

**ဗိုလ်အောင်ဆန်းလို သူရဲကောင်းများ**

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စစ်တပ်မျှသာမဟုတ် စိတ်ဓာတ်ဖြစ်ခဲ့သည်။ တစ်မျိုးသားလုံး၏ အောင်စိတ်၊ လွတ်လပ်လိုစိတ်ကို စုပေါင်းထားသော စိတ်ဓာတ်ပြန်လည်၍အသက်သွင်းထားခြင်းဖြစ်သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းသည်။ ယခု အောင်ဆန်းအားကစားကွင်းနေရာတွင် တပ်မတော်သားတစ်သောင်း စစ်ရေးပြပြီး အထက်အညာသို့ချီတက်သည်။ ဘီအိုင်အေကို ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ရုပ်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ကို ဖွဲ့စည်းသည်။ ဗိုလ်အောင်ဆန်းလို သူရဲကောင်းများမွေးရမည်ဟူသောသီချင်းများ ခေတ်စားလာသည်။

**ဖက်ဆစ်တို့ လက်နက်ချ**

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာပြည် လွတ်လပ်ပြီဖြစ်ကြောင်း ကြေညာသည်။ ထိုလွတ်လပ်ရေးသည် အတုအယောင် လွတ်လပ်ရေးသာ ဖြစ်သည်။ မြန်မာတို့သည် ကျပ်မပြည့်သော လွတ်လပ်ရေးကို မခံမင်၊ စစ်ဘေးစစ်ဒဏ်ကို အားခဲခံရင်း ဖက်ဆစ်တော်လှန်ရေးကို ကြံသည်။ စည်းလုံးသည်။ အတုအယောင် အဓိပတိကိုမလို၊ ဗိုလ်ချုပ်အောင်ဆန်းသာ လိုသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဂျပန်တော်လှန်ရေးကို ဆင်နွှဲသည်။ တော်လှန်ရေးသည် ငါးလ၊ ခြောက်လသာကြာသည်။ ဖက်ဆစ်တို့ စစ်ရှုံး၍ လက်နက်ချသည်။ ဒုတိယကမ္ဘာစစ်ကြီးလည်း ပြီးဆုံးတော့သည်။

**လွှမ်းမိုးရန်ကြံ**

ဖက်ဆစ်တော်လှန်ရေးကာလတွင် ရန်သူကို မတိုက်ဘဲ ဝါဒတိုက်ပွဲဆင်နွှဲနေသည်မှာ ကွန်မြူနစ်တို့ဖြစ်သည်။ နယ်ချဲ့တိုက်ပွဲ၊ လွတ်လပ်ရေးတိုက်ပွဲသည် အပြီးတိုင်ရောက်မည်ဟု ယုံကြည်ထားသောကြောင့် ၎င်းတို့ဝါဒကို လွှမ်းမိုးရန် ကြံတော့သည်။ နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ခဲ့သောနယ်ချဲ့တို့ကို ဖက်ဆစ်အကူအညီဖြင့် တွန်းလှန်နိုင်ခဲ့သည်။ စစ်နိုင်သောအခါ မင်းသားခေါင်းဆောင်းထားသော ဘီလူးအသွင်ဖြင့် ဖက်ဆစ်တို့ ပေါ်လာသည်။ ထိုအခါ အင်္ဂလိပ်နှင့်ပင်လက်တွဲ၍ ဖက်ဆစ်တို့ကို တော်လှန်ရပြန်သည်။ ပြီးလျှင် လွတ်လပ်ရေးအတွက် အင်္ဂလိပ်တို့ထံတွင် အရေးဆိုရဦးမည်ဖြစ်သည်။



မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန် တိုက်ပွဲဝင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရန်ကုန်မြို့သို့ ရောက်ရှိလာစဉ်။

# ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည့် ညောင်ဦးမြို့နယ်အတွင်းက ဆံရစ်ဝိုင်းတို့ ရွာကလေး

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည့် စက်စက်ယိုကျေးရွာကလေးအား ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်လေ့လာနိုင်သည့် ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားဆောင်ရွက်နေကြောင်း အဆိုပါကျေးရွာမှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။




**လာရောက်လေ့လာ**

"ကျွန်တော်တို့ရွာကလေးဟာ စည်းလုံးညီညွတ်ပြီး တက်ကြွမှုအားကောင်းတဲ့ရွာလို့ ပြောလို့ရပါတယ်။ သာရေး၊ နာရေးနဲ့ ဘာသာရေးပွဲတွေမှာ စည်းလုံးညီညွတ်စွာ ကူညီလုပ်ဆောင်နေကြပါတယ်။ မှုခင်းဖြစ်ပွားမှုလည်း အလွန်နည်းပါးတဲ့ ဒေသတစ်ခုပါ။ ဗုဒ္ဓဘာသာဝင်များဖြစ်တဲ့အပြင် ရွာကျောင်းဆရာတော်ကြီးကျေးဇူးကြောင့် ဗြဟ္မစိုရ်တရားတွေနဲ့ ရိုင်းပင်းကူညီတတ်တဲ့စိတ်ဓာတ်တွေရှိလာတယ်လို့ ထင်ပါတယ်။ ဆိုရှယ်မီဒီယာခေတ်အရ ကျွန်တော်တို့ကျေးရွာရဲ့ ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ပိုမိုကျယ်ပြန့်စွာ သိရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လေ့လာနေကြပါပြီ။ ခရီးသွားကုမ္ပဏီအများစုကလည်း သူတို့ရဲ့ ခရီးစဉ်တွေမှာ ဒီဒေသကို ထည့်သွင်းထားတယ်လို့ ပြောပါတယ်။ ခရီးသွားလုပ်ငန်းအောင်မြင်သွားရင်တော့ ကျွန်တော်တို့ဒေသဟာ အလွန်ကို ဖွံ့ဖြိုးသွားမယ်လို့








ယုံကြည်ပါတယ်။ ဒီလိုအခြေအနေဖြစ်ဖို့လည်း ကျွန်တော်တို့က သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

**ရိုးရာအမွေကို လက်ဆင့်ကမ်း**

စက်စက်ယိုကျေးရွာတွင် နေထိုင်သည့် အသက် ၈၀ ကျော် အဘဦးမောင်ရှင်းက "အဘရဲ့ အသက်က ၈၀ ကျော်ပါပြီ။ အဘကျောင်းနေအရွယ် ၇ နှစ်လောက်ကတည်းက သျှောင်ဆံထုံးစထားတာပါ။ ဒီသျှောင်ဆံထုံးကို ကိုယ့်ဟာကိုယ် ထိန်းသိမ်းရတာပေါ့။ အဘတို့အခေါ်က သျှောင်ဆံထုံးပေါ့။ ထိပ်အလယ်ကောင်လေးကို သျှောင်ဆံထုံးထိုးပြီးတော့ ကျောင်းသွားကြတာ။ ဒီဓလေ့ကို မပျောက်ကွယ်သွားအောင် ရွာရဲ့ပထမဆရာတော်လက်ထက်ကတည်းက အဆက်မပြတ် ထိန်းသိမ်းလာခဲ့တယ်။ အရင်ကဆိုရင် ဘုန်းကြီးကျောင်းမှာရှိတဲ့ ကလေးတွေအားလုံး သျှောင်ဆံထုံးလေးတွေ ထားရတယ်။ ဆရာတော်က ကျောင်းသားတွေကို သျှောင်ဆံထုံးထားတဲ့သူနဲ့ ဗိုလ်ကေထားတဲ့သူဆိုပြီး နှစ်မျိုးခွဲခြားလိုက်တယ်။ ဗိုလ်ကေထားတဲ့ ကျောင်းသားတွေကို နွား၊ ဆိတ်၊ ခွေးတွေရဲ့ အညစ်အကြေးတွေကို သန့်ရှင်းရေးလုပ်ခိုင်းပြီး အပြစ်ပေးတယ်။ ဒီလိုအပြစ်ပေးတော့ ကလေးအချင်းချင်းရှက်ပြီး ကျန်တဲ့ကလေးတွေပါ သျှောင်ဆံထုံးထားလာကြပါတယ်။ ဒီတော့မှ တစ်ကျောင်းလုံး သျှောင်ဆံထုံးတွေဖြစ်သွားတယ်။ ဒီဆရာတော်ကြီးရဲ့ အမွေအနှစ်ကို ဆရာတော် အစဉ်အဆက် ဆက်လက်ပြီး ထိန်းသိမ်းလာခဲ့တယ်။ ဒီလိုနဲ့ သျှောင်ပေစူးဓလေ့ကို အစဉ်အဆက် လက်ရှိကလေးတွေအထိ ရိုးရာအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့တာပါ"ဟု ပြောသည်။

**အစဉ်အဆက်တည်ရှိ**

လက်ရှိအချိန်တွင် ကျေးရွာရှိ ကျောင်းထိုင်ဆရာတော်အဆက်ဆက်နှင့် ရပ်မိရပ်ဖများ၏ ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် အစဉ်အဆက်တည်ရှိလာခဲ့သော သျှောင်ပေစူးခေါ် ဆံရစ်ဝိုင်းထုံးဖွဲ့မှု ရိုးရာအမွေအနှစ်အား ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများ ရှိနေပြီး ဆက်လက်၍ ကမ္ဘာအနှံ့ကျယ်ပြန့်စွာ သိရှိထိန်းသိမ်းနိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေကန်ပြုပြင်ခြင်း၊ လျှပ်စစ်မီးလျှုဒါန်းမှုများအပြင် ဗေဒါရိုးများကို မြန်မာ့လက်မှုပညာရပ်ဖြင့် လက်ဆွဲခြင်း၊ ပိုက်ဆံအိတ်နှင့် ဖိနပ်များ စမ်းသပ်တီထွင်ထုတ်လုပ်လျက်ရှိကြောင်း ကျေးရွာမှ အငြိမ်းစားကျောင်းဆရာကြီး ဦးသန်းမောင်က ပြောသည်။

**စာမျက်နှာ ၉ သို့ »»**

»» စာမျက်နှာ ၈ မှ

"ဒီရွာမှာ ဆံရစ်ဝိုင်းအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ထားတယ်ဆိုတာ ကမ္ဘာကသိအောင် ပရဟိတဖခင်ကြီး ဦးကျော်သူက ဖော်ထုတ်ပေးလိုက်တဲ့အပြင် ဒီအမွေအနှစ်တွေ ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် လိုအပ်တဲ့ ကျေးရွာဖွံ့ဖြိုးမှုတွေအဖြစ် ရေကန်ပြုပြင်ခြင်း၊ စက်ရေတွင်းတူးဖော်ပေးခြင်းတွေနဲ့ အိမ်တိုင်းလျှပ်စစ်မီးသုံးစွဲနိုင်ဖို့ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ ဒါတင်မက ရွာမှာရှိတဲ့ ကလေးတွေကို ဗေဒါရိုးနဲ့ မြန်မာ့လက်မှုပစ္စည်းလေးတွေ ထုတ်လုပ်နိုင်ဖို့ သင်တန်းတစ်ခုကိုလည်းဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီလက်မှုပစ္စည်းလေးတွေကို ခရီးသွားလုပ်ငန်းတွေနဲ့ ချိတ်ဆက်ရောင်းချနိုင်မယ်ဆိုရင် ကျွန်တော်တို့ ရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ပိုမိုရရှိလာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ၎င်းက ပြောသည်။

**ထိန်းသိမ်းစောင့်ရှောက်**

စက်စက်ယိုကျေးရွာတွင် လက်ရှိအချိန်အထိ ဆံရစ်ဝိုင်းဓလေ့ကို ထိန်းသိမ်းထားသည့် ကျောင်းသား ကျောင်းသူအရွယ် ၅၀ ကျော်ရှိပြီး အသက်နှစ်နှစ်၊ သုံးနှစ်အရွယ်မှစ၍ ၁၅ နှစ်၊ ၁၆ နှစ်အရွယ်အထိ ထိန်းသိမ်းထားကြကာ အမျိုးသမီးများအနေဖြင့် အသက် ၂၀ ကျော်သည်အထိ ရိုးရာဓလေ့မပျောက်ကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြကြောင်း ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးထွန်းခင်က ပြောကြားသည်။

စက်စက်ယိုကျေးရွာလေးသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့နယ်အကြား ညောင်ဦးမြို့နှင့် ၂၁ မိုင်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မော်တော်ယာဉ်ဖြင့်သာ သွားလာရေး ပိုမိုအဆင်ပြေမည်ဖြစ်သည်။

**နွေးထွေးပျူငှာစွာ ကြိုဆို**

စက်စက်ယိုရွာလေးကို ၁၂၇၀ ပြည့်နှစ်က စတင်၍ ကျေးရွာတည်ထောင်ခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၁၇၇ လုံးနှင့် လူဦးရေ ၈၅၆ ဦး နေထိုင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကျေးရွာရှိ ဆံရစ်ဝိုင်းယဉ်ကျေးမှုကို လာရောက်ကြည့်ရှုလေ့လာကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများအား နွေးထွေးပျူငှာစွာ ကြိုဆို၍ ဂုဏ်ယူဝင့်ကြွားစွာ ဖော်ထုတ်ပြသလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-သန့်ဇင်**














# သူပြောလာသည့် လွတ်လပ်ရေးဖခင်ကြီးအကြောင်းနှင့် ပထမဦးဆုံးလွတ်လပ်ရေးနေ့

**သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်အား တွေ့ဆုံ၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အကြောင်းနှင့် ပထမဦးဆုံး လွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်းတို့နှင့်ပတ်သက်၍ မေးမြန်းထားသည်များကို ထုတ်နုတ်တင်ပြလိုက်ပါသည်။**

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ နန္ဒာဝင်း၊ ဓာတ်ပုံ - ဗိုးထောင်**



ဟံသာဝတီ ဦးအုန်းကြိုင်

**(ယမန်နေ့မှအဆက်)**

**မေး။ ။ အဘ ဗိုလ်ချုပ်နဲ့သတင်းလိုက်တဲ့အခါမှာ မြင်တွေ့ရတဲ့ ဗိုလ်ချုပ်ရဲ့ ပကာသနမပါတဲ့ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး မှတ်မိသလောက် ပြောပြပေးပါ။**

## ရိုးရိုးရှင်းရှင်းဗိုလ်ချုပ်

**ဖြေ။** ။ ကျွန်တော်ဆို ဖြစ်ကတတ်ဆန်း ဝတ်တတ်တယ်၊ အဝတ်အစား သိပ်လည်း မမက်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ သူ့ကို မမီပါဘူး။ ကျွန်တော်တို့ထက် သူက ပိုဆိုးတယ်။ ဘာမှဆို ဘာမှမက်တဲ့သူမျိုး မဟုတ်ဘူး။ အိမ်မှာနေရင် အောက်က စစ်ရောင်စွပ်ကျယ်လက်ပြတ်လေးဝတ်ကာ အညာဖျင်ပုဆိုးနဲ့ တိုတိုတုတ်တုတ်ဝတ်ပြီး နေတတ်တဲ့သူ။ ဘာအလုပ်မှ မရှိဘူးဆိုရင် ပေါက်တူးဆွဲပြီး ခြံထဲဆင်း မြေပေါက်နေတယ်။ ချဉ်ပေါင်ပင်စိုက်တယ်။ ရုံးပတီပင်စိုက်တယ်။ ခရမ်းသီးစိုက်တယ်။ အဲဒီလိုလျှောက်လုပ်နေတယ်။ ဘာမှဟိတ်ဟန်ထုတ် အဆောင်အယောင်မရှိဘူး။ ပြောမယ်ဆိုရင် ဗိုလ်ထွန်းလှတို့၊ ဒေါ်ခင်ကြည်တို့ အင်မတန်တိုက်တွန်းတော့မှ ဝတ်တာပါ။

တစ်ခုတော့ရှိတယ်။ ၁၉၄၇ ခုနှစ် ဇွန်လ ၁၇ ရက်နေ့မှာ ရန်ကုန်မြို့တော်ခန်းမ စင်ဝင်ပေါ်ကနေ ရှေ့မှာရှိတဲ့ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်မှာရှိတဲ့ လူထုကို သူ မိန့်ခွန်းပြောတယ်။ နောက်ပြီး တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးတက်တယ်။ အဲဒီနေ့မှာ သူဝတ်တာ အလှဆုံး၊ နောက်ပြီး လုပ်ကြံခံရတဲ့နေ့မှာ ဝတ်တာအလှဆုံး။

အဲဒီတုန်းက မန္တလေးပိုးလုံချည်တောင်ရှည် ရွှေဖလားရောင်ကို ဝတ်တယ်။ ရှူးဖိနပ်ကို ပြောင်လက်နေအောင် တိုက်ပြီး စီးတယ်။ မောင့်ကျက်သရေ ခေါင်းပေါင်း ဆောင်းတယ်။ ဖက်ဖူးရောင်လေး၊ အင်္ကျီက ပိုးအဖြူအင်္ကျီဝတ်ထားတယ်။ တောင်ရှည်ပုဆိုးကို လက်နဲ့ ပိုက်ပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့ လမ်းလျှောက်တယ်။ ဒါမှတ်တမ်းထဲလည်း ရှိပါတယ်။ အဲဒီအချိန်တစ်ချိန်နဲ့ လုပ်ကြံခံရမယ့်နေ့ အိမ်က ထွက်လာတော့ မန္တလေးပိုးလုံချည် အဝါနုရွှေဖလားရောင်နဲ့ အပေါ်အင်္ကျီတိုက်ပုံ အဖြူလေး ဝတ်ထားတယ်။ ကြော့နေတာပဲ၊ အဲဒီနေ့က။ ဆံပင်ကလည်း ညှပ်ပြီးခါစ၊ အဲဒီလို လာတာတွေ့ရတယ်။ အဲဒီနှစ်ရက်ပဲ သန့်သန့်ရှင်းရှင်းပြောင်ပြောင်လက်လက် ဝတ်တာ ကျုပ်တွေ့ရတယ်။


ကျန်တာ ဖြစ်သလိုပဲနေတယ်။ အဝတ်အစား အပေါ်မှာ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်က ဝတ်ဖို့ အချိန်မရှိဘူး။ ဆက်တိုက်အလုပ်များတယ်။ တိုင်းပြည်အတွက် ၂၄ နာရီလုံး သူစဉ်းစားပြီး အလုပ်လုပ်နေရတယ်။ သူ့ကြည့်လိုက်ရင် နားနေတယ် မထင်နဲ့၊ ကုလားထိုင်ပေါ်မှာ ခြေထောက်တစ်ချောင်း ထောင်ထိုင်ပြီး ငိုင်နေတယ်။ စိတ်ညစ်လို့ တွေဝေနေတယ်မထင်နဲ့၊ သူစဉ်းစားနေတာ။ ပြီးရင် အစီအစဉ်တွေကို သူကောက်ပြီး အကောင်အထည်ဖော်တာပဲ။

ဗိုလ်ချုပ်ရဲ့ပုံစံ၊ ဗိုလ်ချုပ်ရဲ့ဟန်က လှလှပပ တန်ဆာဆင်ဖို့လည်း အချိန်မရှိပါဘူး။ အချိန်နဲ့အမျှ တိုင်းပြည် လွတ်လပ်ရေးအတွက်ပဲ သူစဉ်းစားတယ်။ လွတ်လပ်ရေးအတွက်ပဲ သူ့ခေါင်းထဲမှာရှိတယ်။ ကျန်တာမရှိဘူး။ ဒါကြောင့်လည်း အမျိုးသားသူရဲကောင်း ဖြစ်တာပေါ့။ National Hero ဆိုတာ သာမန်လူမဖြစ်ပါဘူး။ ဒီနေရာကို လိုချင်လို့လည်း မရကြပါဘူး။ ကိုယ်ကျိုးစွန့် အနစ်နာခံတယ်။ တကယ်တမ်းလုပ်ကြည့်ရင် အင်မတန်ရှားပါတယ်။ နိုင်ငံ့ခေါင်းဆောင် အမျိုးသားသူရဲကောင်းဖြစ်ဖို့ဆိုတာ စွန့်ခြင်းကြီးတွေနဲ့ပြည့်စုံမှဖြစ်တယ်လို့ ကျွန်တော် ပြောချင်တယ်။ အဲဒီလို ကိုယ်ကျိုးမဖက် အနစ်နာခံပြီး စွန့်လွှတ်သွားတဲ့ ပုဂ္ဂိုလ်၊ သူမတူတဲ့သူ အစားထိုးမရတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှာ လှလှပပဝတ်ဖို့ အချိန်မရှိခဲ့ဘူး။

**မေး။ ။ ဒီနေ့ခေတ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပဲပြုတ်နံပြားရရင် စားချင်တယ် ဆိုတဲ့ စကားကလည်း ဗိုလ်ချုပ်ရဲ့ အစားအသောက် အနေအထိုင်ရိုးရှင်းပုံကို ဖော်ပြနေတယ်။ အဲဒီအပေါ် မှတ်မိသလောက်လေး ပြောပြပေးပါ။**

## ထမင်းကြမ်းနဲ့ ပဲပြုတ်ကြိုက်သူ ဗိုလ်ချုပ်

**ဖြေ။** ။ ဒီကိစ္စမှာပြောချင်တယ်။ သမိုင်းမှာ အမှန်ဖြစ်ချင်တယ်။ ဗိုလ်ချုပ်က အညာသားဗျ၊ ရိုးသားတယ်။ ပွင့်လင်းတယ်။ စင်ကြယ်တယ်။ အဲဒီအတွက် စားတာသောက်တာလည်း ဒီအတိုင်းပဲ ရိုးရိုးသားသားပဲရှိတယ်။ သူများလို ဟိုတယ်က ကိတ်မုန့်စားချင်တယ်။ စင်ကာပူက ရေခဲမုန့်စားချင်တယ်လို့ ပြောတဲ့သူမျိုးမဟုတ်ဘူး။ ဗိုလ်ချုပ်ပြောတာက "ကြည်ရေ ဒီအချိန်မှာ ထမင်းကြမ်းနဲ့ ပဲပြုတ်လေးကို ပဲဆီလေး ဆမ်းပြီး စားရရင်ကောင်းမယ်" လို့ရေးပြီး အောက်က အောင်ဆန်းလို့ လက်မှတ်ရေးထိုးတယ်။ ဟော့ကောင် ထွန်းလှ ရော့ မင်းအစ်မသွားပေးဆိုပြီး သွားပေးခိုင်းတယ်။ အဲဒီအချိန် ကျွန်တော်ဘေးမှာရှိတယ်။ ဒေါ်ခင်ကြည်က ကြွေရည်သုတ်ဇလုံထဲမှာ ပဲပြုတ်နဲ့ ထမင်းကြမ်းနယ်ပြီး အဲဒီတုန်းက အခုစားနေတဲ့ ဇွန်းတွေ မပေါ်သေးဘူး။ မရှိသေးဘူး။ စစ်အတွင်းက လေယာဉ်ပျက်တွေ၊ သတ္တုတွေကို အရည်ကျိုပြီး မြေကြီးပေါ်မှာ ပုံသွန်းပြီး လောင်းရတဲ့ဇွန်းတွေ၊ အဖုအထစ်တွေနဲ့ အဲဒီလိုဇွန်းမျိုး တပ်ထားတယ်။ အဲဒါနဲ့ခပ်စားတယ်။ စောစောကပြောတဲ့ ဘုရင်ခံအိမ်က ဖိတ်ကြားလို့သွားတယ်။ အင်္ဂလန်က ဗြိတိသျှနန်းရင်းဝန်အက်တလီက ဗမာပြည်ရဲ့ အနာဂတ်အရေး ဆွေးနွေးချင်လို့ အောင်ဆန်းနဲ့တကွ ခေါင်းဆောင်တွေကြွပါဆိုလို့ သူသွားဖို့အစည်းအဝေးလုပ်တာ။ ဘုရင်ခံအိမ်က ပြန်လာလာချင်း အင်္ကျီလေးချွတ်၊ ကမန်းကတန်း ထိုင်ပြီး အစည်းအဝေးလုပ်တယ်။ EC ခေါ်တယ်။ ကက်ဘိနက်ခေါ်ပြီး ဆွေးနွေးတယ်။ ကျွန်တော်ရှိတယ်။



ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူ




**တိုင်းပြည်အတွက် ၂၄ နာရီလုံး သူစဉ်းစားပြီး အလုပ်လုပ်နေရတယ်။ သူ့ကြည့်လိုက်ရင် နားနေတယ် မထင်နဲ့၊ ကုလားထိုင်ပေါ်မှာ ခြေထောက်တစ်ချောင်း ထောင်ထိုင်ပြီး ငိုင်နေတယ်။ စိတ်ညစ်လို့ တွေဝေနေတယ်မထင်နဲ့၊ သူစဉ်းစားနေတာ။ ပြီးရင် အစီအစဉ်တွေကို သူကောက်ပြီး အကောင်အထည်ဖော်တာပဲ။**

အဲဒီအချိန်မှာ သူကောက်ရေးတဲ့စာ ဖြစ်ပါတယ်။ သူထိုင်တဲ့ကုလားထိုင်တောင် စစ်အတွင်းက သိမ်းထားတဲ့ ကြိမ်ကုလားထိုင်၊ ဆက်တီ နှစ်ယောက်ထိုင်ခုံ ဖြစ်ပါတယ်။ တစ်ဖက်ထိုင်ခုံက ပေါက်နေတယ်။ ဘာမှ ခမ်းခမ်းနားနား မရှိဘူး။

**မေး။ ။ ဗိုလ်ချုပ်နဲ့ သတင်းထောက်တွေနဲ့ ဆက်ဆံရေးကို ပြောပြပေးပါ။**

ဖြေ။ ။ ဗိုလ်ချုပ်က သတင်းစာကို အင်မတန် လေးစားတယ်။ သတင်းထောက်တွေကို အင်မတန် ခင်တွယ်တယ်။ ချစ်ခင်တယ်။ ညီအစ်ကိုလိုပဲ ပွင့်ပွင့်လင်းလင်းဆက်ဆံတယ်။ အစည်းအဝေးသွားမယ်၊ သူတစ်ခုခု ဆောင်ရွက်တော့မယ်ဆိုရင် ကြိုပြီးပြောတယ်။ "ခင်ဗျားတို့ လိုက်မလား၊ မလိုက်နိုင်ရင် စောင့်နေ၊ ကျုပ်ပြန်လာရင်ပြောမယ်" ဆိုပြီး သူပြန်ပြီးတဲ့နောက် တယ်လီဖုန်းဆက်ခေါ်ပြီး သူဆောင်ရွက်ခဲ့တာတွေကို ပြောတာပဲ။ ကျွန်တော်တို့က လိုက်မယ်ဆိုလည်း လိုက်သွားတာပဲ။ ဗိုလ်ချုပ်က ကျွန်တော်တို့ သတင်းစာသမားတွေကို အမြဲလက်တွဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ သတင်းမီဒီယာကို လက်တွဲရမှာ ဖြစ်ပါတယ်။ ဒီတန်ဖိုးကို ဗိုလ်ချုပ် နားလည်တယ်။ ဒါမှလည်း သူ့ဆောင်ရွက်ချက်တွေကို ပြည်သူသိမှာ။ သတင်းစာသမားက ပြည်သူသိအောင် ဖော်ဆောင်ပေးရတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ ဗိုလ်ချုပ်က ဒါကို နားလည်တယ်။

ကျွန်တော်တို့နဲ့ ဗိုလ်ချုပ်နဲ့တွေ့တဲ့ အရေးကြီးတဲ့ Press Conference ၁၂ ကြိမ်၊ ၁၃ ကြိမ်လောက်ပဲရှိမယ်။ ကျန်တာက သွားရင်းလာရင်း ဒီလိုပဲ ပြောသွားကြတာ ဖြစ်ပါတယ်။ နောက်ဆုံး သတင်းစာအပိုင်းကတော့ လွတ်လပ်ရေးရတော့မယ့်ကာလလည်း ဖြစ်တယ်။ အင်္ဂလန်မှာ ဆွေးနွေးနေတဲ့ကာလလည်းဖြစ်တဲ့အတွက် ဒီအခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ပဲ သူရှင်းပြတာပါ။ အားလုံးက အောင်မြင်နေပါပြီ။ အဲဒီကာလပဲ ဖြစ်ပါတယ်။

**မေး။ ။ ဗိုလ်ချုပ်နဲ့ သတင်းလိုက်တဲ့အချိန်က မှတ်မှတ်ရရ အတွေ့အကြုံလေးရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ ပင်လုံသွားတဲ့အချိန် ဗိုလ်ချုပ်ကားပေါ်မှာ ဦးပုလေးပါတယ်။ အမေရိကန်စစ်တပ်ကပေးတဲ့ သူ့ရဲ့ဘက်ဖို့ကားလေးဆိုတော့ သိပ်ပြီး လူပါလို့မရဘူး။ ကျွန်တော်တို့က သတ်သတ်နောက်က လိုက်ရတယ်။ ဦးပုလေးကတော့ သူနဲ့ မပြတ်ကပ်ပါတယ်။ မြို့တွေရောက်တဲ့အခါ ဗိုလ်ချုပ်ရောက်တဲ့မြို့တွေက ဖဆပလအဖွဲ့တွေ၊ အစိုးရအဖွဲ့တွေက ဗိုလ်ချုပ်ကို ကြိုဆိုကြတယ်။ ဧည့်ခံကြတယ်။ သူတို့ခေါ်တာကို မလိုက်ဘူး။ ဖိတ်တာကို လက်မခံဘူး။ ကျွေးတာကို မစားဘူး။ သူစားချင်တဲ့နေရာမှာ ကားရပ်ပြီး ဝယ်စားတယ်။ အဲဒီလို ပုဂ္ဂိုလ်။ ကျွန်တော်တို့ကိုလည်း ဝယ်ကျွေးတယ်။

ဒီလိုနဲ့ တောင်ကြီးရောက်တယ်။ တောင်ကြီးမှာ ဗိုလ်ချုပ်စကားပြောဖို့ လူထုအစည်းအဝေးပွဲ လုပ်ထားပေမယ့် မပြောဘူး။ တောက်လျှောက် ပင်လုံသွားတာပဲ။ ဆိုတော့ ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်က ဒီဟာတစ်ခုဆို ဒီဟာတစ်ခုပဲ သူ ဦးတည်ချက်ထားတယ်။ သူဟာ မရမချင်း နောက်မဆုတ်တဲ့သူ။ ကျန်တာ သူဘာမှ မငဲ့ဘူး။ လူလည်း အားမနာတတ်ဘူး။ သူသွားမယ့် ဦးတည်ချက်လမ်းကြောင်း ရောက်အောင် သူသွားတယ်။ အဲဒါတော့ ကျွန်တော်တို့ မှတ်တမ်းတင်ထိုက်တဲ့ပုဂ္ဂိုလ်၊ အားနာလို့ ဝင်ရတာ၊ စားရတာတွေ မရှိဘူး။ မလိုက်လျောဘူး။ သူလုပ်ချင်တာကို တိတိကျကျလုပ်တယ်။ ပြောစရာရှိလည်း ပြတ်ပြတ်သားသား ပြောတယ်။ အဲဒီလိုပဲ ကျွန်တော်တို့နဲ့ဆက်ဆံတဲ့ ကာလတစ်လျှောက်လုံးမှာ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်း စကားပြောတယ်။ ကျွန်တော်တို့ကလည်း သူ့ကို ပွင့်ပွင့်လင်းလင်းပြောတယ်။

**စာမျက်နှာ ၁၃ သို့**

# သင်ကြားရေးဆိုတဲ့ ပညာ၊ ဆရာအတတ်ပညာက အမျိုးသမီးကသာ ပိုပြီးသင့်တော်တဲ့ အတတ်ပညာတစ်ခုဖြစ်တယ်ဆိုတဲ့ အယူအဆက နိုင်ငံတော်တော်များများမှာ အခုကစပြီး ကိန်းအောင်းနေတာ ရှိပါတယ်

အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင် ဒေါက်တာဝင်းအောင်

## ပညာရေးတွင် ဆရာများ၏အခန်းကဏ္ဍနှင့် အမျိုးသားဆရာ တိုးမြှင့်ခန့်ထားရေးစကားဝိုင်း ကျင်းပ

သတင်း-နန္ဒာဝင်း၊ ဝင်းဝင်းမော်
ဓာတ်ပုံ- ဝင်းဝင်း

**ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍနှင့် အမျိုးသားဆရာတိုးမြှင့်ခန့်ထားရေး စကားဝိုင်းဆွေးနွေးပွဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာသန်းဦး၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဝင်းအောင်နှင့် ဦးထွန်းလှ၊ ရန်ကုန်တိုင်းဒေသကြီး အလက(၉) အင်းစိန် ကျောင်းအုပ် ဦးစိုးထွန်းထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး အထက (၄) သဃ်န်းကျွန်းမှ အထက်တန်းပြဆရာ ဦးလင်းလင်းထိုက်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပဉ္စမနှစ်ကျောင်းသား မောင်အားမာန်ထက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**



(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး**။ ။ လက်ရှိကျောင်းတွေမှာဆိုရင် ဆရာတွေ နည်းပါးနေတဲ့အတွက် ဘယ်လိုအခက်အခဲတွေရှိနေလဲ ဆိုတာရယ်၊ သင်ကြားရေးမှာ ဆရာတို့ ကြုံတွေ့ရတဲ့ အခက်အခဲလေးတွေ ရှိရင် ပြောပြပေးပါ။

**ဦးစိုးထွန်းထွန်းနိုင်**။ ။ ကျွန်တော် အရင်ဆုံးဆွေးနွေးချင်တာက သင်ကြားရေးအပိုင်းပါ၊ အမျိုးသားဆရာတွေကတော့ အားလုံးသိကြတဲ့အတိုင်း အမျိုးသမီးဆရာမတွေထက်စာရင် Class Control ပိုပြီး သြဇာကြီးမားပါတယ်။ ဆရာမတွေကတော့ အမျိုးသားတွေထက် အားသာချက်က မိခင်စိတ်ပါပဲ။ ကျွန်တော်တို့ အမျိုးသားတွေထက် အများကြီးရှိပါတယ်။ ကျောင်းသားကျောင်းသူတွေကို ထိန်းကွပ်တဲ့အခါမှာလည်း မိခင်စိတ်က အများကြီးရှိပါတယ်။ ဒါပေမယ့် တစ်ဖက်က ပြန်ကြည့်ရင် Class Control လို့ပြောမလား၊ သြဇာတိက္ကမလို့ ပြောမလား၊ ကလေးတွေကို နိုင်နင်းမှု၊ ကလေးတွေအနေနဲ့ ပြောစကားနားထောင်မှုက အမျိုးသားဆရာတွေရဲ့စကားတွေ လိုပါတယ်။ ကျောင်းတွေမှာ စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်တဲ့နေရာမှာလည်း အမျိုးသားဆရာတွေ အများကြီးလိုအပ်ပါတယ်။ ဆရာတစ်ယောက်ပြောလိုက်တဲ့ စကားနဲ့ အမျိုးသမီးဆရာမတစ်ယောက် ပြောလိုက်တဲ့ စကားက စကားအောင်တာချင်း မတူပါဘူး။ သင်ကြားရေးမှာလည်း ယနေ့ခေတ်က ဘက်စုံဖွံ့ဖြိုးရေးသွားနေတာ။ ဗလငါးတန်ကိုသွားတဲ့အခါ ဒါသင်၊ ဒါကျက်နဲ့ မရတော့ပါဘူး ။ ကလေးတွေဆီက Creative Thinking ဝေဖန်ဆုံးဖြတ်တာလေးတွေက ဆွဲထုတ်တဲ့အခါမှာလည်း အမျိုးသားဆရာတွေက အမျိုးသမီးဆရာတွေထက် ပိုသင့်တော်တယ်လို့ မြင်မိတယ်။ ဒါကလည်း ကျောင်းတွေမှာ အမျိုးသားဆရာတွေ မရှိတဲ့အတွက် သင်ကြားရေးမှာ ထင်သလောက် မအောင်မြင်တာကို တွေ့ရတာကတော့ ဒါသင်၊ ဒါကျက် အနေအထားပါ၊ အဲဒါက သင်ကြားရေးအပိုင်းပါ။

### အမြဲတမ်းခံစားမိ

ထပ်ပြီးဆွေးနွေးချင်တာက ကျွန်တော်တို့ကျောင်းတွေမှာ ဘက်စုံဖွံ့ဖြိုးရေးလုပ်တယ်၊ ဗလငါးတန်လုပ်တယ်၊ အမျိုးသမီးဆရာမတွေ အားတက်သရော လုပ်သော်လည်း အမျိုးသားဆရာတွေလောက် ခရီးမရောက်ဘူး။ တစ်ဖန် မြန်မာ့အားကစားပွဲတွေကိုကြည့်ပြီး ဘောလုံးပွဲတွေကြည့်တယ်ဆိုရင် အမြဲတမ်း ခံစားမိတာက ကျောင်းတွေမှာ အမျိုးသားဆရာတွေ မရှိလို့သာ နိုင်ငံရဲ့အားကစားတွေ နိမ့်ကျနေတာလားလို့ စဉ်းစားမိတယ်။ ဝါသနာပါတဲ့ ဆရာမတွေ ရှိသော်ငြားလည်း အမျိုးသားတွေလောက် မသွားဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ အားကစားအဆင့်အတန်း မြင့်မားဖို့ဆိုတာလည်း အမျိုးသားဆရာတွေ ကျောင်းတွေမှာ ရှိခြင်း၊ မရှိခြင်းနဲ့ သက်ဆိုင်တယ်လို့ မြင်မိတယ်။

**အစီအစဉ်မှူး**။ ။ လက်ရှိမှာ အမျိုးသားဆရာဦးရေ နည်းပါးတယ်၊ ဒီလိုနည်းပါးတာ ဘာကြောင့်ဆိုတာ ဆရာရဲ့ အမြင်လေး သုံးသပ်ပေးပါ။

**ဦးလင်းလင်းထိုက်**။ ။ ကျောင်းတွင်းမှာ သင်ကြားရေးအပိုင်းရှိတယ်။ ဆရာအချင်းချင်း ပေါင်းသင်းဆက်ဆံရေး အပိုင်းရှိတယ်။ ဆရာတပည့် ဆက်ဆံရေးအပိုင်းရှိတယ်။ ဆရာနဲ့ ကျောင်းအုပ်ကြီး၊ အထက်လူကြီးဆက်ဆံရေးအပိုင်းတွေ ရှိတယ်။ အဲဒီအပိုင်းတွေက ချောမွေ့ဖို့ လိုတယ်။ တချို့ပြောခဲ့တယ်။ ဆရာ အင်အားတွေ ကျလာတယ်ဆိုတဲ့အပိုင်းမှာ တချို့ကျောင်းတွေဆိုရင် အမျိုးသားဆရာက နှစ်ယောက်လောက်ပဲ ရှိတယ်။ အများအားဖြင့်က ဆရာမတွေပဲ များတယ်။ လက်ရှိအနေအထားကို ကျွန်တော့်အတွေ့အကြုံနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ကျောင်းတွင်း အနေအထား၊ ဆရာတစ်ယောက်ရဲ့ ရပ်တည်ရှင်သန်မှု၊ Future Process တွေကိုလည်း ထည့်သွင်းစဉ်းစားရမယ်။ ပြောလေ့ပြောထရှိတာက အမျိုးသားတွေက အိမ်ထောင်ဦးစီးတွေဖြစ်တဲ့အတွက်ကြောင့် မိသားစုက အားကိုးလောက်တဲ့ ဝင်ငွေတစ်ခုရှိဖို့လိုတယ်။ ဒါက ဆရာအများစုမှာပြောလေ့ပြောထရှိတယ်။ တို့တစ်တွေက ဝင်ငွေနည်းပါးတယ်၊ မိသားစုက မှီခိုနိုင်တဲ့ အနေအထား မရှိဘူး။ ဒါကလည်း ဆရာတွေ အလုပ်ခွင်ကနေ ပြောင်းလဲထွက်ခွာရတဲ့ အကြောင်းရင်းတစ်ခုလည်း ဖြစ်နိုင်တယ်။

### ဆရာတွေကို ပိုထိန်းထားနိုင်မယ်

နောက်တစ်ခုက ဝါသနာပါပေမယ့် ကျောင်းထဲမှာ စွဲစွဲမြဲမြဲ မနေတဲ့အပိုင်းတွေလည်း ရှိတယ်။ ကျောင်းတွင်းရဲ့ ပတ်ဝန်းကျင်က ဟိုအရင်တုန်းကရှိခဲ့တဲ့ ပတ်ဝန်းကျင်နဲ့ ကွာလာတာတော့ သေချာတယ်။ အရင်တုန်းကဆိုရင် ဆရာတစ်ယောက် စာသင်ခန်းထဲ ရောက်သွားတာနဲ့ အပြင်ကရောက်ခဲ့တဲ့ စိတ်သောကက စာသင်ခန်းထဲမှာပင် ပြေပျောက်သွားတယ်။ အခုနောက်ပိုင်းခေတ်ကျတော့ စာသင်ခန်းကနေ ဝေးဝေးကို ထွက်ပြေးရတော့မှ စိတ်သောကပြေပျောက်သလိုဖြစ်တဲ့ပုံစံမျိုး ခံစားလာရတယ်။ ဒါကလည်း ဆရာ တပည့်ရဲ့ သက်ရောက်မှုတွေ အများကြီးပါလာပါတယ်။ ဒီအပိုင်းတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုရင် ဆရာတွေကို ပိုထိန်းထားနိုင်မယ်လို့ထင်တယ်။

**အစီအစဉ်မှူး**။ ။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးတဲ့အခါ ရွေးချယ်စရာ လမ်းကြောင်းအများကြီးထဲကမှ ဒီကျောင်းဆရာအလုပ်ကို ရွေးချယ်လျှောက်လှမ်းဖြစ်ခဲ့ပုံလေး ပြောပြပေးပါ။

**မောင်အားမာန်ထက်**။ ။ ဘာကြောင့် ရွေးချယ်ဖြစ်ခဲ့သလဲ ဆိုတဲ့မေးခွန်းကို အရှင်းဆုံး စကားလုံးနဲ့ပြောရရင် အိပ်မက်ပါပဲ။ ငယ်ငယ်လေး ကတည်းက ဖြစ်ချင်တဲ့ အိပ်မက်တစ်ခုပါ။ ငယ်ငယ်တုန်းကတော့ ကျောင်းဆရာမဟုတ်ပါဘူး။ စာသင်ချင်တာ၊ ကျွန်တော်က ကျွန်တော့်မိဘတွေရဲ့ အလုပ်အကိုင်ကြောင့် ကျောင်းတွေ အများကြီး ပြောင်းရတယ်။ အခြေခံပညာမှာ ခုနစ်ကျောင်းလောက်ပြောင်းခဲ့ရပေမယ့် ၁၀ တန်းအထိ ဆရာဆိုတာ တစ်ယောက်ပဲ တွေ့ခဲ့တယ်။ ဆရာရဲ့ ပုံရိပ် ပျောက်ကွယ်နေတယ်။ ကျွန်တော့်ရဲ့ စိတ်ထဲမှာ အမျိုးသားဆိုတာ ဆရာ မလုပ်ရဘူးပေါ့။ ကျောင်းဆရာ မရှိဘူးဆိုတဲ့ အတွေးက လေးတန်းလောက်အထိ ဒီလို အတွေးမျိုး ဝင်တယ်။ အခုချိန်အထိ ပညာရေးကျောင်းတွေ၊ အဆင့်မြင့်ပညာရေးကျောင်းတွေ သင်လိုက်ရတော့ အလွန်သဘောကျတယ်။ ဆရာဝါသနာပါတဲ့ ကလေးတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ တုပခြင်းပေါ့ ။ ပစ္စည်းပစ္စယတွေရှေ့မှာ ချပြီး တုတ်တစ်ချောင်းနဲ့ ငယ်ငယ်က စာသင်တာပေါ့။ ဒါကို အိမ်ကမြင်တဲ့အခါ ကျွန်တော့်ရဲ့အိပ်မက်ကို အားပေးပါတယ်။ ကျွန်တော်ကလည်း ဖြစ်ချင်တာကို ပြောပြပါတယ်။ ကျွန်တော် အမြဲတမ်း ကန်ကျောက် ငြင်းတာက ဒီလို အဖြူအစိမ်းဝတ်ပြီး စာသင်တဲ့ ဆရာ မရှိဘူးပေါ့။ လေးတန်းလောက်အထိ အဲဒီလို မြင်ခဲ့တာ။ ဒါက ဆရာရဲ့ ပုံရိပ်ကို ငယ်ဘဝမှာ ပျောက်ကွယ်ခဲ့ရတဲ့အကြောင်းရင်း တစ်ခုပါ။

တက္ကသိုလ်ဝင်တန်းအောင်တဲ့အခါ ပညာရေး တက္ကသိုလ် လျှောက်တော့ မမီခဲ့ဘူး။ ပညာရေးကောလိပ်ကို လျှောက်တယ်။ အဲဒီလို လျှောက်တဲ့အခါကျတော့ ကျွန်တော့်ရဲ့ပတ်ဝန်းကျင်က ၁၀ တန်းအောင်တယ်ဆိုတော့ စပ်စုကြတယ်။ ဂုဏ်ထူးတွေလည်း ပါတယ်။ ဘာလျှောက်သလဲ။ ပညာရေးကောလိပ် လျှောက်တယ်ဆိုတော့ သူတို့ဆီကနေ အံ့သြတဲ့၊ ဝမ်းနည်းကြေကွဲတဲ့ အာမေဋိတ်တွေ ထွက်လာကြတယ်။ ဝိဇ္ဇာ၊ သိပ္ပံနဲ့ ပြိုင်လျှောက်တာ တက္ကသိုလ်တော့ မတက်ချင်ဘူး။ ကျောင်းဆရာဖြစ်ချင်တယ်၊ အခြေခံမှာ ဆရာ မဖြစ်ရရင် တက္ကသိုလ်မှာ ဆရာ ဖြစ်ရမယ်။

ဝိဇ္ဇာ၊ သိပ္ပံကနေ ဆက်သွယ်တော့ ဘူမိဗေဒကို သဘောကျတယ်၊ လေ့လာရေးတွေ ဘာတွေ ထွက်ရမယ်ဆိုတော့ သဘောကျတာပေါ့။ ဘူမိဗေဒ လျှောက်ပြီး တစ်ပတ်လောက်ကြာတော့ ကောလိပ်ဝင်ခွင့် ရတယ်။ နှစ်ဖက်စလုံးက ကြိုးစားရင်တော့ ဆရာဖြစ်မယ်။ ဝိဇ္ဇာ သိပ္ပံကနေ မာစတာတက်မယ်၊ ဝင်ခွင့်အောင်ရင် ကျူတာဖြစ်မယ်၊ ဒီဘက်ကလည်း ကလေးတွေ သင်ရမယ့် ဆရာဖြစ်မယ်။ ကျွန်တော့်ရဲ့ စိတ်အတိုင်းက ပညာရေးကောလိပ်တက်ရင် မူလတန်းပြဖြစ်မယ်၊ ဟိုဘက်ကတော့ ကြိုးစားရင် မြို့ကြီးပြကြီးမှာ ကျူတာဖြစ်မယ်။

> **ကျောင်းတွေမှာ စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်တဲ့နေရာမှာလည်း အမျိုးသားဆရာတွေ အများကြီးလိုအပ်ပါတယ်။ ဆရာတစ်ယောက်ပြောလိုက်တဲ့ စကားနဲ့ အမျိုးသမီးဆရာမတစ်ယောက် ပြောလိုက်တဲ့ စကားက စကားအောင်တာချင်း မတူပါဘူး။**

### ဆရာစိတ်ရှိတဲ့သူမှသာ ဆရာခေါ်ထိုက်

အမေကတော့ ဆုံးမတယ်။ ဆရာဆိုတာ ဘယ်နေရာပဲဖြစ်ဖြစ် ဆရာစိတ်ရှိဖို့လိုတယ်။ ဆရာစိတ်ရှိတဲ့သူမှသာ ဆရာခေါ်ထိုက်တယ်။ တက္ကသိုလ်မှာ ဆရာဖြစ်ရင်လည်း ဆရာစိတ်၊ ဆရာဟန်၊ ဆရာမာန်မရှိရင် အလကားပဲတဲ့။ အနန္တောအနန္တငါးပါးဝင်ပေမယ့် ဆိုင်သာဆိုင် မပိုင်တဲ့သူလိုပေါ့လို့ပြောတဲ့အခါကျမှသာ ကျွန်တော်စိတ်ကို ပြင်နိုင်တာ။ အဖေနဲ့အမေပြောတဲ့နေ့ကစပြီး သေတ္တာကြီးမပြီး ကောလိပ်ကို သွားခဲ့တာပါပဲ။ ရွေးချယ်မှုလမ်းကြောင်း အများကြီး ရှိတယ်။ ကိုယ့်ရဲ့ အိပ်မက်ကိုပဲ ရွေးချယ်ခဲ့တယ်။ ပတ်ဝန်းကျင်ရဲ့ သက်ရောက်မှုအတော့်ကို ကြောက်ဖို့ကောင်းတယ်။ ပတ်ဝန်းကျင်နဲ့ ဆွေမျိုးနီးစပ်တွေက ဟာ၊ ဟင် ဖြစ်ကြတယ်။ နားသာ ယောင်ခဲ့လိုက်ရင် ဒီလို ဆရာဘဝရလာမှာ မဟုတ်ပါဘူး။

ပတ်ဝန်းကျင်ရဲ့ သက်ရောက်မှုဆိုတာက ဆရာနိုင်ဇော်ရဲ့ဟောပြောချက်ကို နားထောင်ဖူးပါတယ်။ မိဘစကားကို နားထောင်ရမယ်။ သို့သော် ဘုရားအလောင်းသိဒ္ဓတ္ထ - မိဘက မသွားပါနဲ့ ဘုရင်ဖြစ်မယ်။ စကြဝတေးမင်းဖြစ်မယ်။ မိဘစကားကို နားမထောင်ဘူး။ သို့သော် သုံးလောကထွတ်ထား ဘုရားဖြစ်တယ်။ မိဘစကားကို နားမထောင်ဘူး။ သို့သော် အကောင်းဆုံး ကြိုးစားအားထုတ်နိုင်တဲ့ လုံ့လဝီရိယရှိဖို့ လိုအပ်တယ်။ အဲဒီတုန်းက အမေ့စကားလည်း ထိုနည်းတူ စကားပါပဲ။ ဒါက ဆရာနိုင်ဇော် စကားကိုချိတ်ဆက်တာပေါ့၊

### အောင်မြင်တဲ့သူ ဖြစ်လာမှာပါ

အဲဒီအခါမှာ ဒီကို ရောက်လာတယ်။ ကောလိပ်တက်တယ်။ ကြိုးစားတယ်။ ကောလိပ်တက်တဲ့အခါ အထက်တန်းပြ ဖြစ်ချင်လို့ ကြိုးစားတယ်။ မှန်သောစကားပြောရရင် အထက်တန်းပြဖြစ်ချင်တာထက် ပညာရေးဆိုတာကို ကောင်းကောင်းနားလည်သွားချင်တာ၊ ကောလိပ်ကပေးတဲ့ သင်ရိုး နှစ်နှစ်သင်တန်းက လုံလောက်မှု ရှိတယ်။ သို့သော် သူများတကာ သင်နေတဲ့ ငါးနှစ်သင်တန်းက ဘာတွေများလဲလို့ သိချင်တယ်။ ဒါကြောင့် B.Ed ဘွဲ့ကို ကြိုးစားယူခဲ့တာ။ အခက်အခဲအနေနဲ့က ပတ်ဝန်းကျင်ရဲ့ တိုက်တွန်းမှုကို တွန်းလှန်နိုင်ဖို့အတွက် လူငယ်တွေမှာ သတ္တိရှိဖို့လိုတယ်။ ဆရာဖြစ်ချင်ရင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်။ တကယ်ဖြစ်ချင် တကယ်လုပ်ပါ၊ တကယ်လည်း ကြိုးစားပါ။ ဒါဆို အောင်မြင်တဲ့သူ ဖြစ်လာမှာပါလို့ ဖြေချင်ပါတယ်။

**အစီအစဉ်မှူး**။ ။ အခုလက်ရှိမှာ ဆရာတွေ များပြားဖို့ ဘယ်လိုမူဝါဒတွေ ချမှတ်ဆောင်ရွက်ရမလဲဆိုတာ ပြောပြပေးပါ။

**ဒေါက်တာဝင်းအောင်**။ ။ အခု စကားဝိုင်းမှာ ဆရာကြီးတွေ၊ ဆရာလေးတွေတင်ပြဆွေးနွေးတာကို နားထောင်တဲ့အခါမှာ ကျွန်တော် စဉ်းစားမိတာကိုပြောချင်ပါတယ်။ ပထမဆုံး အမျိုးသားဆရာ ရှားပါးမှုဆိုတဲ့ကိစ္စက မြန်မာနိုင်ငံတစ်ခုတည်းတော့ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲဖြစ်ပါတယ်။ သင်ကြားရေးဆိုတဲ့ ပညာ၊ ဆရာအတတ်ပညာက အမျိုးသမီးကသာ ပိုပြီးသင့်တော်တဲ့ အတတ်ပညာတစ်ခု ဖြစ်တယ်ဆိုတဲ့ အယူအဆက နိုင်ငံတော်တော်များများမှာ အခုကစပြီး ကိန်းအောင်းနေတာ ရှိပါတယ်။ ဒါက နိုင်ငံတော်တော်များများက ဒါကမှားယွင်းနေတဲ့ အယူအဆတစ်ခု ဖြစ်လာပါပြီ။ ဒါကိုဖြေရှင်းရင် ဘယ်လိုကောင်းမလဲလို့ ဆွေးနွေးကြတာ ရှိပါတယ်။ စောစောက ဆရာကြီး ဦးသန်းဦးလည်း ပြောပါတယ်။

သမိုင်းကြောင်းကို ပြန်ကြည့်ရင်၊ ကမ္ဘာ့ဘဏ်ရဲ့ ကိန်းဂဏန်းကို ကြည့်တဲ့အခါမှာလည်း မြန်မာနိုင်ငံမှာ ၁၉၈၀ ပြည့်နှစ်လောက်က အခြေခံပညာမူလတန်းကျောင်းမှာဆိုရင် အမျိုးသမီးဆရာက ၅၅ ရာခိုင်နှုန်းပဲ ရှိတယ်။ အဲဒီကနေ တဖြည်းဖြည်း ပြောင်းလဲလာတာ ၂၀၀၀ ပြည့်နှစ်ရောက်တဲ့အခါ အမျိုးသမီးရာခိုင်နှုန်းက ၇၅ ရာခိုင်နှုန်း တက်လာတယ်။ အဲဒီကနေ ဆရာကြီး ဦးကိုလေးဝင်းတို့ ပြောတယ်။ လက်ရှိမှာ ၈၀ ရာခိုင်နှုန်းကျော် ၈၂ ဒသမ ၅ ရာခိုင်နှုန်းလောက် ဖြစ်တယ်ဆိုတော့ ဒီလိုပြောင်းလဲလာတဲ့ အနေအထားမှာ ပထမဆုံးစပြီး ပြောင်းလဲရမှာက ဆရာအတတ်ပညာဆိုတဲ့ Teaching Profession ကို

စာမျက်နှာ ၁၃ သို့

# ဂျပန်အင်ပါယာနှင့် ဘုရင်မတို့ ထီးနန်းမစွန့်မီ နှစ်သစ်ကူးကြိုဆို

**ကျိုတို ဇန်နဝါရီ ၂**
ဂျပန်အင်ပါယာ အာခီဟီတိုနှင့် ဘုရင်မ မီချိကိုတို့သည် ဧပြီလတွင် ထီးနန်းစွန့်လွှတ်မည်ဖြစ်သည့်အတွက် ပြည်သူများရှေ့မှောက်၌ နောက်ဆုံးအနေဖြင့် နှစ်သစ်ကူးကြိုဆိုတွေ့ဆုံမှုပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဂျပန်အင်ပါယာနှင့် ဘုရင်မတို့အပါအဝင် တော်ဝင်မိသားစုဝင်များက ဇန်နဝါရီ ၂ ရက်တွင် တိုကျိုမြို့ရှိ ဘုရင့်နန်းတော် လသာဆောင်သို့ ခုနစ်ကြိမ်တိုင်တိုင် ထွက်ပြီး ပြည်သူများအားတွေ့ဆုံကာ နှစ်သစ်ကူးကို ကြိုဆိုခဲ့ကြောင်း သိရသည်။

တော်ဝင်မိသားစုအနေဖြင့် ငါးကြိမ်သာ ပြည်သူများရှေ့မှောက်သို့ထွက်ကာ နှစ်သစ်ကိုကြိုဆိုရန် စီစဉ်မှုပြုထားသော်လည်း ပြည်သူများ၏ တောင်းဆိုချက်အရ နောက်ထပ်နှစ်ကြိမ် ထပ်မံတွေ့ဆုံခဲ့ကြောင်း သိရသည်။

ရာသီဥတု သာယာသောနေ့ရက်တွင် ပြည်သူများရှေ့မှောက်ထွက်ကာ နှစ်သစ်ကိုကြိုဆိုရခြင်းအတွက် အလွန်အမင်း ဝမ်းသာမိပါကြောင်း ဘုရင်အာခီဟီတိုက ဆိုသည်။

ထို့ပြင် ဂျပန်ပြည်သူပြည်သားများသာမက ကမ္ဘာသူကမ္ဘာသားများလည်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး နှစ်သစ်မှာ ပျော်ရွှင်နိုင်ပါစေဟု ဘုရင်အာခီဟီတိုက ဆုတောင်းမေတ္တာများပို့သခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၈၅ ဦးထိရှိလာ

**မနီလာ ဇန်နဝါရီ ၂**
ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၈၅ ဦးထိ သေဆုံးမှုနှုန်း မြင့်တက်ခဲ့ကြောင်း အစိုးရ သဘာဝဘေးအန္တရာယ် အေဂျင်စီက ပြောကြားခဲ့သည်။

ဖိလစ်ပိုင် အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ၏ နောက်ဆုံး ထုတ်ပြန်ချက်အရ ဘီကိုဒေသရှိ ခရိုင်ငါးခုမှ ၆၈ ဦးသေဆုံးပြီး မြောက်ပိုင်းရှိ စမာခရိုင်တွင် ၁၃ ဦးသေဆုံးခဲ့ကာ အိုရီယံတယ်မင်ဒိုရိုတွင် သုံးဦးနှင့် လကူနာခရိုင်မှ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ အေဂျင်စီ၏ အမှုဆောင်အရာရှိတစ်ဦးဖြစ်သူ ရီကာဒိုဂျလတ်က ပြောကြားရာတွင် ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ပေးပို့သော သတိပေးချက်များကို လျစ်လျူရှုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်းမရှိသောကြောင့် သေဆုံးသူအရေအတွက် မြင့်မားရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ခန့်မှန်းချက်များကိုသာ ထုတ်ပြန်နိုင်မည်ဖြစ်ပြီး ပြည်သူများအား ဘေးလွတ်ရာသို့ ကယ်ထုတ်မည့် လုပ်ငန်းစဉ်အား ဒေသဆိုင်ရာ တာဝန်ရှိသူများက လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဒီဇင်ဘာ ၂၉ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ ဒေသ ၄၅၇ ခု ထိခိုက်ခဲ့ပြီး လူပေါင်း ၁၉၂၀၀၀(အိမ်ထောင်စု ၄၅၀၀၀) နီးပါး သဘာဝဘေးဒုက္ခများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ဆင်ဟွာ**



# ထိုင်းဘုရင်၏ နန်းတက်ပွဲ မေလတွင် ကျင်းပမည်

**ဗန်ကောက် ဇန်နဝါရီ ၂**
ထိုင်းနိုင်ငံဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ နန်းတက်ပွဲကို ယခုနှစ် မေလတွင် ကျင်းပမည်ဖြစ်ကြောင်း တော်ဝင်နန်းတော်က ပြောကြားသည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင်ဖော်ပြသည်။

ထိုင်းဘုရင်အား တရားဝင်နန်းတင်ပွဲနှင့် နန်းတက်ပွဲကို မေလ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ထိုင်းအစိုးရ ရုပ်မြင်သံကြားသတင်းဌာနက ဇန်နဝါရီ ၁ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မေ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာကာလအတွင်း နန်းတက်ပွဲ အခမ်းအနားနှင့် စစ်ရေးပြချီတက်ခြင်းကို ဗန်ကောက်မြို့ရှိ တော်ဝင်နန်းတော်နှင့် အခြားတစ်နေရာရာတွင် ကျင်းပမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ထိုင်းဘုရင်ဘူမိဘော အဒူလျာဒက်ဂျ် နတ်ရွာစံပြီးနောက် ၎င်း၏သားအကြီးဆုံးက ထီးနန်းကို ဆက်ခံခဲ့သည်။

ထိုင်းနိုင်ငံ၏ ဘုရင်သစ်သည် ထိုအချိန်ကတည်းကပင် နိုင်ငံ၏ ဦးသျှောင်အဖြစ် ထမ်းဆောင်ခဲ့ပြီး ထိုင်းတော်ဝင်နန်းတော်၏ ထုံးတမ်းဓလေ့များ၌ ဦးဆောင်ကာ တရားဝင်စာရွက်စာတမ်းများ၌ လက်မှတ်ရေးထိုးခဲ့သည်။

သို့သော်လည်း ထိုင်းဘုရင်မှာ တရားဝင် နန်းတက်ပွဲ ကျင်းပခြင်းမရှိသေးပေ။

**အင်န်အိတ်ချ်ကေ**

# ရုရှား၌ အထပ်မြင့်အဆောက်အအုံပေါက်ကွဲမှု သေဆုံးသူ ၁၄ ဦးရှိကြောင်း အတည်ပြု




**မော်စကို ဇန်နဝါရီ ၂**
ရုရှားနိုင်ငံအလယ်ပိုင်း၌ ဒီဇင်ဘာ ၃၁ ရက်က အထပ်မြင့်အဆောက်အအုံအတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရှာဖွေကယ်ဆယ်ရေးသမားများက အဆောက်အအုံအပျက်အစီးများအောက်မှ သေဆုံးသူများ၏ ရုပ်အလောင်းများကို ထုတ်ယူလျက်ရှိပြီး သေဆုံးသူ ၁၄ ဦးကို အတည်ပြုနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။

မြို့တော်မော်စကို၏အရှေ့ဘက် ကီလိုမီတာ ၁၇၀၀ (၁၀၅၀ မိုင်)အကွာ ယူရယ်လ်တောင်တန်းဒေသမှ မက်ဂနီတိုဂရော့စ်မြို့မှ အထပ်မြင့် လူနေအဆောက်အအုံတွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သေဆုံးသူ ၁၄ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး လူ ၂၇ ဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

ကလေးငယ်တစ်ဦးအပါအဝင် လူငါးဦးကို အပျက်အစီးများအောက်မှ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ယင်းပေါက်ကွဲမှု ဖြစ်ပွားသည့် အဆောက်အအုံ၌ နေထိုင်သူ ၈၆ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ဘလူချီစတန်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့၏ လေ့ကျင့်ရေးစခန်းကို စစ်သွေးကြွများတိုက်ခိုက်၊ ရှစ်ဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂**
ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်ရှိ ဒေသဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့၏ လေ့ကျင့်ရေးစခန်းကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးနှင့် စစ်သွေးကြွလေးဦးတို့ သေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

ဘလူချီစတန်ပြည်နယ် လိုရာလိုင်ဒေသ စစ်ရဲတပ်ဖွဲ့၏ ရှေ့တန်းတပ်ဖွဲ့လေ့ကျင့်ရေးစခန်းရှိ လူနေအဆောက်အအုံများတည်ရှိရာနေရာသို့ စစ်သွေးကြွများ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ၎င်းစစ်သွေးကြွများက လူနေဒေသ အဓိကဝင်ပေါက်မှ ဝင်ရောက်ရန် ကြိုးပမ်းခြင်းကို လုံခြုံရေးတပ်ဖွဲ့များက တားဆီးခဲ့ရာမှ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်ပြည်သူ့ဆက်ဆံရေးဌာနမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုအတွင်း စစ်သွေးကြွသုံးဦးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လက်နက်ချခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွများအား ရှင်းလင်းမှုပြုလုပ်စဉ်အတွင်း ထောင့်တစ်ထောင့်အတွင်း ရောက်ရှိနေသည့် စစ်သွေးကြွတစ်ဦးက ကိုယ့်ကိုယ်ကိုယ် ဖောက်ခွဲခဲ့သည်။

တိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရခဲ့သော ပါကစ္စတန်စစ်သည်နှစ်ဦးကို ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းသို့မဟုတ် လူပုဂ္ဂိုလ်ကမျှ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

**ဆင်ဟွာ**



# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး သံဃာတော် အပါး ၅၀၀ အား ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူ



**တာချီလိတ် ဇန်နဝါရီ ၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် ချစ်ကြည်ရေးတံတား အမှတ်(၁)၌ နှစ်သစ်ကူးကာလ ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီခွဲက နှစ်နိုင်ငံမှ ဆရာတော်၊ သံဃာတော်နှင့် သီလရှင်များ အပါအဝင် အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူခဲ့သည်။

ဆွမ်းဆန်စိမ်း မလောင်းလှူမီ နံနက် ၅ နာရီတွင် တာချီလိတ်ခရိုင်နှင့် မြို့နယ်စုပေါင်းရုံး၌ မြို့နယ်အတွင်းမှ သံဃာတော်အပါး ၃၀၀ တို့အား အရုဏ်ဆွမ်းဆက်ကပ်ပြီးနောက် ဆွမ်းဆန်စိမ်းစတင်လောင်းလှူမည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အကောက်ခွန်ရုံးသို့ သံဃာတော်များအား ပင့်ဆောင်သည်။

ယင်းနောက် မြန်မာနိုင်ငံ တာချီလိတ်မြို့နယ်နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်အပါအဝင် အပါး ၅၀၀ တို့အား တာချီလိတ်မြို့ ချစ်ကြည်ရေးတံတားထိပ်အနီးရှိ ရွှေတြိဂံအဝိုင်းမှ စတင်၍ စစ်ဗျူဟာအဖွဲ့ (အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများနှင့် ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာများ၊ အလှူရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူကြသည်။

အဆိုပါ မြန်မာ-ထိုင်း နှစ်နိုင်ငံနှစ်သစ်ကူး စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူခြင်းမှာ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

---

■ စာမျက်နှာ ၁၁ မှ

လူတွေမြင်ထားတဲ့ အမြင်သဘောထားကို ပြောင်းလဲဖို့ လိုတယ်။ ဒီလိုပြောင်းလဲနိုင်ဖို့ဆိုရင် ကျွန်တော်ကိုယ်တိုင်ကရော၊ ပညာရေးဝန်ကြီးဌာနကရော ဒီအသက်မွေးဝမ်းကျောင်းမှုဟာ တကယ်ကို မည်သူမဆို ယောကျ်ားမိန်းမမရွေး မည်သူမဆို တကယ်တတ်မြောက်လို့ရှိရင် ဝင်ပြီး လုပ်ကိုင်ဆောင်ရွက်လို့သင့်တဲ့ အသက်မွေးဝမ်းကျောင်းမှုတစ်ခု ဖြစ်ရမယ်ဆိုတဲ့ ပုံစံမျိုးလုပ်ဖို့ လိုပါတယ်။ လက်ရှိမှာလည်း ဒါနဲ့ပတ်သက်ပြီး ဒါကိုပိုပြီးခိုင်မာတဲ့ အသက်မွေးဝမ်းကျောင်းမှုတစ်ခု ဖြစ်အောင်ဆိုပြီး ဆရာများရဲ့ တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်တို့၊ ဘာတို့ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ရေးဆွဲနေတာရှိပါတယ်။ အဲဒါနဲ့အတူ ဘာကိုပြောင်းလဲရမလဲဆိုရင် မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ဆရာတွေရဲ့ လုပ်ငန်းခွင်၊ ရာထူးအဆင့်အတန်း တိုးမြှင့်ရေး သတ်မှတ်ချက်ကိစ္စတွေကို ပြန်ပြီးပြုပြင်ပြောင်းလဲဖို့ လိုမယ်၊ ဒါမှသာလျှင် အမျိုးသားဆရာတွေကို ဒီလုပ်ငန်းက ဦးဆောင်နိုင်မှာ ဖြစ်တယ်။ စောစောက ဆရာလည်း မှတ်ချက်ပေးထားတာရှိတယ်။ လုပ်ငန်းခွင်ဝင်လာပြီးရင် တောင်မှ မမြဲဘူး။ သူက ရာထူးကလည်း မတက်နိုင်တော့ ဒီဟာကိုစွန့်ပြီး အခြားအလုပ်တစ်ခုကို ပြောင်းသွားတဲ့ ဆရာတွေ အများကြီးရှိတယ်။

### ပြဋ္ဌာန်းထားပြီးဖြစ်

ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ပုံစံက တဖြည်းဖြည်းနဲ့ အမျိုးသမီးဆရာမတွေများလာတဲ့ သဘောဖြစ်နေတယ်။ ဒါကြောင့်မို့ အခြေခံပညာပိုင်းရဲ့ ကျောင်းအဆင့် အသီးသီးမှာ တာဝန်ထမ်းဆောင်တဲ့ ဆရာ၊ ဆရာမတွေကို ကျွန်တော်တို့က တစ်တန်းတည်း သဘောထားပြီး ရာထူးအဆင့်သတ်မှတ်ဖို့ လိုပါတယ်။ အမျိုးသားပညာရေးဥပဒေမှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဘာသာရပ်အသီးသီးကို တန်ဖိုးထားပြီး သင်ကြားနေတဲ့ ဆရာများ အချင်းချင်း ခွဲခြားခြင်းမရှိစေရလို့ ပြဋ္ဌာန်းထားတာလည်း ရှိတဲ့အတွက် အဲဒီဥပဒေနဲ့လည်း လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲဖို့ လိုမှာဖြစ်ပါတယ်။ ဒါ့အပြင် ရာထူးအဆင့်အတန်း သတ်မှတ်ရုံတင်မဟုတ်ဘဲ ဒီလမ်းကြောင်းကို ရွေးပြီးရင် အခြား ဘယ်လမ်းကြောင်းတွေကိုရော ရွေးနိုင်သေးသလဲဆိုတဲ့ လမ်းသွယ်လေးတွေကိုလည်း ဆရာတွေရဲ့ အနာဂတ်လုပ်ငန်းအဆင့်အတန်း သတ်မှတ်မှုအပိုင်းမှာ အပြောင်းအလဲလေးတွေ ဖြစ်အောင်၊ လုပ်ချင်တဲ့ဆရာတွေရှိရင်လည်း လုပ်ခွင့်ရအောင် လမ်းသွယ်လေးတွေကိုလည်း ကျွန်တော်တို့က ဖော်ပေးရမှာ ဖြစ်ပါတယ်။ ဒါက သင်ကြားရေးအလုပ်နဲ့ ပတ်သက်ပြီး စဉ်းစားရမယ့် မှုအပိုင်းတွေ ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

---

✪ စာမျက်နှာ ၁၀ မှ

## ကျုပ်မှာ ရန်သူမရှိဘူး၊ တိုင်းပြည်အတွက် တစ်ကိုယ်လုံး အပ်နှံထားတယ်လို့ပြောတဲ့ ဗိုလ်ချုပ်

ဘယ်လောက်အထိပြောကြသလဲဆိုရင် တစ်ရက်တော့ ဗိုလ်တထောင် COD မှာရှိတဲ့ လက်နက်တွေကို လူတစ်စုက ထုတ်သွားတယ်။ တစ်ခါ မင်္ဂလာဒုံ လက်နက်ခဲယမ်းမီးကျောက်တပ်က လက်နက်တွေကို လူတစ်စုထုတ်သွားတယ်။ အဲဒါ ဦးစောဖြစ်တယ်လို့ သတင်းရတယ်။ ရတော့ ဗမာ့ခေတ်က အရင်ဆုံး ရေးတယ်။ ကျွန်တော်တို့က နောက်မှရေးတယ်။ ဘာလို့ ကျွန်တော်တို့ နောက်ကျသလဲဆိုတော့ ကျွန်တော်တို့က ဗိုလ်ချုပ်ကို သွားပြောတယ်။ ဗိုလ်ချုပ် ဒါတွေတော့ ထူးတယ်။ ဒါ ဗိုလ်ချုပ်ကို လုပ်ကြံလိမ့်မယ်ဆိုတော့ ဗိုလ်ချုပ်က ဘာပြောသလဲဆိုတော့ "ကျုပ်ကို လုပ်ကြံရအောင် ကျုပ်မှာ ရန်သူလည်း မရှိပါဘူး။ အေး ကျုပ်တိုင်းပြည်အတွက်လုပ်တာ မကျေနပ်ရင်လည်း သတ်ချင်လည်း သတ်ပေ့ါဗျာ။ ကျုပ်ကတော့ တစ်ကိုယ်လုံး တိုင်းပြည်ကို အပ်နှံထားပြီးသား။ တိုင်းပြည်က စီမံတာကို ကျုပ်ခံမယ်။ သူတို့သတ်လည်း ကျုပ်အသေခံမယ်။ သူတို့မသတ်တော့လည်း ကျုပ်ဘာမှ မဖြစ်ဘူးပေ့ါဗျာ။ ဒါ ပူစရာမရှိပါဘူး"လို့ ပြောတယ်။ ကျွန်တော်တို့က "မဟုတ်ဘူး ဗိုလ်ချုပ်။ အစောင့်အရှောက် လုံခြုံအောင်လုပ်ဖို့ ကောင်းတယ်" ဆိုတာလည်း မရဘူး။ အဲဒီလို ပုဂ္ဂိုလ်ပါ။

### အန္တရာယ်ရှိလာတဲ့ ဗိုလ်ချုပ်

သူ့အသက်အန္တရာယ်ရှိတာတောင် သူဒီလိုစကားမျိုး ပြောတယ်။ နောက်တစ်ခု ကျွန်တော်ပြောချင်သေးတယ်။ ဘုရင်ခံအိမ်က မနက်ပိုင်း ဗိုလ်ချုပ်ကို ဖိတ်တယ်။ ဖိတ်ပြီး အင်္ဂလန်မှာ လွတ်လပ်ရေးဆွေးနွေးဖို့ သွားဖို့ပြောတယ်။ ညနေကျတော့ ဦးစောကို ဖိတ်တယ်။ ဦးစောကို ဘုရင်ခံတွေ့တယ်။ တွေ့ပြီးတော့ ဗိုလ်ချုပ်တို့ Mission နဲ့ သူလိုက်မှာဖြစ်တယ်။ သူပြန်လာတယ်။ သူ့ဂျစ်ကားနဲ့ လာတာ။ မြေနီကုန်းအဝိုင်းမှာ သူ့ကားကွေ့တော့ ဆန်းသီရီရုံ၊ အဲဒီတုန်းက ဆန်းသီရီရုံတော့ မရှိသေးဘူး။ ကျူးကျော်တဲပုတ်တွေ၊ အရက်ဖြူဆိုင်တွေ၊ မကောင်းတာ လုပ်စားတဲ့သူတွေရှိတယ်။ စစ်အတွင်းကာလနေကြတာ။ တဲတွေ ဖရိုဖရဲနဲ့ အဲဒီလိုကြားထဲကနေ ကျွန်တော်သိတာတော့ ဗိုလ်ဖေချစ်၊ သူက နဂိုက ဒေးဒရဲက သခင်စိုးအဖွဲ့ဝင်ဖြစ်တယ်။ နောက်တော့ သောင်းကျန်းမှုနှိမ်နင်းရေးတပ်က တစ်ပွင့်နဲ့၊ သူ့မှာ ၄၅ ဗို့ သေနတ်ပါတယ်။ ရန်ကုန်ဘဆွေနဲ့ သူတို့နှစ်ယောက် အရက်သောက်ပြီး ထွက်လာ



ပစ်ခတ်သူများ (သုခ မပါ ) သေဒဏ် ပေးခံရပြီး ကြိုးကိုင်စီစဉ်သူ ဦးစော နှဲ့ မောင်စိုး (မှုံကြီး) တို့လဲ ကြိုးပေးခံရသည်။ သုခ(ကားမောင်းသူ)၊ ခင်မောင်ရင်( အစီအစဉ်တွင်ပါဝင်သူ)၊ မောင်နီ(ခ) ဘိုနီ (ခ) ဂနီ ( အစီအစဉ်တွင်ပါဝင်သူ) (၃) ဦးမှာ သေ ဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲ ပေးခဲ့သည်။

ကျည်သင့် အရေအတွက်
၁) ဗိုလ်ချုပ်အောင်ဆန်း . . ၁၃ ချက်။
၂) မန်းဘခိုင် . . ၁၅ ချက်။
၃) ဦးဘဝင်း . . ၈ ချက်။
၄) ဦးရာဇာတ် . . ၆ ချက်။
၅) ဦးဘချို . . ၅ ချက်။
၆) ဦးအုန်းမောင် . . ၅ ချက်။
၇) သခင်မြ . . ၂ ချက်။
၈ ) မိုင်းပွန်စော်ဘွားကြီး . . ၂ ချက် နှင့်
၉) ရဲဘော်ကိုထွေး . . ၄ ချက်တို့ ဖြစ်ကြသည် . . ။

လုပ်ကြံသူများ ဝတ်ဆင်ခဲ့သည့်ဝတ်စုံ
အမှတ် (၁၂) မြဲလေ့တပ် ဝတ်စုံ
အသုံးပြုခဲ့သည့်ကားနံပါတ်
RC 1814

လွတ်မြောက်သူ
ဦးအောင်ဇံဝေ ၊ ဦးဘဂျမ်း ၊ ပျော်ဘွယ်ဦးမြ
(မိုင်းပွန်စော်ဘွားကြီးက ခုံများကိုတွန်းပစ်ပြီးကယ်ခဲ့သည်)
အစည်းအဝေးမတက်ရောက်ခဲ့သူ
ဦးကျော်ငြိမ်း ၊ ဆာမား ဒူးဝါး ၊ စောစံဖိုးသင် ၊ ဦးဝမ်ကိုတော၊ ဆင်ဝါးနောင်

ကြတယ်။ ဦးစော ကားကလည်း အလာ၊ ဦးစောမှန်းလည်း သိရော သူ မူးမူးနဲ့ သေနတ်ထုတ်ပြီး ပစ်လိုက်တယ်။ ဒါက သမိုင်းမှာအရေးကြီးတယ်နော်။ ပစ်လိုက်တော့ ကားရှေ့မှန်ထိပြီး ဦးစော မျက်စိထိသွားတယ်။ ဦးစော ရန်ကုန်ဆေးရုံတက်ရတယ်။ တက်တော့ အဲဒီညနေဘက်မှာ ဗိုလ်ချုပ်သွားပြီး သတင်းမေးတယ်။ ဦးစောက ဗိုလ်ချုပ်လုပ်ကြံတယ်လို့ သူတွက်ဆတယ်။ ဘာကြောင့်လဲဆိုတော့ မြေနီကုန်းအဝိုင်း၊ ဒီဘက်မှာ လောင်းဝစ်လမ်းရှိတယ်။ တစ်ဖက် စမ်းချောင်းမီးသတ်၊ အရှေ့နေရာမှာ ရှိတာက ပြည်သူ့အာဏာဂျာနယ် ကွန်မြူနစ်ပါတီဌာနချုပ် သခင်သန်းထွန်းတို့ဆိုတော့ ဦးစောက ကောက်ချက်ချတာ ဗိုလ်ချုပ်လုပ်ကြံတယ်။ ပြည်သူ့ရဲဘော်တွေ ပစ်တယ်လို့ ဦးစောထင်တယ်။ အမှန်က ဘဆွေနဲ့ ဗိုလ်ဖေချစ် တို့ပဲ။ ခင်အောင်ရေးတဲ့ Who Killed Aung San? ဆိုတဲ့ စာအုပ်မှာ ဗိုလ်ချုပ်နေဝင်းလုပ်ကြံသလိုလို ရေးတာ မှားတယ်။ ဒါတော့ ကျုပ်မဖြေရှင်းပါဘူး။

### ဗိုလ်ချုပ်ကိုလုပ်ကြံသူ ဂျွန်ဦးစောရဲ့နောင်တနဲ့သံဝေဂ

နောက်တစ်ခုက ဦးစောကို စီရင်ချက်ချပြီး ကြိုးပေးတဲ့အချိန်မှာ ကြိုးစင်ကိုသွားတော့ ကျွန်တော်ပါတယ်။ ဘာကြောင့်ပါသလဲမေးရင် သတင်းထောက်အနေနဲ့ မဟုတ်ဘူး။ ထောင်ပိုင်က ကျွန်တော်နဲ့ ညီအစ်ကိုတစ်ဝမ်းကွဲအစ်ကို ဝဏ္ဏကျော်ထင် ဦးတင်မောင်။ ကျုပ်က ထောင်ကလူတွေ၊ ထောင်မှူးကြီးတွေ၊ ဒုတိယထောင်ပိုင်တွေ အကုန်လုံးနဲ့ ရင်းနှီးတယ်။ ကျွန်တော်က ဓာတ်ပုံရိုက်ချင်တယ်။ အဲဒီတော့ ကျွန်တော့်အိတ်ထဲမှာ မီးခြစ်လောက်ရှိတဲ့ ကင်မရာလေးပါတယ်။ အဲဒါနဲ့ ခိုးရိုက်တာ။ ကျွန်တော်က မနက် ၄ နာရီကတည်းက ရောက်နေတယ်။ ဦးစောကို ကြိုးတိုက်ခန်းထဲကနေ ခေါ်ထုတ်တဲ့အခါ အဲဒီတုန်းက တရားရေးဝန်ကြီးဌာန အတွင်းဝန်ကြီး ဦးသောင်းစိန်၊ သူက အကျဉ်းဌာန မင်းကြီးအဖြစ်နဲ့လည်း တွဲကိုင်တယ်။ အင်းစိန်ထောင်ပိုင်ကြီး ဦးတင်မောင်နဲ့ နှစ်ယောက်ညှပ်ပြီး ဦးစောကို ကြိုးစင်ကိုခေါ်သွားတယ်။ လမ်းမှာ ဦးစောပြောတာက ၁၉၃၈ ခုနှစ်က အင်းတော်ကြီးဘက်က သက်န်းနက်သား မတ်ရပ်ဘုရားဆင်းတုတော် တစ်ဆူ ကျွန်တော်ရလာတယ်။ အဲဒီဘုရားရတဲ့နေ့ကစပြီး ကျွန်တော် ဒုက္ခရောက်တယ်။ မသန်းခင်ကို ပြောပေးပါ။ အဲဒီဘုရားကို ရွှေတိဂုံမှာ သွားလှူပါလို့ ပြောတယ်။ အဲဒါပြီးတော့ သူဆက်ပြီး ဦးတင်မောင် ကျွန်တော်ဟာ ဗိုလ်ချုပ်အောင်ဆန်းအပေါ်မှာ ဘယ်လိုမှ အာဃာတမရှိဘူး။ ဗိုလ်ချုပ်နဲ့ ကျွန်တော်ဟာလည်း ပြိုင်ဘက်မဟုတ်ပါဘူး။ ဘယ်လို ဘယ်လို ကျွန်တော် လုပ်ကြံမိမှန်း မသိဘူး။ ဒီအဖြစ်ဆိုးမျိုးဟာ နောက်ဆုံးဘဝပဲ ဖြစ်ပါစေလို့ ကျွန်တော်ဆုတောင်းတယ်လို့ ပြောတယ်။ ဒါဟာ သမိုင်းမှာ ကြိုးစင်အသွား ဦးစောရဲ့ ဝန်ခံချက်ပဲ ဖြစ်ပါတယ်။

**မေး။ ။အဘကြုံခဲ့တဲ့ အရင်ခေတ်က သတင်းမီဒီယာအခြေအနေနဲ့ ယခုခေတ်မြင်တွေ့ရတဲ့ သတင်းမီဒီယာအခြေအနေကိုလည်း ပြောပြပေးပါ။**

**ဖြေ။** ။အဲဒီခေတ်က သတင်းမီဒီယာအခြေအနေက လွတ်လပ်တယ်။ ကျွန်တော်တို့ ရေးကြတာပေ့ါ။ အစိုးရက မကျေနပ်ရင်၊ သူတို့ကို ထိခိုက်တယ်ဆိုရင် အာမခံငွေသုံးထောင် တင်ခိုင်းတယ်။ နောက်တစ်ချီရေးရင် အဲဒီငွေသုံးထောင် သိမ်းတယ်။ ပုတ်ခတ်ပြီး သွားရေးရင် အသရေဖျက်မှုပေ့ါ။ ကျွန်တော်တို့ ဒါတော့ စည်းစောင့်ပါတယ်။ အဲဒါကြောင့် မီဒီယာကျင့်ဝတ်ကို ကျွန်တော်တို့ ကျင့်သုံးခဲ့တယ်။ အဲဒီတုန်းက မီဒီယာကျင့်ဝတ်တွေ၊ ဘာတွေ သတ်မှတ်ထားတာမဟုတ်ဘူး။ သို့သော် ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာဖွင့်တဲ့ 52-53 BA (Journalism) သင်တန်းကို တက်ခဲ့ရတယ်။ ကျွန်တော် ကျင့်ဝတ်တွေရလာတယ်။ ကျွန်တော်တို့ ဒါကိုစောင့်ထိန်းတယ်။ ဒါပဲ။ ဒီခေတ်က ပုဂ္ဂိုလ်တွေနဲ့တော့ မတူဘူး။

**မေး။ ။ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။** ။ကျွန်တော်တို့ခေတ်နဲ့ ဒီခေတ်သတင်းစာသမားတွေက ကွာခြားချက်ရှိတယ်။ ဘာကွာခြားသလဲဆိုတော့ ကျင့်ဝတ်ကိုစောင့်ထိန်းတာ ကွာတယ်။ နောက်ပြီး တည်ဆဲဥပဒေတွေကို လိုက်နာကြတာကွာတယ်။ ဒါကြောင့် ကျွန်တော်တို့ခေတ်နဲ့ မတူဘူး။ ဒီခေတ်မှာတော့ဖြင့် လူတွေကလည်း လူငယ်တွေဖြစ်ပါတယ်။ လေ့လာမှုအားလည်း နည်းတယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒီကြားထဲမှာ နိုင်ငံခြားပယောဂတွေ အနှောင့်အယှက်များပါတယ်။ အဲဒီတော့ နိုင်ငံခြားက ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းအသီးသီး၊ ဌာနအသီးသီး၊ နေရာအသီးသီးမှာ ငွေကြေးအားဖြင့်လည်း ထောက်ပံ့တယ်။ မီဒီယာသမားတွေကို ထောက်ပံ့ပေးတာ ငွေကြေးနဲ့ပေးတယ်။ အဲဒီငွေကြေးလက်ခံပြီးတော့ အလုပ်လုပ်တဲ့သူဟာ ကြေးပေးလို့ ကျွန်ခံတာ။ ကျွန်တော်ပြောချင်တာ ကျေးကျွန်ပဲဖြစ်တယ်။ တိုင်းပြည်အတွက် သူက သစ္စာလည်း မစောင့်ဘူး၊ သူ့အတွက်ပဲ သူသိမယ်၊ သူအဖမ်းခံရလို့ ထောင်ထဲရောက်ပါစေ သူ့ကို ထောက်ပံ့ပေးတဲ့အဖွဲ့အစည်းက ဆက်ထောက်ပံ့မှာပဲဆိုတော့ တိုင်းပြည်ရဲ့ ပျက်စီးရာပျက်စီးကြောင်း စောစောက ကျွန်တော်ပြောခဲ့တဲ့ သီပေါမင်းပါတော်မူမယ့် အခြေအနေမျိုးပဲဖြစ်တယ်။ ဒါကြောင့် ကျွန်တော်ရင်ထဲရှိတာ ဟိုနေ့က သတင်းစာပညာရှင်ကြီးကန်တော့ပွဲမှာ ဒါကိုပြောခဲ့ပါတယ်။

**အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

# အင်းစိန်မြို့နယ်တွင် နေအိမ် ၁၇ လုံး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီခွဲက စဉ့်ငူရပ်ကွက် ငါးလမ်းရှိ ငါးခန်းတွဲ နှစ်ထပ်အိမ်၌ ဖယောင်းတိုင်မီးထွန်းရာမှ ဘေးပတ်ဝန်းကျင် နေအိမ် ၁၇ လုံး မီးကူးစက်လောင်ကျွမ်းခဲ့သည်။



**မီးငြိမ်းသွားခဲ့**

မီးလောင်ရာသို့ အင်းစိန်မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီဥက္ကဋ္ဌနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၄၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၆ ဦး၊ မီးသတ်ယာဉ် ၂၉ စီး၊ အထောက်အကူပြုယာဉ် ၁၀ စီး တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ညနေ ၆ နာရီကျော်တွင် မီးငြိမ်းသွားခဲ့ကြောင်း မြောက်ပိုင်းခရိုင် အင်းစိန်မီးသတ်ဦးစီးဌာနမှ သိရသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

မီးလောင်မှုကြောင့် နေအိမ် ၁၇ လုံး၊ အမျိုးသား အမျိုးသမီး စုစုပေါင်း ၈၃ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ရာ မီးလောင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၆၈၄**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဒီဇင်ဘာလအတွင်း ယာဉ်မတော်တဆမှု ၃၉ မှု ဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ၅၆ ဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၂**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဒီဇင်ဘာလအတွင်းက ယာဉ်မတော်တဆမှုပေါင်း ၃၉ မှု ဖြစ်ပွားခဲ့ရာ အမျိုးသားသုံးဦး၊ အမျိုးသမီးလေးဦး ပေါင်း ခုနစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၂၂ ဦး ပေါင်း ၅၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့အတူ ပြီးခဲ့သည့် ဩဂုတ်လအတွင်းကလည်း ယာဉ်မတော်တဆမှု ၃၈ မှု ဖြစ်ပွားခဲ့ရာ အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး ပေါင်း ခြောက်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၁၆ ဦး ပေါင်း ၄၄ ဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ စက်တင်ဘာလတွင် ယာဉ်မတော်တဆမှု ၄၄ မှု ဖြစ်ပွားခဲ့ရာ အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦး ပေါင်း ငါးဦးသေဆုံးခဲ့ပြီး အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၂၂ ဦး ပေါင်း ၅၈ ဦး ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလတွင် ယာဉ်မတော်တဆမှု ၄၅ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၁ ဦး ပေါင်း ၂၉ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၅၆ ဦး ပေါင်း ၁၀၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ နိုဝင်ဘာလအတွင်းကလည်း ယာဉ်မတော်တဆမှု ၄၈ မှု ဖြစ်ပွားခဲ့ရာ အမျိုးသားနှစ်ဦးသေဆုံးခဲ့ပြီး အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၃၂ ဦး ပေါင်း ၈၅ ဦး ဒဏ်ရာရရှိခဲ့သည်။

သို့ပါ၍ ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလကုန်အထိယာဉ်မတော်တဆမှုပေါင်း ၂၁၄ မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၄၉ ဦးနှင့် ဒဏ်ရာရရှိသူ ၃၅၀ ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## အရက်အတုမျိုးစုံ သိမ်းဆည်းရမိသဖြင့် အရေးယူ



**နေပြည်တော် ဇန်နဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မူးယစ်ဆေးဝါးဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင်ရဲမှူးစိုးအောင်နှင့် ချမ်းအေးသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီက ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် အကွက်(၆၁၉) တိုက်ခန်းအမှတ်(၁) နေ ကိုတူး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်ပထမထပ်အခန်းအလယ်တွင် အရက်အတုပြုလုပ်ရာ၌ အသုံးပြုသော ပုလင်းအဖုံးခွံများ၊ ရေစစ်များ၊ ဘောသီးပါပလတ်စတစ်ဘူးဆို့များ၊ ဝါရှာပြားများ၊ Black Label၊ Red Label၊ Gold Label၊ High Commissioner၊ Dunfife၊ Ballantines၊ Glan Master တံဆိပ်ပါစာရွက်များ၊ နိုင်ငံခြားထုတ်တံဆိပ်များပါ အရက်အတုဟုယူဆရသော တံဆိပ်မျိုးစုံပါ အရက်ပုလင်း ၅၇၆၀ သိမ်းဆည်းရမိခဲ့သဖြင့် ကိုတူး(ခ)ထွန်းဦးအား ချမ်းအေးသာစံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နယ်ခြားစောင့်တပ် (BGF) လုံခြုံရေးယူထားသောဝင်းအတွင်း ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး တပ်ကြပ်တစ်ဦးနှင့် တပ်သားသုံးဦး သေဆုံးကာ ပစ်ခတ်သူအား အသေဖမ်းဆီးရမိ

**မြဝတီ ဒီဇင်ဘာ ၂**
ကရင်ပြည်နယ် မြဝတီမြို့ သဃ်န်းညီနောင် အခြေစိုက် နယ်ခြားစောင့်တပ် (BGF) ၉၀၁ ဝင်းထဲတွင် ဇန်နဝါရီ ၁ ရက် ညပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တပ်ကြပ်တစ်ဦးနှင့် တပ်သားသုံးဦး သေဆုံးခဲ့ပြီး အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပစ်ခတ်သူ စောပေ့ပေ့အား လိုက်လံဖမ်းဆီးရာ ယနေ့နံနက် ၁၁ နာရီတွင် မဲကနယ်အနီး၌ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ဗိုလ်မှူးကြီးမောင်မောင်လတ်ထံမှ သိရသည်။

ဗိုလ်မှူးကြီးမောင်မောင်လတ်က "မနေ့က ည ၈ နာရီလောက်မှာ စောပေ့ပေ့ဆိုသူနဲ့ BGF က အဖွဲ့တွေအချင်းများတယ်။ အချင်းများပြီးတော့ ပစ်ကြခတ်ကြတယ်။ ၈ နာရီ မိနစ် ၅၀ လောက်မှာ BGF က တပ်ကြပ်တစ်ဦးနဲ့ တပ်သားသုံးဦးကျ (သေဆုံး)တယ်။ အဲဒီလို ကျသွားပြီးနောက် စောပေ့ပေ့က အပြင်ကို ထွက်ပြေးတဲ့အခါ အရပ်သားတစ်ယောက် ဆိုင်ကယ်ကယ်ရီသမားထင်တယ်။ သူ့ကို ထပ်ပစ်တယ်။ သူကတော့ မသေဘူး။ မြဝတီပြည်သူ့ဆေးရုံမှာပါ။ စောပေ့ပေ့နောက်ကိုတော့ ဝိုင်းပိတ်ဆို့ပြီးလိုက်တဲ့အခါ ဒီနေ့ နံနက် ၁၁ နာရီလောက်မှာ အသေပြန်ရတယ်"ဟု ပြောသည်။

စောပေ့ပေ့သည် ကရင်ပြည်နယ် မြဝတီမြို့ရှိ နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့ဝင်မဟုတ်ကြောင်းနှင့် အချင်းဖြစ်ပွားသည့်အကြောင်းအရာကို မသိရသေးကြောင်း ဗိုလ်မှူးကြီးမောင်မောင်လတ်က ပြောကြားသည်။

"စောပေ့ပေ့က BGF က မဟုတ်ဘူး။ အရင်က DKBA မှာ တာဝန်ထမ်းဆောင်ဖူးတယ်။ အဲဒီတုန်းကတော့ တစ်ဖွဲ့တည်း အတူတူနေခဲ့ဖူးတယ်။ ဖြစ်တဲ့ညက ဘယ်ကနေ ဘယ်လိုရောက်လာသလဲမသိဘူး။ ပစ်တဲ့သူရော၊ အပစ်ခံရသူတွေရော သေသွားတော့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်ကိုပဲ မေးရတော့မှာပေ့ါ"ဟု ဗိုလ်မှူးကြီး မောင်မောင်လတ်က ပြောသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော် လုပ်ထုံးလုပ်နည်းအတိုင်း စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့၍ စစ်ဆေးကာ အဖြစ်အပျက်အမှန်ကို ဖော်ထုတ်သွားမည်ဖြစ်ပြီး စစ်စည်းကမ်းအရ စည်းကမ်းဖောက်သူကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗိုလ်မှူးကြီးမောင်မောင်လတ်ထံမှ သိရသည်။

"ဖြစ်တဲ့ လေးယောက်ကလည်း သေသွားတယ်ဆိုတော့ အဖြေမှန်သိရအောင် သဃ်န်းညီနောင်မှာရှိတဲ့ ဗျူဟာမှူးနဲ့ စိစစ်ဖော်ထုတ်နေပါတယ်။ စစ်စည်းကမ်းအရတော့ စည်းကမ်းဖောက်ရင် ဖောက်တဲ့အတိုင်းအရေးယူရမှာပဲ"ဟု ဗိုလ်မှူးကြီး မောင်မောင်လတ်က ဖြေကြားသည်။

**ရဲခေါင်ညွန့်**

## မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား ၁၉၅၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**
မောင်တောမြို့နယ် ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်း ကြိမ်ချောင်းစစ်ဆေးရေးဂိတ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ယနေ့မွန်းတည့် ၁၂ နာရီခန့်က မောင်တောမှ တောင်ပြိုသို့ ယာဉ်မောင်းလှသန်း (၄)မိုင်သာယာကုန်းရွာ မောင်တောမြို့နေသူ မောင်းနှင်လာသည့် 7I/---- NOAX ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်ပါသည့် ခရီးသည် မဝိုင်းချေ(ခ)ခင်စန္ဒာသန်း တောင်ပြိုဝဲကျေးရွာနေသူ၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၁၉၅၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့်စစ်မေးရာ မူးယစ်ဆေးဝါးများအား ၎င်း၏ခင်ပွန်းမင်းမင်းက ပြဿဒ်ကျေးရွာမှ တင်ဆောင်ပေး၍ သယ်ဆောင်လာခြင်းဖြစ်ပြီး မင်းမင်းမှာ ဆိုင်ကယ်ဖြင့် ယာဉ်နောက်မှ လိုက်ပါလာခဲ့ကြောင်း သိရသဖြင့် ဖမ်းဆီးခဲ့ပြီး ၎င်းတို့အား ကြိမ်ချောင်းနယ်မြေရဲစခန်းက စစ်ဆေး၍ ကွင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



## နောင်ချို၊ သပိတ်ကျင်း၊ မောင်တောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**
မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် ည ၈ နာရီက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကျန်ဖိုးရှင်းမောင်းနှင်လာသည့် Toyota Crown အမျိုးအစားယာဉ်အားရှာဖွေရာ ဘိန်းဆီခဲ ၁၂ ဒသမ ၉၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ်ငါးသိန်းနှင့် ATM ကတ်နှစ်ခုတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာ သစ်ခွဲပင်သစ်ဆိပ်အနီး မိုးမိတ်-တွင်းငယ်ကားလမ်းတွင် အောင်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၊ ဆိုင်ကယ်ရှေ့မီးခွက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့နံနက်ပိုင်းက မောင်တောမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့မ(တောင်) ရပ်ကွက်နေ မိုဟာမက်ရီယာစ်(ခ)လေရှူး(ခ)ဇော်ဇော်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျန်ဖိုးရှင်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အမျိုးသားယဉ်ကျေးမှုရတနာသိုက် အမျိုးသားပြတိုက်

နန္ဒမင်းလွင်

နေပြည်တော်သို့ အလုပ်ကိစ္စများဖြင့် အကြိမ်ကြိမ် အခါခါရောက်ခဲ့ဖူးသည်။ အမျိုးသားပြတိုက်ကြီး တည်ရှိသည့် ရာဇသင်္ဂဟလမ်းမကြီးပေါ်မှ ဖြတ်သန်းကာ အခါခါသွားရောက်ခဲ့သော်လည်း ဝင်ရောက်လေ့လာခြင်း မပြုဖြစ်ခဲ့ချေ။ သမိုင်းသုတေသနတို့ကို ဝါသနာထုံသူဖြစ်၍ အမျိုးသားပြတိုက်ကြီးကိုဝင်ရောက်လေ့လာရန် စိတ်ကူးရှိသော်လည်း အလုပ်ကိစ္စများနှင့် အပြေးအလွှားသွားလာရသူဖြစ်၍ တစ်ကြိမ်တစ်ခါမျှ မဝင်ရောက်ဖြစ်ခဲ့ချေ။

ယခုနှစ် ဒီဇင်ဘာလထဲတွင် အလုပ်စာမေးပွဲတစ်ခု ဖြေဆိုရန်အတွက် သမီးကို နေပြည်တော်သို့လိုက်ပါပို့ဆောင်ဖြစ်သည်။ စာမေးပွဲက နံနက် ၁၁ နာရီတွင် ပြီးစီးသွားသော်လည်း ကားလက်မှတ်က ညနေ ၅ နာရီမှ ထွက်ခွာပြေးဆွဲမည့်ယာဉ်ကိုသာ ရရှိခဲ့သည်။ သို့ဖြစ်၍ အချိန်ရနေသဖြင့် ဥပ္ပါတသန္တိစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ဖြစ်ကြပါသည်။ စာရေးသူအနေဖြင့် ဥပ္ပါတသန္တိစေတီတော်ကြီးကို ယခင်က မဖူးမြော်ဖြစ်ခဲ့ပါ။ ယခုအခေါက်သည် ပထမဆုံးသွားရောက်ဖူးမြော်ခြင်းသာ ဖြစ်သည်။ နေကပူနေသဖြင့် အရှေ့ဘက်မုခ်ဓာတ်လှေကားမှ ကုန်းတော်အထက် ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြပါသည်။ စေတီတော်ကြီးသည် အလယ်ဗဟိုတွင် မဏ္ဍိုင်ပြုကာ လိုဏ်ဂူတော်ကြီးအဖြစ် တည်ထားခြင်းဖြစ်သည်။ စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဦးချကန်တော့ပြီးသည့်နောက်တွင် မျက်လုံးများက အတွင်းနံရံများတွင် အခန်းလိုက်ပြသထားသည့် ကျောက်ဆစ်မဟာဗုဒ္ဓဝင်ဖောင်းကြွပန်းချီကားချပ်ကြီးများဆီသို့ အကြည့်က ရောက်ရှိသွားတော့သည်။

## မဟာဗုဒ္ဓဝင်ဇာတ်တော်ကြီး

လှပတင့်တယ်လိုက်ပါဘိ။ ကြီးမားသည့် စကျင်ကျောက်ဖြူချပ်ကြီးများကို ကျောက်ဆစ်ပညာဖြင့် ဖောင်းကြွပန်းချီကားများသဖွယ် အနုစိတ်သရုပ်ဖော်ဖန်တီးထားခြင်းဖြစ်သည်။ မဟာဗုဒ္ဓဝင်ဇာတ်တော်ကြီးကို ဘုရားအလောင်းတော်နတ်သား နတ်သက်ကြွေ၍ မယ်တော်မာယာဒေဝီထံ ပဋိသန္ဓေယူသည်မှအစ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၍ ဓာတ်တော်ဝေခန်း၊ အောင်ခြင်းရှစ်ပါးဇာတ်ကွက်များ၊ ထိုမှ သင်္ဂါယနာတင်ခန်းများ၊ မြန်မာပြည်သို့ သာသနာတော်ရောက်ရှိလာပုံအထိ အနုစိတ်သရုပ်ဖော်ထုဆစ်ထားသည်မှာ အံ့ချီးဖွယ်ရာပင်။ ကျောက်ဆစ်ပန်းချီကားများကို ကြည့်ရှုလိုက်သည့်အခါ စာရေးသူတို့ငယ်စဉ်က အလွန် နှစ်ခြိုက်သဘောကျမိလှသည့် မြန်မာ့ပန်းချီကျော်ပန်းချီဆရာကြီးဦးဘကြည်၏နာမည်ကျော် ရုပ်စုံဗုဒ္ဓဝင်ပန်းချီကားများကို အခြေခံကာ ကျောက်ဆစ်ပညာဖြင့် အနုစိတ်ထုဆစ်ထားခြင်းဖြစ်ကြောင်း တွေ့လိုက်ရသည်။ စာရေးသူသည် ရှုမငြီးနိုင်အောင် လှပတင့်တယ်ကြည်ညိုဖွယ်ရာရှိလှသည့် ကျောက်ဆစ် ဖောင်းကြွမဟာဗုဒ္ဓဝင်ပန်းချီကားကြီးများကို မျက်စိက မခွာနိုင်အောင်ဖြစ်မိရင်း မဟာဗုဒ္ဓဝင်ပြတိုက်ကြီးအတွင်း ရောက်ရှိနေသကဲ့သို့ပင် ခံစားမိလိုက်သည်။

ဥပ္ပါတသန္တိစေတီတော်ကြီးတွင် အချိန်ယူကာ ဖူးမြော်လေ့လာပြီးနောက် အမျိုးသားပြတိုက်ကြီးဆီသို့ ခရီးဆက်ခဲ့ကြသည်။ ခမ်းနားထည်ဝါလှသည့် ပြတိုက်ကြီးသို့ ဝင်ရောက်လိုက်လျှင် လုံခြုံရေးအမှုထမ်းများက ဖော်ရွေရင်းနှီးစွာ ကြိုဆိုကြသည်။ သမီး၏ လက်ကိုင်အိတ်ကိုတော့ ပြတိုက်အတွင်းသို့ ယူဆောင်ခွင့်မပြုသဖြင့် အဝင်ဝတွင် တည်ရှိသည့် သိုလှောင်ခန်းထဲတွင် သိမ်းဆည်းသော့ခတ်ထားခဲ့ရသည်။ အဝင်ခန်းမကြီးအလယ်တွင် ကြီးမားထည်ဝါလှပသည့် ဆွမ်းအုပ်ကြီးကို တွေ့လိုက်ရသည်။ ကောင်တာသို့သွားရောက်ကာ ပြတိုက်ဝင်ကြေးဖြတ်လိုက်ပါသည်။ အမျိုးသားပြတိုက်ဝင်ကြေးမှာ နိုင်ငံခြားသားတစ်ဦးလျှင် ကျပ် ၅၀၀၀ သတ်မှတ်ထားပြီး နိုင်ငံသား(လူကြီး)တစ်ဦးလျှင် ကျပ် ၅၀၀ ဖြစ်သည်။ ကျောင်းသားများ၊ သံဃာ၊ သီလရှင်များကို အခမဲ့ဝင်ခွင့်ပြုထားသည်။ ပြတိုက်ဖွင့်ချိန်အဖြစ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ခွင့်ပြုထားပြီး တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များကိုသာ ပြတိုက်ပိတ်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

## ပြခန်း ၁၂ ခန်း ခင်းကျင်းပြသထား

Pamphlet တွင် အမျိုးသားပြတိုက်ကြီး၏အကြောင်း ရေးသားထားသည်များကို ဖတ်ရှုကြည့်မိသည်။ အမျိုးသားပြတိုက်(နေပြည်တော်) ကို ဥတ္တရသီရိမြို့နယ် ကုမုဒြာပန်းအဝိုင်းအနီး၊ ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် တည်ရှိပြီး ၃၅ ဒသမ ၁၉ ဧက ကျယ်ဝန်းသည်။ ခေတ်မီသံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံ ဖြစ်ပြီး (၃-၆-၂၀၁၀) ရက်နေ့တွင် ပန္နက်ချတည်ဆောက်ခဲ့ကာ အဆောင်(အေ၊ ဘီ၊ စီ၊ ဒီ နှင့် အီး) ဟူသည့် အဆောင်ငါးဆောင်နှင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ အဆောင်(အေ)တွင် ပြခန်းတစ်ခန်း အဆောင်(ဘီ)တွင် ပြခန်းခြောက်ခန်း၊ အဆောင်(စီ)တွင် ပြခန်းတစ်ခန်းနှင့် အဆောင်(ဒီ)တွင် ပြခန်းလေးခန်း စုစုပေါင်းပြခန်း ၁၂ ခန်း ခင်းကျင်းပြသထားကြောင်း သိရသည်။

ဧည့်ကြိုဝန်ထမ်းများက ပြတိုက်ကို ရောက်ရှိဖူးသလားဟု မေးမြန်းပါသည်။ စာရေးသူက ပထမဆုံးလာရောက်လေ့လာကြည့်ရှုခြင်းဖြစ်ကြောင်း ပြောပြသည့်အခါ လမ်းညွှန်လက်ကမ်းစာစောင် ပေးလိုက်ပါသည်။ ထို့နောက် လုံခြုံရေးမျှစစ်ဆေးရေးဂိတ်ပေါက်ကို ကျော်ဖြတ်ကာ အခန်း(အေ)လက်ဆောင်ပစ္စည်းပြခန်းအတွင်းသို့ ဝင်ရောက်လေ့လာဖြစ်ကြသည်။ လက်ဆောင်ပစ္စည်းများပြခန်းတွင် နိုင်ငံအသီးသီးတို့မှ နိုင်ငံတော်သမ္မတကြီးများထံ ချစ်ကြည်ရေးလက်ဆောင်အဖြစ်ပေးအပ်လိုက်သည့် လက်ဆောင်ပစ္စည်းများကို တခမ်းတနားပြသထားသည်။ နိုင်ငံအသီးသီးတို့မှ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ထားသည့် ပစ္စည်းများဖြစ်၍ အကောင်းမွန်ဆုံးဖြစ်အောင် ဖန်တီးထားသည်ကို တွေ့ရှိရသည်။





## သီဟာသနပလ္လင်တော်ကြီး

အမှတ်တရလက်ဆောင်ပစ္စည်းများပြခန်းဆောင်မှ အခန်း-စီရှိ သီဟာသနပလ္လင်ပြခန်းဆောင်သို့ ကူးခဲ့ကြသည်။ မြန်မာ့ပဒေသရာဇ်မင်းတို့၏ မင်းခမ်းတော်ဝင် သီဟာသနပလ္လင်တော်ကြီးမှာ ခန်းမဆောင်ကြီးအလယ်တွင် တင့်တယ်စွာ တည်ရှိနေသည်။ သီဟာသနပလ္လင်တော်ကြီး၏ဘေးဝဲ/ယာတွင် ကနက္ကဒါန်၊ သူရိယ၊ ပဒုမ၊ သမ္ဗုတိ၊ ကမ္ဗူ၊ သမုဒ္ဒဇာ၊ ဝိသကြုံ ဟူသည့် မင်းခမ်းတော်ဝင်ထီးဖြူတော်ကြီးများကို စိုက်ထူထားသည်။ ပလ္လင်တော်ရှေ့တွင် ယပ်မားတော်၊ နဂါးပျော့၊ ဘီလူးဝါ၊ ဆင်နီ၊ ဂဠုန်ဖြူ၊ ခြင်္သေ့စိမ်း၊ မျောက်ရွှေ၊ ဒေါင်းနက် ဟူသည့် မင်းခမ်းအလံတော်စုံများကို စိုက်ထူထားသည်။

ခန်းမဆောင်၏ ဘေးနံရံပတ်လည်တွင် လက်ဝဲမင်းခမ်းတော်၊ လက်ျာမင်းခမ်းတော်သုံး လက်တင်ကြာ၊ ကွမ်းခွက်တော်၊ ခြင်္သေ့ခံကွမ်းခွက်တော်၊ ကွမ်းလောင်းတော်ငယ်၊ စလင်းမြောင်တော်၊ ကျပ်လျှားတော်၊ ခြေနင်းတော်၊ ဖိနပ်တော်၊ သားမြီးယပ်တော်၊ သန်လျက်တော်၊ တောင်ဝှေးတော်၊ ခြင်္သေ့ခံကရားတော်၊ မြူတာတော်၊ မေးထောက်တော်၊ ကျီးခြေတော်၊ အိုးပစ်တော်၊ ကွမ်းချပ်တော်၊ ကွမ်းလောင်းတော်ကြီး၊ စလင်းကြာငယ်၊ စလင်းကြာကြီး၊ နဂါးခံကွမ်းခွက်၊ ရှစ်ထောင့်ကွမ်းခွက်၊ ပန်းတောင်းကြီး၊ မြူတာတော်၊ တကောင်းတော်၊ သောက်ရေတင်တော်၊ မကန်းကရားတော်၊ နန်းဘွဲ့အုပ်တော်များကို ခင်းကျင်းပြသထားသည်။

သီဟာသနပလ္လင်ပြခန်းဆောင်သည် ရှေးမြန်မာဘုရင်များ၏ မင်းခမ်းတော်ဝင်ပစ္စည်းများကို ခင်းကျင်းပြသထားသဖြင့် ခမ်းနားထည်ဝါလှပါသည်။ စိတ်ကူးထဲတွင် ဘုရင်မင်းမြတ်က သနားတော်မူသည့် အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မိဖုရား၊ မှူးမတ်တို့၏ အဆောင်အယောင်များဖြစ်သည့် ဝေါပြာသာဒ်တော်၊ ဝေါပလာတော်၊ ယာဉ်တော်၊ ကျိုင်းတော်၊ ထီးတော်၊ ဓားတော်တို့ကိုလည်း ခင်းကျင်းပြသနိုင်လျှင် ကောင်းလေစွဟု တွေးလိုက်မိသည်။

သီဟာသနပလ္လင်ပြခန်းကို လေ့လာပြီးသည့်အခါ အဆောင်ဘီ(၁)တွင် တည်ရှိသည့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်းဆောင်သို့ ဝင်ရောက်လိုက်သည်။ ပုံတောင်ပုံညာဒေသနှင့် ဧရာဝတီကျောက်လွှာစုမှ သစ်ပင်ဆိုင်ရာကျောက်ဖြစ်ရုပ်ကြွင်းများပြကွက်၊ မြန်မာနိုင်ငံတွင် တွေ့ရှိရသောပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများပြကွက်၊ ဧရာဝတီကျောက်လွှာစုမှ တွေ့ရှိရသောကျောက်ဖြစ်ရုပ်ကြွင်းများပြကွက်နှင့် မြစ်ကမ်းဆင့်နှင့် ရှမ်းပြည်နယ်ရှိ လိုဏ်ဂူများမှ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများပြကွက်တို့ကို ခမ်းနားစွာ ပြင်ဆင်ပြသထားသည်။ ဤပြခန်းကို ကြည့်ရှုရင်း မုံရွာမြို့နယ် ရွှေမြင်တင်တောင်ရိုး နွယ်ခွေရွာ၏အရှေ့မြောက်ဘက်၊ ဒဂုံကုန်းမှ ဘူမိဗေဒပညာရှင်ဆရာကြီး ဦးဘမော်တို့ တွေ့ရှိခဲ့သည့် လွန်ခဲ့သည့်နှစ် ၂၀၀၀၀၀ ခန့် သက်တမ်းရှိသည့် (Burma Man) ဟု အမည်ပေးထားသည့် ရှေးဦးလူ၏ မေးရိုးအစိတ်အပိုင်းတစ်ခုကို ရရှိခဲ့သည့်အကြောင်းကို ပြန်လည်သတိရမိသည်။

## သုတေသနပညာရှင်များကို လေးစားမိ

ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်းဆောင်မှ ထွက်ခွာ၍ သမိုင်းမတင်မီခေတ်ပြခန်းသို့ ဝင်ခဲ့ကြသည်။ ပြဒါးလင်းဂူပုံစံတူ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်လက်နက်များ၊ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့် ပျော်ဘွယ်မြို့နယ် ကြို့ကုန်းတူးဖော်မှု ပုံစံတူပြကွက်များ စသည့်ပြကွက် ၁၅ ကွက်ကို ပြသထားသည်။ ရှေးဦးလူမိသားစု၏ပုံတူနှင့် ပြဒါးလင်းဂူပုံစံတူတို့က သရုပ်ပီပြင်လှသည်။ ကျောက်ကွင်းများ၊ အတက်ပါမြေအိုး၊ ရောင်စုံ ကျောက်ပုတီးစေ့များ၊ ကြေးလုံသွား၊ ကြေးပုဆိန်၊ အရိုးပုတီး၊ ကြေးလက်ကောက်နှင့် မြေကျင်သီးများကို ပြသထားသည်။ ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုဒေသသို့ ကိုယ်တိုင် သွားရောက်လေ့လာခဲ့ဖူးသူဖြစ်၍ ကြေးခေတ်သမိုင်းကွင်းဆက်ပြတ်နေမှုကို ဖော်ထုတ်ပေးနိုင်ခဲ့ကြသည့် သုတေသနပညာရှင်များကို လေးစားမိသည်။

သမိုင်းတင်ခေတ်ဦးပြခန်းမှထွက်၍ အခန်း၊ ဘီ (၃) တွင် ပြသထားသည့်မြန်မာ့ပန်းချီပြခန်းသို့ ဝင်ရောက်လေ့လာကြသည်။ ပန်းချီပြခန်းတွင် မြန်မာ့ပန်းချီဆင့်ကဲဖြစ်ပေါ်လာပုံကို ကျောက်ခေတ်ပြဒါးလင်းဂူအတွင်းရှိ နံရံပန်းချီရုပ်ကြွပုံမှ ပုဂံခေတ်၊ ပင်းယ၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ် နံရံဆေးရေးပန်းချီများ၊ ပုရပိုက်ပန်းချီများ၊ ပန်းချီတော်ဆရာခြို၊ ဆရာခ အစရှိသော ရှေးခေတ်ပန်းချီဆရာကြီးများ၏ လက်ရာများ၊ ဆရာကြီးဦးစောမောင်၏လက်ရာ နိပါတ်တော်ပန်းချီကားများ၊ ဆရာကြီးဦးဘဉာဏ်၊ ဆရာကြီးဦးငွေကိုင်၊ ဆရာကြီးဦးဘကြည်၊ ဦးချစ်မြ၊ ဆရာပေါ်ဦးသက်၊ ဆရာကြီးဦးလွန်းကြွယ် စသည့်ခေတ်ပြိုင်ပန်းချီဆရာများ၏လက်ရာများကို ခင်းကျင်းပြသထားသည်။

မြန်မာ့ပန်းချီပြခန်းနှင့် မျက်နှာချင်းဆိုင် အခန်းဘီ(၄) တွင် မြန်မာ့အနုသုခုမပြခန်း တည်ရှိသည်။ အဝင်ဝတွင် မြန်မာ့ဆိုင်းဝိုင်းကြီးက ကြိုဆိုနေသည်။ မြန်မာ့တူရိယာဆိုင်းဝိုင်းတီးခတ်ဖျော်ဖြေသံက ကြည်နူးဖွယ်လွင့်ပျံ့နေသည်။ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် အစရှိသည့်တူရိယာပစ္စည်းအမျိုးမျိုးကို တွေ့ရှိရသည်။

စာမျက်နှာ ၂၁ သို့

## မော်လမြိုင်၌လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်း ဖွင့်လှစ်

**မော်လမြိုင် ဇန်နဝါရီ ၂**
(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် တာဝန်ရှိသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်း၌ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၈ ခုနှစ် မွန်ပြည်နယ် မှတ်တမ်းဓာတ်ပုံများနှင့် ဌာနဆိုင်ရာများမှ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကိုပြဘုတ် ၂၆ ဘုတ်ဖြင့် ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံ

**ဘားအံ ဇန်နဝါရီ ၂**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကော့ရင်းအထက်ကျေးရွာအုပ်စုနှင့် ဘင်ဂျီကျေးရွာအုပ်စုတို့ရှိ ကျေးလက်နေပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကော့ရင်းအထက်ကျေးရွာအုပ်စု ဘုန်တော်ကြီးကျောင်းဓမ္မာရုံ၌ တောင်ကလေး၊ အနန်းပင်ကုန်း၊ တောင်ကုန်း၊ ရွှေနီ၊ ရွာကလေး၊ ပန်းဘူး၊ ဥသျှစ်ကုန်း၊ ချမ်းသာကုန်းကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်များဖြစ်သော လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မြေယာကိစ္စရပ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာသင်တန်းများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘင်ဂျီကျေးရွာအုပ်စု ရွာကြီးနှင့် ရွာကလေးကျေးရွာတို့ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသ၏လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဘုရင့်ညီနောင်ရတနာလိုဏ်ဂူ တောင်ပတ်လမ်းနှင့် ဘင်ဂျီကျေးရွာဆက် မြေသားလမ်း တာပေါင်ဖို့ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်
## တိုင်းရင်းသားလူငယ်များချစ်ကြည်ရေး အားကစားပွဲတော် ဖွင့်ပွဲတက်ရောက်

**တောင်ကြီး ဇန်နဝါရီ ၂**
(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေး အားကစားပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးဗြဲမြို့ အားကစားခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်ထောင်စုတိုင်းရင်းသားလူငယ် အားကစားသမားများသည် အချင်းချင်း ချစ်ကြည်ပူးပေါင်းမှုရရှိပြီး အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်စေရန်ဖြစ်ကြောင်း၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရေးအားကစားပွဲတော်တွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော အားကစားနည်းသုံးမျိုး ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်းနှင့် အားကစားဖြင့် နိုင်ငံနှင့် လူမျိုးကို မြှင့်တင်ပေးနိုင်သလို မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ရှင်သန်လာမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ ချစ်ကြည်ရေး အားကစားပွဲတော်တွင် အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ်ကို အရင်းခံပြီး ယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များချစ်ကြည်ရေး အားကစားပွဲတော် ဖွင့်ပွဲတွင် အထက (မိုးဗြဲ) ကျောင်းသားလူငယ်ပန်းပွားအဖွဲ့၊ Fitness dance အဖွဲ့၊ မြန်မာ့သိုင်းအဖွဲ့များက ဖျော်ဖြေကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ
## ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တည်ဆောက်ရန် ပန္နက်တင်

**မင်းတုန်း ဇန်နဝါရီ ၂**
မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ အောင်ဆန်းခန်းမရှေ့ မြက်ခင်းပြင်တွင် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ် တည်ဆောက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက မင်္ဂလာပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

ကြေးရုပ်တည်ဆောက်မည့်နေရာသည် မင်းတုန်းမြို့၏ အချက်အချာဖြစ်သော မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် အောင်ဆန်းခန်းမရှေ့၌ဖြစ်ပြီး အလျား ၁၄ ပေ၊ အနံ ၇ ပေ၊ အမြင့် ၁၀ ပေရှိကာ ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၅၀၀ ဖြင့် တည်ဆောက်မည့် မြင်းစီးကြေးရုပ်အား အာဇာနည်နေ့အမီ ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မင်းတုန်းမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းဝင်းထံမှ သိရသည်။

**ဓမ္မာယုတ္တ(မကွေး)**





## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဘက်စုံသားဖွားဒီပလိုမာအပ်နှင်းပွဲ တက်ရောက်

**ပုသိမ် ဇန်နဝါရီ ၂**
ပဥ္စမအကြိမ် ဘက်စုံသားဖွားဒီပလိုမာ အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က "ကျန်းမာရေးဝန်ဆောင်မှုကို ဆောင်ရွက်ရမယ့် သင်တန်းဆင်းများအနေနဲ့ မိမိတို့ ကျရာအခန်းကဏ္ဍတွေမှာ တာဝန်ကျေပွန်စွာနဲ့ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကိုစောင့်သိပြီး နိုင်ငံ့တာဝန်ကို တစ်ထောင့်တစ်နေရာက ကျရာတာဝန်ကို ထမ်းဆောင်ဖို့ လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍမှာ သားဖွားဆရာမများဟာ တကယ့်ကျောရိုးမဏ္ဍိုင်လိုပဲ မရှိမဖြစ် အရေးပါလှကြောင်း မိခင်သေဆုံးနှုန်း ကလေးသေဆုံးနှုန်းတွေ လျှော့ချနိုင်ဖို့အတွက် ကျွမ်းကျင်တဲ့သားဖွားဆရာမတွေ မွေးထုတ်ပေးမှုဟာ နိုင်ငံတော်အတွက် အလွန်အရေးပါလှပါကြောင်း ပြောကြားသည်။

ပုသိမ်မြို့ သူနာပြုသားဖွားသင်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကပေါ်ရှီက သင်တန်းသူ ၆၅ ဦးတို့အား ဘက်စုံသားဖွား ဒီပလိုမာလက်မှတ်များ တစ်ဦးချင်း ချီးမြှင့်ပေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပုသိမ် သူနာပြုသားဖွားသင်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကပေါ်ရှီနှင့် နည်းပြများ၊ သင်တန်းသူများ၊ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းထွန်းဇော်**

# ကချင်ပြည်နယ် ဂျော်ဘွမ်တောင်သို့ လာရောက်အပန်းဖြေ



**မြစ်ကြီးနား ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဂျော်ဘွမ်တောင်သို့ ဇန်နဝါရီ ၁ ရက်က လာရောက်အပန်းဖြေသူများဖြင့် စည်ကားခဲ့သည်။

"၁၉၇၇ ခုနှစ် ကချင်ပြည်နယ် နှစ်ခြင်းသာသနာပြု (KBC) ရဲ့ နှစ်တစ်ရာပြည့် ဂျူဗလီပွဲတော်ကျင်းပခဲ့ကြတယ်။ အဲဒီပွဲမကျင်းပမီအချိန်ကတည်းက ကချင်ပြည်နယ်ရဲ့ နှစ်ခြင်းကျမ်းစာသင်ကျောင်း (နောင်နန်း) တည်ရှိခဲ့တဲ့နေရာလည်း ဖြစ်တယ်။ အဲဒီအချိန်မှာ ဆုတောင်းတောင်မျှော်စင်က ဝါးများနဲ့သာ အဆင့်ဆင့်တည်ဆောက်ထားခဲ့ကြပေမယ့် မျက်မှောက်ကာလမှာ အခုမြင်တွေ့နေရတဲ့အတိုင်း အဆင့်ခြောက်ဆင့်ကို ( RC အုတ်ညှပ်) အမြင့်ပေ ၆၀၀ အထက်နဲ့ အခိုင်အမာတည်ဆောက်ထားခဲ့ကြတာဖြစ်ပါတယ်" ဟု မြစ်ကြီးနားဒေသခံ ဦးလဘန်အောင်က ပြောကြားသည်။

**လာရောက်လည်ပတ်**

ထို့အပြင် ဆုတောင်းမျှော်စင်အမြင့်အဆင့်မှ ကချင်ပြည်နယ် ဧရာဝတီမြစ်ကူးတံတား (ဗလမင်းထင်တံတား) အလှအားတစ်မျှော်တစ်ခေါ် ရှုမြင်ခံစားရရှိနိုင်သော နေရာဖြစ်ကြောင်း၊ ရှေးယခင်အချိန်ကာလက ကချင်နှစ်ခြင်းသာသနာဘာသာဝင်တို့၏ ဆုတောင်းခြင်းအတွက်သာ တည်ထားရှိသော နေရာတောင်ပေါ်တစ်ခုဖြစ်ခဲ့သော်လည်း နောင်ကြာမြင့်လာသောခေတ်စနစ်ပြောင်းလဲမှုနှင့်အတူ ဤဆုတောင်းတောင်နေရာသည် ကချင်ပြည်နယ်ရောက် ခရီးသွားများနှင့် ဒေသနေအများပြည်သူတို့ လာရောက်လည်ပတ် အနားယူလျက်ရှိသော ဂျော်ဘွမ် (Jaw Bum)တောင် အပန်းဖြေစခန်းအဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

# ဗန်းမော်မြို့နယ် မိုးမောက်ရေပူစမ်းသို့ လာရောက်အပန်းဖြေ



**ဗန်းမော် ဇန်နဝါရီ ၂**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မိုးမောက်ရေပူစမ်းတွင် ဇန်နဝါရီ ၁ ရက်က ရေချိုးသူများနှင့် အပန်းဖြေလေ့လာရေးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေပူစမ်းသို့ နှစ်သစ်ကူးနေ့တွင် ယခင်နေ့များထက်ပိုမို၍ စည်ကားလျက်ရှိကြောင်း၊ နန့်ကျရီချောင်းသည် မိုးမောက်မြို့၏တောင်ဘက်တွင်ရှိပြီး ဧရာဝတီမြစ်ရေပူစမ်းသည် နန့်ကျရီချောင်းမှ ခွဲထွက်စီးဆင်းလာသော ချောင်းလက်တက်အတွင်း၌ ရှိသဖြင့် ချောင်းလက်တက်အတွင်း ရေအောက်ရှိ သဲကို ယက်၍ ရေစိမ့်လိုက်ပါက ရေပူများထွက်လာပြီး ပူနွေးလာကြောင်း သိရသည်။

အဆိုပါချောင်းသို့ ရေချိုးလာသူများမှာ ချောင်းရေအောက်ရှိ သဲများကို ပေါက်ပြား၊ ဂေါ်ပြားများဖြင့် တွင်းငယ်များနှင့် ရေအိုင်များ ပက်ထုတ်ကာ ရေအိုင်အတွင်း၌ ရေပူစိမ်ခြင်း၊ ရေချိုးခြင်းများကို မကြာခဏပြုလုပ်ပါက ခန္ဓာကိုယ်သွေးလေညီမျှခြင်း၊ အပူအအေးညီမျှခြင်းတို့ကြောင့် ကျန်းမာရေးအထူးကောင်းမွန်ကာ နာတာရှည်အနာရောဂါများပင် ကင်းရှင်းပပျောက်စေနိုင်ကြောင်း အဆိုပါကျေးရွာ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**ဝဇိရ**



တနင်္သာရီတိုင်းဒေသကြီး မောင်းမကန်ကမ်းခြေသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပြိုင်ပွဲများကျင်းပ

**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ လူငယ်လေ့ကျင့်ရေးဘောလုံးကွင်း၌ (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် (အကြို) ဌာနဆိုင်ရာ ချစ်ကြည်ရေးအမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမျိုးသမီးအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမျိုးသမီးအသင်း၊ ပညာရေးဦးစီးဌာန အမျိုးသမီးအသင်းနှင့် ကျန်းမာရေးဦးစီးဌာန အမျိုးသမီးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့သူမြို့သားများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**

**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြိုအဖြစ် ဘော်လီဘောပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် (တ စ ည) ဝင်းအတွင်းရှိ ဘော်လီဘောကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အသင်းရှစ်သင်းပါဝင်ပြီး အုပ်စု(က) နှင့် အုပ်စု(ခ) ပတ်လည်ကစား၍ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

**မာန်အောင်**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် (အကြို) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ကျေးလက်နေပြည်သူများ လွယ်လင့်တကူ စာပေဖတ်ရှုနိုင်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးပွား၍ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားတတ်ပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလင်းရောင်ခြည်စာကြည့်တိုက်မှာ အလျား ၁၈ ပေ၊ အနံ ၁၂ ပေ အုတ်စီ၊ သွပ်မိုး၊ ကွန်ကရစ်ခင်းအဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သိန်းဖေ (ပြန်/ဆက်)**

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ကလေးပြပွဲပြိုင်ပွဲကို မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မွေးကင်းစမှ ခြောက်လ၊ ခြောက်လမှ ၁၂ လ၊ ၁၂ လမှ ၁၈ လနှင့် အမွှာဆုများအပြင် လွတ်လပ်ရေးမောင်မယ်ဆုများကို ချီးမြှင့်ခဲ့သည်။

**ရဲဝင်းထွန်း(မြစ်သား)**

**ရေး**

မွန်ပြည်နယ် ရေးမြို့နယ်တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက မြကန်သာရှေးဟောင်းကျုံးတော်ကြီး၌ ကျင်းပသည်။

လှေလှော်ပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာများမှ လှေလှော်အသင်း ၁၂ သင်းတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၄ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မောက်မယ်**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီဆွဲပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီကရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပန်းချီဆွဲပြိုင်ပွဲဝင် ၂၃ ဦး၊ စာစီစာကုံးပြိုင်ပွဲဝင် ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောက်မယ်(ပြန်/ဆက်)**

**ငဖဲ**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှေခန်းမတွင် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို "လွတ်လပ်ရေးအမွေထိန်းသိမ်းစို့လေ" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

အထက်တန်းဆင့်စာစီစာကုံး ဝင်ရောက်ယှဉ်ပြိုင်သူ ၁၂ ဦး၊ အလယ်တန်းဆင့် စာစီစာကုံးဝင်ရောက်ယှဉ်ပြိုင်သူ ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

**မယ်စဲ့**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက် နံနက်မှစတင်၍ မြို့နယ်ခန်းမရှေ့ အားကစားကွင်း၌ ကျင်းပသည်။

အသက် ၁၅ နှစ်အောက် (ကျား) ဘောလုံးပြိုင်ပွဲ၊ ဘောလုံးဂိုးကျဉ်း (မ) အလွတ်တန်းပြိုင်ပွဲ၊ ဘော်လီဘောအလွတ်တန်း (ကျား/မ) ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းအလွတ်တန်းပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

**နေပြည်တော်**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလပ်ပေါင်းစုံတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် ညနေ ၆ နာရီက ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည်။

မြို့နယ်အတွင်းရှိ ကလပ်ပေါင်းစုံမှ လက်ဝှေ့တွဲဆိုင်းပေါင်း ၅၈ ဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) တွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မျက်မှန်ပါဝါရှာဖွေခြင်းနည်းပညာ၏သော့ချက်

ပြည့်အောင် (COA)



မျက်မှန်ပါဝါရှာဖွေခြင်း နည်းပညာသည် မျက်စိကုသမှု ပညာရပ်နယ်ပယ်၏ အရေးပါသော ဘာသာရပ်တစ်ခု အဖြစ်ရပ်တည်လျက် လွန်ခဲ့သောဆယ်စုနှစ်များကနှင့် မတူ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိ၏။ ယခုခေတ်တွင် ပုဂ္ဂလိကပိုင် ခေတ်မီမျက်စိအထူးကုဆေးရုံကြီးများ၊ နိုင်ငံတော်ပိုင် မျက်စိအထူးကုဆေးရုံကြီးများနှင့် တစ်နိုင်တစ်ပိုင် မျက်စိဆေးခန်းများအပြင် ဇီဝိတဒါန ကုသိုလ်ဖြစ် မျက်စိဆေးရုံ၊ ဆေးခန်းများလည်း ပေါ်ပေါက်လာကြသည်ကို သတိပြုမိကြမည်ဖြစ်၏။ ၎င်းမျက်စိဆေးရုံဆေးခန်းများတွင် မျက်မှန်ပါဝါရှာဖွေပေးသည့် ဌာနများကိုလည်း မျက်စိကုသမှု၏ ကဏ္ဍတစ်ရပ်အဖြစ် မပါမဖြစ် ထည့်သွင်းလာကြရပါသည်။ ထို့ပြင် နိုင်ငံပေါင်းစုံရှိ ကုမ္ပဏီများမှထုတ်လုပ်သော အမှတ်တံဆိပ်အမျိုးမျိုးရှိသည့် မျက်မှန်များကို အပြိုင်အဆိုင် ရောင်းချကြသော မျက်မှန်ဆိုင်ကြီးငယ်များလည်း ဖွင့်လှစ်လာကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

## အချိန်ကိုအကျိုးရှိစွာ အသုံးချ

နည်းပညာလောက၌ ဦးဆောင်လျက်ရှိသော နိုင်ငံအသီးသီးမှ အပြိုင်အဆိုင်ထုတ်လုပ်လာကြသော ကွန်ပျူတာနည်းစနစ်သုံး မျက်မှန်ပါဝါရှာဖွေသည့်စက်များ (Auto refractometers)၊ မျက်စိအမြင်စွမ်းရည်ကို စစ်ဆေးရန် အထူးပြုလုပ်ထားသော ပရိုဂျက်တာများ (Visual test projectors)၊ မျက်မှန်ပါဝါစစ်ဆေးသည့် ခေတ်မီကိရိယာများ (Digital Visiontesters) စသည့် အမျိုးအစားစုံလင်လှသည့် ခေတ်မီကိရိယာအမျိုးမျိုးကို မျက်မှန်ပါဝါရှာဖွေသည့် ပညာရပ်နယ်ပယ်၌ တွင်ကျယ်စွာ သုံးစွဲလာကြပြီဖြစ်ပါသည်။ ထိုပြောင်းလဲမှုများနှင့်အတူ မျက်မှန်ပါဝါရှာဖွေပေးသူပညာရှင် (Optometrist or Refractionist) များသည်လည်း မိမိတို့၏ နယ်ပယ်၌ အထူးနှံ့စပ်ကျွမ်းကျင်သူ (Professional) များအဖြစ် ခေတ်၏လိုအပ်ချက်နှင့်အညီ ပြောင်းလဲလာကြရပြီဖြစ်၏။ သို့ဖြစ်ရာ ၎င်းတို့သည် မျက်စိစမ်းသပ်စစ်ဆေးသည့် ဒစ်ဂျစ်တယ်ကိရိယာအမျိုးမျိုးနှင့် ရင်းနှီးကျွမ်းဝင်လျက် ဂရုတစိုက် သတိနှင့်ယှဉ်၍ အလုပ်လုပ်ကြရသည့်အပြင် လူနာများနှင့် ဆက်ဆံကြရသည့်အတွက် အချိန်ကိုအကျိုးရှိစွာ အသုံးချကြရမည့် အခြေအနေကိုလည်း ရင်ဆိုင်နေကြရပါသည်။

ထိုကဲ့သို့သောအချိန်လေလွင့်မှု အဖြစ်မခံနိုင်သည့် ခေတ်၏လိုအပ်ချက်ကို အမီလိုက်ရန်အတွက် လျင်မြန်စွာ အဖြေထုတ်ပေးနိုင်သည့် ခေတ်မီစက်ကိရိယာများကို မဖြစ်မနေ အားကိုးလာကြရ၏။ ကွန်ပျူတာနည်းစနစ်များကို အသုံးပြုထားပါသည်ဟု ညွှန်းဆိုထားသော မျက်မှန်ပါဝါ ရှာဖွေစမ်းသပ်စစ်ဆေးပေးသည့် ကိရိယာများအပေါ် အားကိုးယုံကြည်မှုများလွန်ကဲလာသောအခါ ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်အားထားမှု စံနှုန်းများ လျော့ကျလာပါသည်။ လူနာနှင့် ပညာရှင်တို့၏ ဆက်ဆံရေးကိုလည်း အဆိုးဘက်သို့ ယိုင်စေပြီး မှားယွင်းသောရလဒ်များကို ထွက်ပေါ်လာစေပါသည်။ မျက်မှန်ဆိုင်ဖွင့်လှစ်ရောင်းချသူများပင်လျှင် မျက်မှန်ပါဝါရှာဖွေခြင်းကို ပရော်ဖက်ရှင်နယ်များမဟုတ်သော်လည်း ခေတ်မီစက်ကိရိယာများအားကိုးဖြင့် ကိုယ်တိုင်လုပ်ကိုင်လာကြသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။

## ယုံကြည်ကိုးစားမှုရရှိရန် ကြိုးစား

ခေတ်မီစက်ကိရိယာများသည် မျက်မှန်ပါဝါရှာဖွေရာတွင် အထောက်အကူဖြစ်စေသော်လည်း ရာနှုန်းပြည့်မှန်ကန်သည်ဟူ၍ မမှတ်ယူသင့်ပါ။ အမှန်စင်စစ် ခလုတ်နှိပ်၍ အဖြေကိုထုတ်သောအလုပ်ထက် ပို၍နက်နဲသိမ်မွေ့သော စမ်းသပ်စစ်ဆေးမှုဖြစ်ကြောင်း နားလည်ထားရပါမည်။ လူသားအချင်းချင်း ဆက်ဆံရေးသဘောတရားမှ ကင်းလွတ်၍မရသည့် မျက်မှန်ပါဝါရှာဖွေရသော လုပ်ငန်းမျိုးတွင် လူနာနှင့်ပညာရှင်တို့၏ ဆက်ဆံရေးသည် အပြန်အလှန်အားဖြင့် နွေးထွေးညီညွတ်မှုရှိစေရန် အထူးလိုအပ်ပါသည်။ ပရော်ဖက်ရှင်နယ်ပညာရှင်တစ်ယောက်သည် မိမိလူနာနှင့် နွေးထွေးညီညွတ်သော ဆက်ဆံရေးရရှိလာရန် ကြိုးစားအားထုတ်နိုင်ရမည် ဖြစ်သည်။ ကာယကံရှင်လူနာ၏ ပကတိအမြင်ဖြင့် စဉ်းစားဆုံးဖြတ်သော ဆုံးဖြတ်ချက်သည်သာလျှင် စိတ်ချရသော မှန်ကန်သည့်အဖြေဖြစ်ကြောင်း လက်ခံကြရမည်ဖြစ်ပါသည်။ သို့မှသာ မိမိအနေဖြင့် ရလဒ်ကောင်းကို အချိန်တိုအတွင်း ရရှိနိုင်မည်ဖြစ်၏။ အရေးကြီးသည်မှာ မျက်စိစမ်းသပ်စစ်ဆေးမှုအတွေ့အကြုံသစ်ကို ရရှိစေမည့်လူနာနှင့် မျက်စိစမ်းသပ်စစ်ဆေးပေးမည့် ပညာရှင်တို့ ပထမဦးဆုံးဆုံတွေ့ကြရသည့် ကာလတိုလေးပင် ဖြစ်ပါသည်။ ထိုအချိန်ကာလသည် ဒုတိယအကြိမ် ပြန်မရနိုင်သကဲ့သို့ မိမိအပေါ် လူနာ၏ ယုံကြည်ကိုးစားမှုရရှိရန် ကြိုးစားရမည့် တန်ဖိုးရှိသော အချိန်လည်း ဖြစ်ပါသည်။

ထိုသို့ တိုတောင်းလှသောအချိန်အတွင်း၌ လူနာအား အကဲခတ်လေ့လာရန် လိုအပ်သကဲ့သို့ မိမိ၏ ကိုယ်အမူအရာ နှုတ်အမူအရာများကို သတိထားရန်လည်းလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအချိန်၌ ကောင်းမွန်သော ညီညွတ်သည့်ဆက်ဆံရေးကို ရရှိနိုင်သကဲ့သို့ မိမိ၏ မျက်မှန်ပါဝါရှာဖွေပေးသည့်လုပ်ငန်းကို နှောင့်နှေးသွားစေနိုင်သည့် ဆက်ဆံရေးမျိုးလည်း ပေါ်ပေါက်လာနိုင်သောကြောင့် ဖြစ်ပါသည်။

## နွေးထွေးသောဆက်ဆံရေး

သို့ဖြစ်ရာ လူနာနှင့်ရှေးဦးစွာတွေ့ဆုံချိန်၌ ထိုက်သင့်သော ရင်းနှီးမှုရရှိရန် ကြိုးစားနိုင်ရပါမည်။ လိုအပ်ပါက မိမိကိုယ်ကို မိတ်ဆက်ခြင်း၊ လူနာ၏အမည်ကို (မှတ်တမ်းစာအုပ်တွင် ရေးမှတ်ရန်မေးခြင်းမျိုးမဟုတ်ဘဲ) တရင်းတနှီးမေးမြန်းခြင်း၊ နေထိုင်ရာဒေသကို (ဘယ်ကလာတာလဲ၊ ဘယ်မှာနေတာလဲ စသည်ဖြင့်) မေးမြန်းခြင်း၊ ခရီးလမ်းပန်းအခြေအနေကိုပြောစေခြင်း (လမ်းခရီးဝေးသလား၊ သွားရေးလာရေးအဆင်ပြေရဲ့လား) စသည်ဖြင့် နွေးထွေးသောဆက်ဆံရေးကို တည်ဆောက်ရပါမည်။

အခေါ်အဝေါ်အားဖြင့်လည်း မိမိထက်အသက်ကြီးသူ၊ အသက်ငယ်သူ၊ ရွယ်တူတန်းတူ စသည်ဖြင့် သင့်တော်သောစကားလုံးများကို ရွေးချယ်သုံးနှုန်းရပါမည်။ (အနောက်တိုင်းအလိုအရ အသက်ငယ်ရွယ်သူကို ရှေ့နာမည် (First name) ကိုခေါ်၍၊ အသက်ကြီးသူအား နောက်နာမည် (Last Name) ကို ခေါ်ခြင်းကဲ့သို့ မိမိတို့အသိုင်းအဝိုင်းတွင်လည်း၊ အဘိုး၊ အဘွား၊ ဦးလေး၊ ဒေါ်လေး၊ ညီငယ်၊ ညီမငယ် စသည်ဖြင့် နမ်စားခေါ်ဝေါ်ခြင်းမျိုးကို သုံးစွဲရမည်ဖြစ်၏)။ အကောင်းဆုံးမှာ နာမည်ရင်းကို ခေါ်ခြင်းဖြစ်ပြီး မိမိအမည်တပ်၍ ပြောဆိုခြင်းကို များသောအားဖြင့် နှစ်သက်ကြပါသည်။ အကယ်စင်စစ် ထိုမိတ်ဆက်သောကာလတိုလေးသည် မိနစ်ပိုင်းပင်မရှိဘဲ စက္ကန့်အနည်းငယ်မျှသာရှိကြောင်း လက်တွေ့ကျင့်သုံးကြည့်ပါက တွေ့ကြရမည်ဖြစ်ပါသည်။

## အထောက်အကူဖြစ်

ကုသမှုရာဇဝင်ရယူခြင်းကို ဒုတိယအဆင့်တွင်မှ ပြုလုပ်သင့်ပါသည်။ မေးမြန်းရာတွင်လည်း မျက်စိကုသမှုရာဇဝင်မျှသာ မဟုတ်ဘဲ လူနာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လူမှုဘဝအခြေအနေများကိုလည်း စူးစမ်းမေးမြန်းသင့်ပါသည်။ ဒေသန္တရအခြေအနေများ၊ မိသားစုတာဝန်နှင့် မိသားစုဝင်အရေအတွက် စသည်တို့ကိုလည်း သိထားသင့်ပါသည်။ ၎င်းအခြေအနေများကို သိရှိခြင်းအားဖြင့် မျက်စိအမြင်အာရုံဆိုင်ရာ ပြဿနာများ၏ဇာစ်မြစ်ကို စဉ်းစားရာတွင် အထောက်အကူဖြစ်စေပါသည်။ လူနာများဘက်ကလည်း မိမိတို့၏ဒေသအကြောင်း၊ မိသားစုဝင်များအကြောင်းကို ပြောပြခွင့်ရသည့်အတွက် ကျေနပ်နှစ်သိမ့်မှုများရ၍ နွေးထွေးသော ဆက်ဆံရေးကို ခိုင်မာစေမည်ဖြစ်ပါသည်။

ထို့ပြင် လူနာတစ်ဦးချင်းစီနှင့်ပတ်သက်သော ထူးခြားသည့် အကြောင်းအရာအချို့ကိုလည်း ကုသမှုမှတ်တမ်းစာအုပ်တွင် (ရေးလေ့ရေးထမရှိသော်လည်း) ထည့်သွင်းရေးသားထားသင့်ပါသည်။ ၎င်းအချက်အလက်များသည် မျက်စိကုသရေးဆိုင်ရာ မှတ်ချက်မဟုတ်ဘဲ လူနာ၏ အခြားသောကိစ္စရပ်လည်း ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။ (ဥပမာ-၎င်းနှင့် ဆေးခန်းတွင် ပထမဦးဆုံး စတင်တွေ့ဆုံစဉ်က အာလာပသလ္လာပ ပြောကြားခဲ့သော အကြောင်းအရာတစ်ခုခု၏ အတိုကောက်မှတ်ချက်) ထိုမှတ်ချက်သည် နောက်တစ်ကြိမ်လာရောက်သောအခါ၌ လူနာနှင့် မျှတညီညွတ်သော ဆက်ဆံရေးကို ရရှိစေရန် အထောက်အပံ့ပြုသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရာ လူနာနှင့် မတွေ့ဆုံမီ လူနာမှတ်တမ်းစာအုပ်အား ရှေးဦးစွာလေ့လာခြင်းသည်လည်း လွန်စွာအရေးကြီးပါသည်။

## ဆွေးနွေးအဖြေရှာ

မျက်မှန်ပါဝါရှာဖွေခြင်းအဆင့်တွင် စိတ်ဝင်တစားဖြင့် အချိန်ယူဆောင်ရွက်ရပါမည်။ မျက်မှန်တပ်ရန်လိုအပ်သောလူနာအတွက် အချိန်လုံလောက်စွာ ပေးရပါမည်။ အကယ်၍ မျက်မှန်ပါဝါရရှိရန် စမ်းသပ်စစ်ဆေးမှုကို အဆောတလျင်ပြုလုပ်ပါက လူနာကို ပို၍ ခက်ခဲပင်ပန်းစေပါမည်။ အဘယ်ကြောင့်ဆိုသော် လူနာ၏စိတ်၌ အဖြေမှားသွားမည်ကို စိုးရိမ်သည့်စိတ် ပေါ်ပေါက်လာနိုင်သောကြောင့်ဖြစ်ပါသည်။ ထိုသို့ဖြစ်လျှင် မိမိအတွက် ရလဒ်ကောင်းနှင့် ပို၍အလှမ်းဝေးသွားမည်ဖြစ်၏။ သို့ဖြစ်ရာ သင့်တော်မည့် အမြင်စစ်ဆေးမှုပုံစံကို အချိန်ယူ၍ ရွေးချယ်ပါ၊ လူနာအား ကိုယ်ရောစိတ်ပါ ပေါ့ပေါ့ပါးပါးရှိနေစေရန် ဖန်တီးပေးပါ၊ စစ်ဆေးမေးမြန်းသည့်ပုံစံ မဖြစ်စေဘဲ ဆွေးနွေးအဖြေရှာသည့်ပုံစံဖြင့် စိတ်ဝင်တစားရှိလာစေရန် ကြိုးစားပါ။ ထိုအခါ လူနာနှင့် ပညာရှင်တို့အကြား၌ နွေးထွေးသောဆက်ဆံရေးကို တည်ဆောက်နိုင်ပြီး သင့်တော်မှန်ကန်သည့် မျက်မှန်ပါဝါကို ရရှိလာမည်ဖြစ်ပါသည်။

အကယ်၍ လူနာသည် မျက်မှန်ပါဝါစစ်ဆေးရှာဖွေရန်အတွက် သင့်တော်သောကျန်းမာရေးအခြေအနေမရှိလျှင်သော်လည်းကောင်း၊ မျက်စိခွဲစိတ်ကုသမှုပြုမှသာ အမြင်အာရုံတိုးတက်လာနိုင်သော အခြေအနေရှိနေလျှင်သော်လည်းကောင်း အထွေထွေရောဂါကုသမားတော်ကြီးများ၊ မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီးများနှင့် ပြသရန် တရင်းတနှီး တိုက်တွန်းပေးရမည်ဖြစ်ပါသည်။

သတိထားသင့်သောအချက်မှာ မျက်မှန်ပါဝါစမ်းသပ်ရှာဖွေနေသော ကာလတိုလေးကို တန်ဖိုးရှိအောင် အသုံးချရန်ပင်ဖြစ်ပါသည်။ လူနာအား စမ်းသပ်စစ်ဆေးစဉ်တစ်လျှောက်လုံး စိတ်အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်ရန်လိုပါသည်။ လူနာ၏ရှေ့တည့်တည့် ပေ ၂၀ (၆ မီတာ) အကွာတွင်ရှိသော အမြင်စစ်ဆေးသည့်သင်္ကေတများ (သို့မဟုတ်) ရုပ်ပုံများအကြောင်းကို လိုရင်းတိုရှင်း ပြောပြထားရပါမည်။ အစကနဦးတွင် ကြည်ကြည်လင်လင်မမြင်ရသေးစေကာမူ ပို၍ကြည်လင်သော အစိတ်အပိုင်းကိုသာ ရွေးချယ်ပေးရန်လိုကြောင်း၊ မှားလျှင်လည်း ပြဿနာမရှိကြောင်းများကို ရှင်းပြရပါမည်။

## စံချိန်မီအမြင်

လူနာအားမှန်ကန်စွာ ရွေးချယ်နိုင်ရန်အတွက် အချိန်ပေးရပါမည်။ ဇဝေဇဝါ မရေမရာဖြစ်နေလျှင် မေးမြန်းသည့်စာလုံး(သို့) ရုပ်ပုံ၏ပုံစံကို ချက်ချင်းပြောင်းပါ (စာလုံးမှ-အရုပ်ပုံသို့။ စာလုံးအဝိုင်းမှ-စာလုံးလေးထောင့်သို့ ။စာလုံးအသေးမှ-စာလုံးအကြီးသို့ စသည်ဖြင့် ပြောင်း၍ မေးသင့်ပါသည်)။ လူနာအတွက် သက်သောင့်သက်သာဖြင့် အကြည်လင်ဆုံးအမြင်ကို ရရှိစေနိုင်သောအဆင့်ကို အကောင်းဆုံးအဆင့်အဖြစ် ဆုံးဖြတ်၍ မျက်မှန်ပါဝါကို မှတ်သားရမည်ဖြစ်ပါသည်။ သိထားသင့်သည့်အချက်မှာ လူတိုင်းလူတိုင်းသည် အမြင်အာရုံ သတ်မှတ်ချက်စံနှုန်း (၆/၆ သမ ၂၀/၂၀)ကို ရရှိနိုင်သော ကျန်းမာရေးအခြေအနေရှိမှသာလျှင် စံချိန်မီအမြင်ကို ရနိုင်မည်ဟူသော အချက်ပင်ဖြစ်ပါသည်။

ရှာဖွေတွေ့ရှိသော မျက်မှန်ပါဝါအကြောင်း၊ ၎င်းပါဝါဖြင့်မြင်နိုင်သည့် အကောင်းဆုံးအမြင်စွမ်းရည်အဆင့် စသည့်အခြေအနေများကို လူနာအားရှင်းပြပေးခြင်းဖြင့်လည်း လူနာ၏ ကျေနပ်နှစ်သိမ့်မှုနှင့် ယုံကြည်ကိုးစားမှုကို ရရှိစေမည်ဖြစ်ပါသည်။ လူနာ၏ နားလည်နိုင်စွမ်းအခြေအနေပေါ်မူတည်၍ အဓိကကျသော အချက်များကို လိုရင်းတိုရှင်း ပြောပြတတ်ရန်လည်း လိုအပ်ပါသည်။

## လူသားဆန်သောဆက်ဆံရေး

သို့ဖြစ်ရာ နောက်ဆုံးပေါ်ခေတ်မီစက်ကိရိယာဖြင့် စမ်းသပ်၍ရရှိသော ရလဒ်ပင်ဖြစ်စေကာမူ ၎င်းသည် မသေချာမရေရာသေးသောအဖြေ (Subjective) မျှသာဖြစ်၍ လူနာကိုယ်တိုင်ကြည့်ရှု၍ စဉ်းစားဆုံးဖြတ်သော အဖြေသည်သာ သေချာရေရာသောအဖြေ (Objective) ဖြစ်ကြောင်း လက်ခံရပါမည်။ လူနာနှင့်ပညာရှင်တို့၏ နွေးထွေးသောဆက်ဆံရေးသည် မှန်ကန်သော မျက်မှန်ပါဝါရရှိရေးအတွက် အရေးကြီးသည့်သော့ချက်ဖြစ်သည့်အတွက် လူသားဆန်သောဆက်ဆံရေးဖြင့် ထိုက်သင့်သောအချိန်ကို အသုံးပြုသင့်ပါကြောင်း ပညာရပ်ဆိုင်ရာရှုထောင့်မှ ရေးသားအပ်ပါသည်။

**(http//www.newgradoptometry.com တွင် Machael Hay ရေးသားသော How To Effectively Build Patient Relationship ကို မှီငြမ်းပါသည်။)**

❑

# ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ခေတ်အေးကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာတွင် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပသည်။



ဆွေးနွေးပွဲကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကံဝင်း၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်တင်မြင့်ခိုင်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇင်မောင်မောင်တို့က ဦးဆောင်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြို့နယ်သမဝါယမအသင်း၏ လက်ရှိလုပ်ဆောင်နေသည့် အခြေအနေ၊ ကျေးရွာများတွင် သမအသင်းများ ပြန်လည်ဖွဲ့စည်းနိုင်ရေးစသည့် အခြေအနေများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဖြူမြို့နယ်၌ လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကျင်းပ

**ကျောက်ဖြူ ဇန်နဝါရီ ၂**
ကျောက်ဖြူမြို့ ပညာရည်မြှင့်တင်ရေးအသင်း၊ ရက္ခိုတအလင်းရောင် စာပေချစ်မြတ်နိုးသူများနှင့် ကျောက်ဖြူမြို့သူ၊ မြို့သားများ စုပေါင်း၍ကျင်းပသော 'လူငယ်နှင့်ပညာရေး' ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁ ရက် ည ၇ နာရီက နာရီစင်ကွင်း သာသနာ့ဗိမာန်ရှေ့၌ ကျင်းပသည်။

၂၀၁၈ ခုနှစ် အမျိုးသားစာပေဆုရစာရေးဆရာ ဦးမောင်မောင်စိုး၊ စာရေးဆရာမဒေါ်မော်မော်သင်း (Community Relations Consulant- BEM)၊ စာရေးဆရာ သရဝဏ်(ပြည်)တို့က လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် အသီးသီးဟောပြောခဲ့ကြသည်။



အဆိုပါဟော ပြောပွဲကို ကျောက်ဖြူမြို့ရှိ စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ခဲ့သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တန့်ယန်း ဇန်နဝါရီ ၂**
(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက သန့်ရှင်းရေးပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မြို့တွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိသော ရေသွယ်မြောင်း၊ ရေနုတ်မြောင်းများအတွင်းရှိ ကြွပ်ကြွပ်အိတ်များ၊ အမှိုက်များရှင်းလင်းခြင်း၊ ရွှံ့နွံများ ဖယ်ရှားပေးခြင်းတို့ကို ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## နှစ် ၆၀ ပြည့် သာကေတမြို့တည် အထိမ်းအမှတ် စည်ကားစွာကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**
ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့တည် နှစ် ၆၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၄ ရက်မှ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) ညနေ ၆ နာရီတွင် မြို့နယ်အားကစားကွင်း၌ စာရေးဆရာ လယ်တွင်းသားစောချစ်နှင့် ဆရာမ ဂျူး တို့က ဟောပြောကြမည်ဖြစ်သည်။ ထို့အတူ စာရေးဆရာ မော်ဝန်းကြည်မြတ် ဦးစီးသော သာကေတမြို့နယ် စာရေးဆရာအသင်း၏ ဂီတဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ဇန်နဝါရီ ၅ ရက် နံနက် ၅ နာရီတွင် သံဃာ ၆၃ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်ပြီး မြို့နယ်လုံးကျွတ် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်မည်ဖြစ်သည်။

နံနက် ၇ နာရီတွင် မြို့အဝင်ကျောက်တိုင်ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကျင်းပသွားမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် မြို့တည်နှစ် ၆၀ ပြည့်အခမ်းအနားကို Fortune Plaza Exhibition Hall ၌ ကျင်းပသွားမည်ဖြစ်သည်။

ညနေ ၆ နာရီမှစတင်ကာ မြို့နယ်အားကစားကွင်း၌ မြို့နယ် သဘင်ဂီတအစည်းအရုံးမှ အငြိမ့်၊ တေးဂီတတို့ဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။ စာအုပ်ဈေးရောင်းပွဲတော်ကို အခမ်းအနားကျင်းပသည့် နှစ်ရက်စလုံးတွင် ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းတင်**

## ကျောက်ပန်းတောင်းမြို့တွင် မျက်စိခွဲစိတ်ဝေဒနာရှင်များအား မျက်မှန်နှင့် ဆေးဝါးများထောက်ပံ့

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ နဒီရွှေဝါမိသားစု၏ မျက်စိအလင်းလှူပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက မျက်စိခွဲစိတ်ပြီးဝေဒနာရှင်များအား အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများက မျက်မှန်များနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်၊ နတ်မောက်မြို့နယ်၊ ချောက်မြို့နယ်၊ ညောင်ဦးမြို့နယ်တို့မှ မျက်စိဝေဒနာရှင်များ လာရောက်ကုသမှု ခံယူခဲ့ကြကြောင်းသိရသည်။



မျက်စိ လာရာက်ပြသကြသူများအနက်မှ ခွဲစိတ်ရန်မလိုအပ်သူများကို ပါဝါမျက်မှန်လိုအပ်ပါက မျက်မှန်များပေးအပ်ခြင်း၊ ဆေးဝါး လိုအပ်သူများကို ဆေးဝါးထောက်ပံ့ခြင်းများ ပြုလုပ်ပေးခဲ့ပြီး ခွဲစိတ်ရန်လိုအပ်သူများကို မျက်စိအထူးကုခွဲစိတ်ပါရဂူကြီးများဖြင့် ခွဲစိတ်ကုသဆောင်၌ ခွဲစိတ်ကုသပေးသည်။

အဆိုပါ မျက်စိခွဲစိတ်ကုသမှု သုံးရက်အတွင်း ပြင်ပလူနာပေါင်း ၁၉၉၇ ဦး၊ အကြီးစား ခွဲစိတ်လူနာပေါင်း ၂၇၅ ဦးနှင့် အသေးစားခွဲစိတ်လူနာ နှစ်ဦးရှိကြောင်းသိရပြီး မျက်မှန်လိုအပ်သည့်လူနာ ၉၉၃ ဦး၊ မျက်စဉ်းဆေးလိုအပ်သည့် လူနာ ၇၂၇ ဦးရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## တိုတိုထွာထွာဖတ်စရာ

### သုံးခွမြို့နယ်တွင် ပဲတီစိမ်းစိုက်ခင်းများအတွင်း ဥကပ်ပါးနကျပ်ကောင်ကတ်များချိတ်ဆွဲ

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကတုံးပေါ်အထက်ကျေးရွာနေတောင်သူ ဒေါ်မြင့်မြင့်သိန်း၏ ပဲတီစိမ်းစိုက်ခင်းဧက ၂၀ ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ဥကပ်ပါးနဂျိကတ် ၈၀၀ ချိတ်ဆွဲပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချိတ်ဆွဲထားသဖြင့် ဥကပ်ပါးနကျပ်ကတ်များမှ အကောင်များ ပေါက်ပွားလာပြီး ပဲတီစိမ်းပင်များတွင်ကျရောက်သော ငမြောင်တောင်၊ ဖလံကောင်မျိုးနွယ်အုပ်စုများ၏ ဥများဖျက်ဆီးစားသောက်သဖြင့် ပိုးမွှားကောင်များ ပေါက်ပွားလာခြင်းမရှိတော့သဖြင့် ပဲတီစိမ်းအပင်များ ပိုမိုရှင်သန်အောင်မြင်ဖြစ်ထွန်းမည်ဟု သိရသည်။

**ကိုကျော်(သုံးခွ)**

### ဘိန်းအစားထိုး ဓာတ်မြေသြဇာနှင့် ပဲပုပ်မျိုးစေ့ပေးအပ်

**လဲချား**
ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်းရှိ ပန်တန်၊ ဖာလံ၊ ဝမ်ယိမ်းကျေးရွာတို့တွင် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုး ဓာတ်မြေသြဇာနှင့် ပဲပုပ်မျိုးစေ့ပေးအပ်ပွဲကျင်းသည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေသြဇာ ၃၈ အိတ်နှင့် လယ်မြေ ၁၅ ဧက စိုက်ပျိုးရန် ပဲပုပ်မျိုးစေ့များ ပေးအပ်ခဲ့ရာ ကျေးရွာအုပ်စု ဒေသခံတောင်သူများက လက်ခံရယူခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### မိတ္ထီလာမြို့လွတ်လပ်ရေးပန်းခြံ၌ ပထမဆုံး LED ရောင်စုံမီးအလှပြပွဲ ကျင်းပမည်

**မိတ္ထီလာ**
မိတ္ထီလာမြို့ လွတ်လပ်ရေးပန်းခြံ၌ ပထမဆုံး LED မီးလုံးရောင်စုံမီးအလှပြပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၃ ရက်အထိ ၁၂ ရက်-ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကြိုင်က ပြောသည်။

အဆိုပါ LED မီးလုံး ရောင်စုံမီးအလှပြပွဲတွင် မိတ္ထီလာမြို့နယ်အတွင်း အထင်ကရပြယုဂ်များဖြစ်သည့် ဖောင်တော်ဦးစေတီတော်၊ နာရီစင်၊ လေယာဉ်ပျံများနှင့် မိတ္ထီလာဒေသနှင့် ဆက်စပ်သည့်ပုံရိပ်များကို LED မီးလုံးအရေအတွက် သန်းတစ်ရာခန့်ဖြင့် ပုံဖော်ပြသမည်ဖြစ်သည်။ မိတ္ထီလာလွတ်လပ်ရေးပန်းခြံ၌ကျင်းပမည့် LED မီးလုံး ရောင်စုံမီးအလှပြပွဲသို့ လာရောက်ကြည့်ရှုသူများအား လူကြီးတစ်ဦး ကျပ် ၂၀၀၀၊ ကလေးတစ်ဦး ကျပ် ၁၀၀၀ ဝင်ကြေးသတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

### မြန်မာရွှေ့ပြောင်းအလုပ်သမား ခုနစ်ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ်**
မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ခုနစ်ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ အမျိုးသား ၈၂၃ ဦး၊ အမျိုးသမီး ၃၇၂ ဦးနှင့် ကလေး ၃၉ ဦး စုစုပေါင်း ၁၂၃၄ ဦးရှိခဲ့ပြီး ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်းအလုပ်သမား ခုနစ်ဦးသည် ၂၀၁၉ ခုနှစ်အတွက် ပထမဦးဆုံး ပြန်လည်လွှဲပြောင်းပေးအပ်မှုဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

### ဇလွန်မြို့နယ်တွင် ငါးမျိုးစိုက်ထည့်

**ဇလွန်**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့အတွင်းရှိ ကြေးတိုင်အင်း ၁၁ အင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့၌ ကျင်းပသည်။

ဌာနဆိုင်ရာတာဝန်ရှိသူများမှ အင်းသားကြီးများသို့ လေးလက်မအရွယ်ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၈၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံ (ပြန်/ဆက်)**



# သြစတြေးလျမှာ အတူတွေ့ခဲ့ရတဲ့ ရှင်မင်အနဲ့ ကမ်ဝူဘင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ကမ်ဝူဘင်နဲ့ မင်းသမီး ရှင်မင်အ တို့ဟာ လတ်တလောမှာတော့ သြစတြေးလျကို ရောက်ရှိနေတာဖြစ်ပါတယ်။ သြစတြေးလျကို အလည်အပတ်ခရီး အတူတူ ရောက်ရှိနေကြတဲ့ သူတို့နှစ်ဦးရဲ့ ဓာတ်ပုံတွေဟာ လတ်တလောမှာတော့ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁ ရက်မှာ လေးနှစ်ကြာ လက်တွဲလာခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲ ကမ်ဝူဘင်နဲ့ ရှင်မင်အတို့ကို သြစတြေးလျမှာ အတူတွေ့ခဲ့ရတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ အတူလက်တွဲကာ လမ်းလျှောက်ခဲ့ကြပြီး နေ့လယ်စာအတူစားခဲ့တာ တွေ့ရပါတယ်။

ကမ်ဝူဘင်နဲ့ ရှင်မင်အတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း နှစ်ဦးသား ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ တောင်ကိုရီးယားအနုပညာရှင်တွေအနက် ချစ်သူတွေအဖြစ် တရားဝင်ထုတ်ဖော်ပြောကြားပြီး ပေါ်ပေါ်ထင်ထင်လက်တွဲခဲ့ကြတဲ့ စုံတွဲတစ်တွဲဖြစ်ပါတယ်။

ကမ်ဝူဘင်ဟာ လက်ရှိမှာ ကင်ဆာရောဂါခံစားနေရတာကြောင့် အနုပညာလုပ်ရှားမှုတွေကနေ အနားယူထားတာဖြစ်ပါတယ်။ ကင်ဆာရောဂါအတွက် ကုသမှုတွေလည်း ခံယူနေပြီး လတ်တလော သြစတြေးလျမှာတွေ့ရတဲ့ပုံတွေမှာတော့ မင်းသားဟာ အတော်လေးပိန်နေတာကိုလည်း တွေ့ရပါတယ်။ ရှင်မင်အကတော့ မကြာမီမှာ ရုပ်ရှင်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ရှိနေပါတယ်။ ၂၀၁၉ ခုနှစ် အစောပိုင်းမှာ ရှင်မင်အရဲ့ ရုပ်ရှင်သစ် "Diva"ကို စတင်ရုံတင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

## ခါအီနဲ့ ဂျန်းနီတို့ ချစ်သူတွေဖြစ်နေကြောင်းအတည်ပြုပြီးနောက် သူတို့ရဲ့ လူမှုကွန်ရက်စာမျက်နှာကို စိတ်ဝင်စားသူများလာ

၂၀၁၉ ခုနှစ်ရဲ့ နှစ်စမှာ ပထမဆုံး ပေါ်ထွက်လာတဲ့ ကြယ်ပွင့်စုံတွဲကတော့ "EXO"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခါအီနဲ့ ကျော်ကြားတဲ့ အမျိုးသမီး ကေပေါ့ပ် တေးဂီတအဖွဲ့ "BLACK PINK"ရဲ့ ဂျန်းနီတို့ဖြစ်ပါတယ်။ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုက စတင်ဖော်ထုတ်လာတာပါ။ ချစ်သူတွေ ဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်ခဲ့ပြီးနောက် မကြာမီမှာပင် သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက ဒီသတင်းတွေကို အတည်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားပြီးနောက်မှာတော့ ကြယ်ပွင့်တွေရဲ့ လူမှုကွန်ရက်မီဒီယာတွေကို စိတ်ဝင်စားသူပိုမိုများပြားလာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ဒစ်ဘက်ချ်က ဇန်နဝါရီ ၁ ရက်မှာ အဆိုပါ ကေပေါ့ပ်ကြယ်ပွင့်စုံတွဲကို သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံနေစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ပြီး နှစ်ဦးသား ချစ်သူတွေဖြစ်နေကြကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီဓာတ်ပုံတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာ ဂျန်းနီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က သေသေချာချာ မသိသေးကြောင်းနဲ့ ဆက်သွယ်စုံစမ်းနေကြောင်း တုံ့ပြန်ခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုအတည်ပြုပြီးနောက်မှာတော့ ခါအီနဲ့ ဂျန်းနီတို့ သူတို့ရဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ယခင်ကဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေကို စိတ်ဝင် စားသူ၊ ကြည့်ရှုသူတွေ ပိုမိုများပြားလာတာဖြစ်တယ်လို့ သိရပါတယ်။

ယခင်ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေထဲမှာ ခါအီနဲ့ ဂျန်းနီတို့ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၃ ရက်မှာ အီဖယ်မျှော်စင်ရှေ့မှာ တစ်ဦးချင်းစီရိုက်ကူးထားတဲ့ သူတို့ရဲ့ပုံတွေကို သူတို့ရဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်မှာ တစ်ရက်တည်းဖော်ပြခဲ့တာကို တွေ့ရပါတယ်။ ဂျန်းနီကတော့ သူဖော်ပြခဲ့တဲ့ ဓာတ်ပုံရဲ့အောက်မှာ ရိုမန်းတစ်အဆန်ဆုံးသော ညစာဖြစ်ခဲ့ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။ ခါအီကတော့ သူ့ရဲ့ အီဖယ်မျှော်စင်ရှေ့ရိုက်ကူးထားတဲ့ ဓာတ်ပုံအောက်မှာ တစ်စုံတစ်ရာ ရေးသားဖော်ပြခဲ့တာ မတွေ့ရပါဘူး။

ပရိသတ်တွေဟာ ခါအီနဲ့ ဂျန်းနီတို့ ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေကနေ နှစ်ဦးသား အဝတ်အစား အသုံးအဆောင်တွေ ဆင်တူ သုံးခဲ့ကြတာကိုလည်း တွေ့ခဲ့ကြတယ်လို့ သိရပါတယ်။



၂၀၁၈ ခုနှစ်အတွက် နှစ်ကုန်အနုပညာထူးချွန်ဆုပေးပွဲကို KBS ရုပ်သံလိုင်းက ပြုလုပ်ခဲ့ရာ ယင်းဆုပေးပွဲမှာ ထူးချွန်ဆုရရှိခဲ့ကြတဲ့ ဂျန်မီဟီး၊ ပါ့ခ်စ်ဟာနာ၊ ကန်အွန်တက်၊ ချာတေဟွန်း (ဝဲမှယာ)တို့ ဆုလက်ခံအပြီး အမှတ်တရစကားပြောကြားစဉ်။



# နှစ်သစ်ပါတီကို ထူးထူးခြားခြား ကျင်းပခဲ့တဲ့ တေလာဆွစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ ၂၀၁၉ ခုနှစ်ကို ကြိုဆိုတဲ့ နှစ်သစ်ပွဲပါတီမှာ သူငယ်ချင်းတွေနဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒီနှစ်ရဲ့ နှစ်သစ်ကူးပါတီမှာတော့ ပါတီပွဲတက်ရောက်လာသူတွေကို ငယ်ဘဝက ကိုယ်ကြိုက်နှစ်သက်အားကျခဲ့ရတဲ့ သူရဲကောင်းတွေအတိုင်း ပြင်ဆင်လာခဲ့စေတာဖြစ်ပါတယ်။ တေလာဆွစ်ကိုယ်တိုင်ကတော့ ရေသူမလေး အေရီရယ်လို ပြင်ဆင်ဝတ်စားထားတာကိုလည်း တွေ့ရကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၃၁ ရက်မှာ တေလာဆွစ်က နှစ်သစ်အကြိုပါတီကို ဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။ ဒီပါတီပွဲမှာတော့ ကြယ်ပွင့်တွေကို ဖိတ်ကြားခဲ့ပြီး အနုပညာလောကမှ တေလာဆွစ်နဲ့ ရင်းနှီးသူတွေ တက်ရောက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒ့ါအပြင် ပေါ့ပ်ကြယ်ပွင့်နဲ့ ရင်းနှီးတဲ့သူငယ်ချင်းတွေလည်း တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်ရဲ့ ပါတီကို နာမည်ကျော် တေးသံရှင်တွေဖြစ်ကြတဲ့ ဘလိတ်ခ်လိုင်ဗလီတို့ စုံတွဲလည်း တက်ရောက်ခဲ့ပါတယ်။ ဒ့ါအပြင် နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်ပြီး တေလာဆွစ်ရဲ့ အရင်းနှီးဆုံးသော သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဂျီဂျီဟာဒစ်လည်း တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ တက်ရောက်လာကြတဲ့ ကြယ်ပွင့်တွေဟာ ဝတ်စုံတွေ အသီးသီးဝတ်ဆင်လာခဲ့ကြပြီး တေလာဆွစ်ကတော့ အေရီရယ်လို ပြင်ဆင်ဖို့ရာ အနီရောင်ဆံပင်ရှည်ကြီးနဲ့ အလှဆင်ထားပါတယ်။ ဒ့ါအပြင် အေရီရယ်ရဲ့ ဝတ်စုံကိုလည်း ဝတ်ဆင်ထားတာ တွေ့ရပါတယ်။

လတ်တလော ပြုလုပ်ခဲ့တဲ့ တေလာဆွစ်ရဲ့ နှစ်သစ်ပါတီပွဲဟာ နှစ်သစ်ကို ကြိုဆိုတာတစ်ခုတည်းကြောင့် ပြုလုပ်ခဲ့ခြင်းမဟုတ်ပါဘူး။ အများက စောင့်မျှော်နေတဲ့ တေလာဆွစ်ရဲ့ "Reputation Stadium Tour" နယ်လှည့်တေးဂီတဖျော်ဖြေပွဲက ပုံရိပ်တွေကိုလည်း နက်ဖလစ်ဇ်က ပါတီပွဲ ကျင်းပခဲ့တဲ့နေ့မှာပင် စတင်ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။

"Look What You Made Me Do"တေးသီချင်းရဲ့ တေးသံရှင် တေလာဆွစ်ဟာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက အားလပ်ရက်တွေမှာ ချစ်သူဖြစ်တဲ့ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်နဲ့အတူ ဖြတ်သန်းခဲ့တာ ဖြစ်ပါတယ်။ ဒီဇင်ဘာ ၃၀ ရက်မှာတော့ သူတို့နှစ်ဦး နယူးယော့ခ်က လမ်းတွေပေါ်မှာ အတူလက်တွဲကာ လျှောက်သွားတာကို တွေ့ခဲ့ရပါတယ်။ ဒီလို နှစ်ဦးသားအတူ လမ်းတွေပေါ်လျှောက်သွားရင်း စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ စားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# စိတ်ဝင်တစား လေ့လာလိုကြသည့် စလေရုပ်စုံကျောင်းတော်ကြီး

ခဲ မောင်ယဉ်ကျေး

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ရှိ ရုပ်စုံကျောင်းတော်ကြီးသည် မြန်မာသာမက ကမ္ဘာထိပင် ကျော်ကြားသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်လေသည်။ ရတနာပုံခေတ် နန်းတွင်းစာဆိုတော် စလေဦးပုည၊ ရှေးဟောင်းသမိုင်းဝင် ရှင်ပင်စာကြိုမြတ်စွာဘုရား၊ ရှင်ပင်လာဘမံဘုရား၊ မဟာမြတ်မုနိရခိုင်ဘုရားကြီးတို့သည် စလေဒေသ၏ ထင်ရှားသည့် အမွေအနှစ်များဖြစ်သလို နာမည်ကျော် အစေ့လွတ်စလေဆီးသီးကြောင့်လည်း အထူးပင်ထင်ရှားပြီး ခရီးသွားများ လာရောက်မှု များပြားသည့် ဒေသတစ်ခုလည်းဖြစ်သည်။ စလေဒေသသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာကြသည့် ဧည့်သည်တိုင်း မဖြစ်မနေ စိတ်ဝင်တစားသွားရောက်လေ့လာလိုကြသည့် နေရာတစ်ခုကတော့ အထက်တွင်ဖော်ပြခဲ့သည့် စလေရုပ်စုံကျောင်းတော်ကြီးပင်ဖြစ်လေသည်။

အဆိုပါ စလေရုပ်စုံကျောင်းတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အလျားပေ ၁၅၀၊ အနံ ၈၉ ပေ၊ ကျွန်းတိုင်လုံးပေါင်း ၁၅၄ လုံးရှိကာ ၁၀ နှစ်ခန့်တည်ဆောက်ခဲ့ရပြီး မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် ပြီးစီးခဲ့ကာ ဦးဘိုးကြည်နှင့် ဇနီး ဒေါ်ရွှေသက်တို့က ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် ကုသိုလ်တော်ဖြစ်သည်။ လက်ရှိကျောင်းတော်ကြီးတွင် အဆောင်ခြောက်ဆောင်ကျန်ရှိကာ လက်ရာမြောက်လှသည့် ကမ္ဘာကျော်ပန်းပုရုပ်ပေါင်း ၄၅ ရုပ်နှင့် အလှဆင်ထားသည့် မြန်မာ့ယဉ်ကျေးမှု ဂုဏ်ဆောင် ကျောင်းတော်ကြီးဖြစ်လေသည်။ စလေဒေသအနီးတစ်ဝိုက်တွင် တွေ့ရှိရသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများ၊ ဆင်းတုတော်အမျိုးမျိုး၊ ပေ၊ ပုရပိုက်များအား စုဆောင်းကာ အများပြည်သူ လေ့လာနိုင်ရန်အတွက် ရှေးဟောင်းသုတေသနပြတိုက်အဖြစ် ၁၉၉၅ ခုနှစ်မှစတင်ကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ကာ ဖွင့်လှစ်ခဲ့ရာ နေ့စဉ်နှင့်အမျှ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိပေသည်။

ထိုသို့ စလေရုပ်စုံကျောင်းတော်ကြီး ရှေးဟောင်းသုတေသနပြတိုက်အား အများပြည်သူလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသထားပေးရာတွင် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာမှုများပြားသည့် ပြန်တမ်းဝင် ပိတ်ရက်များတွင် ကျောင်းတော်ကြီးအား ပိတ်ထားသည်ကတော့ ရပ်ဝေးမှ တကူးတက လာရောက်လေ့လာကြသူများအနက် အဟန့်အတားတစ်ခုဖြစ်နေလေပေသည်။ ပြတိုက်အား တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက် ပိတ်ရက်အဖြစ် သတ်မှတ်ချက်အား အခြေအနေ အချိန်အခါပေါ်မူတည်၍ ဆောင်ရွက်သင့်လှပေသည်။ ယခုလို နှစ်သစ်ကူးကာလနှင့် လွတ်လပ်ရေးပွဲတော်များ ကျင်းပချိန် ပြန်တမ်းဝင်ရုံးပိတ်ရက်များ ပြားသည့် ခရီးသွားကာလတွင် မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အပန်းဖြေအနားယူလိုသူများ အများအပြား အပန်းဖြေခရီးနှင့် လေ့လာရေးခရီးထွက်ကြရာတွင် ပုဂံ-ကျောက်ပန်းတောင်း-စလေ ဒေသတို့သည် ယှဉ်တွဲလျက်ရှိနေပေသည်။



သို့သော် စလေဒေသသို့ တကူးတက လာရောက်ကြသူများမှာ ပိတ်ထားသည့် စလေရုပ်စုံကျောင်းတော်ကြီးအား လေ့လာခွင့်မရကြသည်မှာ မျှော်လင့်ချက်များ သဲထဲရေသွန်ပမာ ဖြစ်ကြရသည်ကတော့ ဝမ်းနည်းဖွယ်ရာပင်ဖြစ်လေသည်။

သို့ဖြစ်ပါသောကြောင့် လေ့လာရေးလာရောက်သူများပြားသည့် ပြန်တမ်းဝင် ရုံးပိတ်ရက်များတွင် စလေရုပ်စုံကျောင်းတော်ကြီး ပိတ်ထားမှုအပေါ် ပြန်လည်သုံးသပ်ပြီး အများပြည်သူလေ့လာနိုင်ရေးအတွက် သင့်လျော်မည့် အစီအမံများဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

## အမျိုးသားယဉ်ကျေးမှုရတနာသိုက် အမျိုးသားပြတိုက်

စာမျက်နှာ ၁၅ မှ



မြန်မာ့စောင်း၊ မွန်လခြမ်းတူရိယာ၊ ကရင်ဖားစည်၊ ရှမ်းအိုးစည်၊ ကရင်ဗျတ်စောင်း၊ ထားဝယ်တယော၊ ရခိုင်မင်္ဂလာစည်တော်၊ မနောနဲ့၊ ငြင်းတူရိယာ စသည့် တိုင်းရင်းသားတို့၏ အမှတ်တံဆိပ်သင်္ကေတတူရိယာများ၊ ရုပ်သေးသဘင်နှင့် မြန်မာ့ကြိုးဆွဲရုပ်သေးရုပ်များ၊ မြန်မာ့ဇာတ်သဘင် ဇာတ်စင်စသည်တို့ကို ပြကွက်ပေါင်း ၃၀ ဖြင့် ခင်းကျင်းပြသထားသည်။

မြန်မာ့အနုသုခုမပြခန်း ဘီ(၄)မှ သမိုင်းတင်ခေတ်ဦးပြခန်း ဘီ(၅) သို့ ဝင်ရောက်လေ့လာကြရာ ဟန်လင်းမြို့ဟောင်း၊ အုတ်မြို့ရိုးဝင်ပေါက်ပုံစံတူကို တွေ့လိုက်ရသည်။ သမိုင်းတင်ခေတ်ဦးကို ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုအထိ သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံအနေဖြင့် ပျူခေတ်ကာလဟု ဆိုရမည်။ ထိုပြခန်းတွင် ပျူအရိုးအိုးများ၊ ရွှေငွေအဆင်တန်ဆာ လက်ဝတ်ရတနာများ၊ အုတ်ချပ်များ၊ ကျောက်စာများကို ပြသထားသည်။ စိတ်ဝင်စားစရာနယားခေါင်းပုံရွှေလက်ကြပ်၊ ဆင်သုံးကောင်ပါ ကျောက်ဆွဲကြိုး၊ မဟာယနကြေး ခေါင်းလောင်း၊ အဆင်တန်ဆာများ၊ ဒင်္ဂါးများ၊ ပုတီးများ၊ တီးမှုတ်ကခုန်ဟန်ကျုံ့တူမြေအုတ်ချပ်၊ လက်စင်းပါ အုတ်ချပ်များနှင့် မြေထည်အိုးများစသည်တို့ကို ပြကွက်ပေါင်း ၃၁ ကွက်နှင့် ပြသထားသည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းမြို့၌ တွေ့ရှိရသည့် ဘာသာရေးအထိမ်းအမှတ် ကျောက်တိုင်ပုံစံတူကိုလည်း ပြသထားသည်။ စိတ်ထဲတွင် သွားရောက်လေ့လာဖူးသည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစ၍ ပျူမြို့ပြနိုင်ငံတည်ထောင်ခဲ့သည့်ဟန်လင်းမြို့ဟောင်း၏ ပုံရိပ်များကို မျက်စိထဲတွင် မြင်ယောင်လာမိသည်။

### လှပတင့်တယ်ကြည်ညိုဖွယ်

သမိုင်းတင်ခေတ်ဦးပြခန်း ဘီ (၅) တွင် လေ့လာပြီးနောက် ဘီ (၆)တွင်တည်ရှိသည့် သမိုင်းတင်ခေတ် (အေဒီ ၁၁-၁၄ ရာစု) ပြခန်းသို့ ဝင်ရောက်လိုက်သည်။ တစ်နည်းအားဖြင့် ပုဂံခေတ်ပြခန်းဟု ဆိုနိုင်သည်။ ဤပြခန်းကို နိုင်ငံခြားသားတွေ အကြိုက်ဆုံးနှင့် ဝင်ရောက်ကြည့်ရှုမှုအများဆုံးဖြစ်ကြောင်း ပြတိုက်ဝန်ထမ်းလေးက ပြောပြသည်။ ခန်းမကြီးအလယ်တွင် နံရံဆေးရေးပန်းချီလက်ရာများနှင့် ပုဂံခေတ်လက်ရာဂူဘုရားဟောင်းပုံစံတူတစ်ဆူကို ပြသထားရာ စိတ်ဝင်စားမှုကို နိုးထစေသည်။ ပြခန်းအတွင်းတွင် ပုဂံခေတ်အထင်ကရဘုရားစေတီအချို့၏ စကေးကိုက် ပုံစံငယ်များ၊ ဆင်းတုတော်များ၊ အင်္ဂတေပန်းများ၊ ရုပ်ကြွများ၊ ပုဂံခေတ်ဝတ်စားဆင်ယင်မှုပုံစံများ၊ အုတ်ခွက်မြေပုံဘုရားများ၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ အန္တဂူဘုရား၊ ကြေးကြာဖူး၊ ရွှေအုန်းဖူးဆွဲကြိုး၊ စဉ့်ပန်းဝိုင်းများ၊ ရွှေစည်းခုံကျောက်စာစသဖြင့် ပုဂံခေတ်လက်ရာများစွာကို ပြသထားသည်။ ပုဂံခေတ် အထင်ကရဘုရားစေတီ စကေးကိုက်ပုံစံငယ်များတွင် အာနန္ဒာဘုရား၊ သဗ္ဗညုနှင့် ဓမ္မရံကြီးဘုရားသုံးဆူကို တွေ့ရှိရသည်။ စိတ်ထဲတွင် ပုဂံနှင့်ပတ်သက်လျှင် “ထုမှာ ဓမ္မရံ၊ ဉာဏ်မှာ သဗ္ဗညု၊ အနုမှာ အာနန္ဒာ၊ အလှမှာ ရွှေစည်းခုံ”ဟူသည့်စာချိုးလေးကို စွဲနေသည်။ ပုဂံ၏အလှ၊ ပုဂံ၏အထင်ကရဘုရားစေတီလေးဆူထဲတွင် အနုရုဒ္ဓါမင်းကြီးနှင့် ထီးလှိုင် ကျန်စစ်သားမင်းကြီးတို့၏ကောင်းမှုဖြစ်သည့် ရွှေစည်းခုံစေတီတော်ကြီး၏ပုံစံတူ မပါရှိခြင်းကို လိုအပ်ချက်ဟု ထင်မြင်မိသည်။ ပုဂံညောင်ဦးမြို့၏ မည်သည့်အရပ်နေရာကမဆို ရွှေရောင်တဝင်းဝင်းဖြင့် လှပတင့်တယ်ကြည်ညိုဖွယ် မဆုံးဖူးတွေ့နိုင်သည့် ရွှေစည်းခုံစေတီတော်ကြီး၏ပုံစံတူလည်း ပြတိုက်မှာ ရှိစေချင်မိသည်။

သမိုင်းတင်ခေတ်ပြခန်းကိုလေ့လာပြီးနောက် အဆောင် (ဒီ)တွင် တည်ရှိနေသည့် မြန်မာ့လက်မှုအနုပညာပြခန်းကို ဝင်ရောက်လေ့လာဖြစ်ကြသည်။ ပန်းဆယ်မျိုးဟု ခေါ်ဝေါ်ကြသည့်မြန်မာ့လက်မှုပညာများဖြစ်သည့် ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီနှင့် ပန်းယွန်းနှင့် ပတ်သက်သည့် ငွေထည်များ၊ ဆင်စွယ်ပန်းပုထည်များ၊ ရိုးရာချည်ထည်နှင့် အချိတ်ဒီဇိုင်းများ၊ ရွှေဆိုင်းနှင့် ရွှေချည်ထိုး ပြုလုပ်ပုံအဆင့်ဆင့်၊ အင်းလေးကြာချည်သင်္ကန်း၊ ကြာချည်ပဝါ၊ မှန်စီရွှေချယွန်းဆွမ်းအုပ်များ၊ စဉ့်ထည်များစသည့် လက်ရာပစ္စည်းများကို ခင်းကျင်းပြသထားသည်။ မြန်မာ့ရိုးရာကျေးလက်အိမ်၊ ရက်ကန်းစင်နှင့် ဗိုင်းငင်နေသည့် ကျေးလက်သမီးပျိုလေး၏ ပြကွက်ကနှစ်သက်ကြည်နူးဖွယ်ရသကို အပြည့်အဝခံစားနိုင်ပေသည်။

အခန်း ဒီ (၁)နှင့် မျက်နှာချင်းဆိုင်မှ အခန်း ဒီ (၂) မှာ အာဆီယံပြခန်းဖြစ်သည်။ ထိုပြခန်းဆောင်အတွင်းတွင် မိမိတို့နိုင်ငံနှင့် မိတ်ဖက်ဖြစ်သည့် အာဆီယံနိုင်ငံများအကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ အာဆီယံနိုင်ငံများ၏အမှတ်တံဆိပ်များ၊ Landmark များ၊ အမျိုးသားပန်းများ၊ ရိုးရာအစားအစာများ၊ ရိုးရာဝတ်စုံများနှင့် ဝတ်စားဆင်ယင်ပုံများကို ပြသထားသည်။

အာဆီယံပြခန်း၏တစ်ဖက် အခန်း ဒီ (၃) တွင် ကလေးသူငယ်များပညာပေးပြခန်း တည်ရှိသည်။ ထိုပြခန်းတွင် သဘာဝသမိုင်း၊ မြန်မာ့သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအကြောင်းတို့ကို ကလေးသူငယ်များ အလွယ်တကူသိရှိနိုင်ရန် စကြဝဠာနှင့် တိုက်ကြီးများကို လေ့လာခြင်း၊ ရှေးဦးတိရစ္ဆာန်များနှင့် အပင်များအကြောင်း၊ ဘိုးဘွားများအကြောင်း၊ ရှေးခေတ်လက်နက်ကိရိယာများ၊ ပန်းချီပညာအကြောင်း၊ ရှေးခေတ်လူနေမှုပုံစံများ၊ တိုင်းရင်းသားသွေးချင်းများနှင့် ဝတ်စားဆင်ယင်မှုများ၊ ရိုးရာကစားနည်းများ၊ မြန်မာ့ရိုးရာပွဲတော်များအကြောင်းတို့ကို ရုပ်လုံးရုပ်ကြွများနှင့် ပြသထားသည်။

အမျိုးသားပြတိုက်ကြီးအတွင်းတွင် သန့်စင်ခန်းများကိုလည်း သပ်ရပ်သန့်ရှင်းစွာ ထည့်သွင်းတည်ဆောက်ထားသည်ကို တွေ့ရသည်။ စာရေးသူတို့လေ့လာကြည့်ရှုချိန်မှာ နှစ်နာရီခန့် ကြာမြင့်သည်။ သည့်ထက် အချိန်ပေး၍ လေ့လာနိုင်လျှင် ပိုကောင်းမည် ထင်ပါသည်။

ပြခန်းအသီးသီးတွင် လေ့လာပြီးနောက် ဧည့်ကြိုခန်းမဆောင်သို့ ထွက်လာခဲ့သည်။ အကြံပြုစာအုပ်လေးကို တွေ့သဖြင့် လုပ်ဆောင်သင့်သည့် အကြံပြုချက်လေး ရေးသားထားခဲ့သည်။ ဧည့်ကြိုခန်းမဆောင်တွင် စာအုပ်အရောင်းဆိုင်လည်း ရှိနေသဖြင့် ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဆိုင်ရာစာအုပ်တွေကို ဝယ်ယူနိုင်ပေသည်။

ပြခန်းဆောင်အသီးသီးတွင် လေ့လာကြည့်ရှုလိုသေးသော်လည်း အချိန်ကို ငဲ့ကွက်ကာ ပြန်ထွက်လာခဲ့သည်။ မြန်မာနိုင်ငံသားတိုင်း အမျိုးသားပြတိုက်ကြီးသို့ သွားရောက်လေ့လာသင့်သည်ဟု တိုက်တွန်းလိုပါသည်။



# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စီးပွားလာဘ်လာဘတွေ ဒီရေအလားတိုးတက်လာစေဖို့ ဝတ်ရွတ်စဉ်



စာရေးသူ ဦးအောင်ခိုင်မြင့် စီစဉ်ပူဇော်သည့် စီးပွားလာဘ်လာဘတွေ ဒီရေအလား တိုးတက်လာစေဖို့ ဝတ်ရွတ်စဉ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပရိတ်ကြီး ၁၁ သုတ်၊ မဟာပဋ္ဌာန်းဒေသနာတော်၊ ဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ်၊ မဟာသမယသုတ်တော်၊ ဓာရဏပရိတ်တော်၊ ပရိမိတ္တဇာလသုတ်၊ အဘိဏှသုတ်တို့အပြင် ကံပွင့်၊ လာဘ်ပွင့်ဂါထာများပါ ထည့်သွင်းရေးသားထားသဖြင့် ဘာသာရေးလေ့လာလိုက်စားလိုသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မန္တြီမစာပေ – အမှတ်–၂၃၇၊ ပထမထပ်–ဝဲ၊ ၃၉–လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဗုဒ္ဓမြတ်စွာလက်ထက်တော်က ထင်ရှားခဲ့သော ကျောင်းတော်ကြီးများ



စာရေးသူ မဟာဓမ္မာစရိယ ဦးသိန်းထွန်း ရေးသားပြုစုသည့် ဗုဒ္ဓမြတ်စွာလက်ထက်တော်က ထင်ရှားခဲ့သော ကျောင်းတော်ကြီးများစာအုပ် ထွက်ရှိလာသည်။

မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူ၍ ဆောင်ရွက်ခဲ့သော သာသနာပြုလုပ်ငန်းများအကြောင်း၊ ကျောင်းတော်များနှင့်ပတ်သက်၍ ယခုလက်ရှိ အခြေအနေများ ရေးသားထားသဖြင့် တက္ကသိုလ်အသီးသီးတွင် M.A ဘွဲ့အတွက် ကျမ်းစာရေးသားနေသူများ၊ ဘွဲ့ယူကျမ်းစာရေးသားရန် ကြိုတင်ပြင်ဆင်နေသူများ၊ ဗုဒ္ဓဂယာဘုရားအဖွဲ့အစည်းများနှင့် ဗုဒ္ဓဂယာ ဘုရားဖူးသွားမည့်သူများ လေ့လာဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မီးအိမ်ရှင်စာအုပ်တိုက်၊ အမှတ်–၄၅၇/ဘီ–၁၊ တကောင်း–၈ လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၂၅၁၀၇၄၆၁၅နှင့် ၀၉ ၇၉၇၉၉၂၃၂၇တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့်ဖြန့်ချိသည်။**

## လူငယ်မောင်မယ်တွေကို ဗုဒ္ဓယဉ်ကျေးမှုအမွေပေးကြပါ




ယနေ့ခေတ်လူငယ်များ ယဉ်ကျေးသိမ်မွေ့စေရန် စာရေးသူမောင်ရင့်ကျူး (မြောင်းမြ) စီစဉ်ရေးသားသည့် လူငယ်မောင်မယ်တွေကို ဗုဒ္ဓယဉ်ကျေးမှုအမွေပေးကြပါစာအုပ် ထွက်ရှိလာသည်။

စကားကို ယဉ်ကျေးစွာပြောဆိုရမည်၊ စာတတ်အောင်သင်ရမည်၊ သန့်ရှင်းစွာ နေထိုင်ရမည်၊ ပြည်သူ့ပစ္စည်းကို မဖျက်ဆီးရ၊ အသက်မွေးဝမ်းကျောင်းပညာတစ်ခုကို အဆုံးတိုင် တတ်အောင်သင်ရမည်၊ လူမျိုးနှင့် တိုင်းပြည်ကို စောင့်ရှောက်ရမည်၊ ပြည်သူ့ဝန်ကိုတရားနှင့်ညီအောင် ထမ်းဆောင်ရမည်၊ ရလာသောပစ္စည်းဖြင့် မျှတစွာအသက်မွေးရမည်ဖြစ်သည်။ ပြည်သူ့နီတိကို မတတ်ကျွမ်းသော ကလေးများနေထိုင်ပုံသည် ရိုင်းပျ၍ ပြည်သူ့နီတိကို တတ်ကျွမ်းသောကလေးနေထိုင်ပုံသည် လူယဉ်ကျေးကလေးပုံစံဖြစ်နေပုံ ခြားနားချက်ကို တွေ့မြင်နိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို – သစ္စာမဏ္ဍိုင်စာပေ၊ အမှတ်–၂၊ အမှတ်–၃၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရန်ကုန်မြို့ ဖုန်း–၀၁၃၈၇၈၄၉ နှင့် ၀၁ ၅၁၂၅၂၈၅ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## အမြင့်သို့ ခြေလှမ်းများ



အောင်မြင်မှု၊ ကြွယ်ဝမှုတို့သည် ဧည့်စာရင်းထဲတွင်ပါဝင်ပြီး အမြဲရှိနေမည့် အရာများမဟုတ်ကြောင်း စာရေးသူ လက်ဆောင်ခံရေးသားသော အမြင့်သို့ ခြေလှမ်းများစာအုပ် ထွက်ရှိလာသည်။

သူတစ်ပါးသောကကို ငြိမ်းအောင်ဟောပြောတတ်သူထက် ကိုယ့်ရင်တွင်းမှ ဖြစ်ပေါ်လာသည့် သောကမီးကို ငြိမ်းနိုင်စွမ်းရှိမှသာ တရားသိတတ်သူပီသပြီး ချမ်းသာအောင် ပညာများသင်၊ စာသင်စာတတ်လျက် မချမ်းသာသူသည် ဖောင်စီးရင်းရေငတ်သူနှင့် တူပေမည်။ ထို့ကြောင့် လူ့ဘဝရောက်ရှိခိုက်တွင် ကောင်းမှုကုသိုလ်ပြုကြစေလိုကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို – နှလုံးလှစာပေ၊ အမှတ်–၅၊ လမ်း–၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁ ၂၉၀၉၈၁ နှင့် ၀၉–၉၅၃၀၄၂၀၀၁ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ပြည်သူ့ဗဟိုပြုနိုင်ငံရေးနှင့်ပြည်သူ့ပါတီ



နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည် ပြည်သူများ၏ သမိုင်းပင်ဖြစ်ကြောင်း စာရေးသူ ဝင်းထွဋ်ဖော် စီစဉ်ရေးသားသည့် ပြည်သူ့ဗဟိုပြု နိုင်ငံရေးနှင့် ပြည်သူ့ပါတီ စာအုပ် ထွက်ရှိလာသည်။

သမိုင်းကို ပြည်သူများကဖန်တီးခြင်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည် ပြည်သူများ၏သမိုင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြည်သူကို တကယ်ဗဟိုပြုသည့် ပြည်သူ့ပါတီစစ်တစ်ရပ်ရှိမှသာ အဆိုပါနိုင်ငံသည် ပြည်သူများပါဝင်သည့် နိုင်ငံရေးဖြစ်လာနိုင်ကြောင်း၊ နိုင်ငံရေးတွင် ပြည်သူများ ပါဝင်မှုအားကောင်းလာမှသာ၊ ပြည်သူကို ဗဟိုပြုသည့် နိုင်ငံရေးဖြစ်လာမှသာ ထိုနိုင်ငံတွင် အာဏာရှင်စနစ် လွှမ်းမိုးခြင်းမရှိဘဲ ဒီမိုကရေစီအားကောင်းလာမည်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို – နန်းဒေဝီစာပေ၊ အမှတ်–၂၀၀(ပထမထပ်)၊ ၃၆–လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁ ၃၈၃၀၂၅ နှင့် ၀၁ ၃၉၁၆၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ပညာပွင့်ဝေဝေ စံပြစာစီစာကုံးများနှင့် အဆိုရေးသားဖြေဆိုနည်း



အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် အမျိုးသားစာပေဆုရ မောင်မြင့်ထွန်းစီစဉ်သည့် ပညာပွင့်ဝေဝေ စံပြစာစီစာကုံးများနှင့် အဆိုရေးသားဖြေဆိုနည်းစာအုပ် ထွက်ရှိလာသည်။

မြန်မာစာစီစာကုံးကို ကောင်းစွာရေးသားနိုင်ရန်အတွက် ကျောင်းသား ကျောင်းသူတိုင်း ဆရာကြီးမင်းသုဝဏ်၏ အဆိုအမိန့်အတိုင်း စု၊ တု၊ ပြု ရပါမည်။ အရေးအသားကောင်းသော စာစီစာကုံးများကို ရှာဖွေစုဆောင်း သိမ်းဆည်းထားရပါမည်။ စာစီစာကုံးကောင်းများကို ဖတ်ရှုလေ့လာရပါမည်။ ထို့နောက် မိမိကိုယ်တိုင်ရေးသားလေ့ကျင့် တုပရပါမည်။ များများဖတ်၊ များများရေး၊ များများလေ့ကျင့်၍ သိမှတ်ဖွယ်ရာ၊ တိုးတက်ဖွယ်ရာများကို မှတ်သားထားရမည်ဖြစ်သည်။

**စာအုပ်ကို အောင်သပြေစာပေ၊ အမှတ်–၅၀၃/၁၊ မြို့ပတ်မာန်အောင်လမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၉ ၇၉၅၃၉၉၈၈၆ နှင့် ၀၉ ၇၈၄၃၄၄၇၄၆ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## Facebook ပေါ်မှ ကျွန်တော်၏ကဗျာများ




ကဗျာစာပေလေ့လာလိုသူများအတွက် စာရေးသူ ကဗျာအို (ထောက်ကြန့်) စီစဉ်ရေးသားသည့် Facebook ပေါ်မှ ကျွန်တော်၏ ကဗျာများစာအုပ်ထွက်ရှိလာသည်။

၂၀၁၆ ခုနှစ်တွင် နှောင်းတစ်ခေတ်၏ စနစ်ဆိုးကြောင့် လျှောက်လှမ်းခဲ့ရသည့် ဘဝခရီးကြမ်းတွင် နာကျင်စွာခံစားခဲ့ရသော ရင်တွင်းခံစားချက်များကို ကဗျာအဖြစ်ရေးသားထားသည်။ စာရေးသူ၏တစ်နေ့တာ ရင်တွင်းထိတွေ့ခံစားရမှုများကို စာ၊ ကဗျာအဖြစ် ဖန်တီး၍ ဘဝအမောပြေကာ စိတ်အာဟာရဖြည့်ဆည်းပေးနေမှု၊ Facebook မိတ်သင်္ဂဟများအား ရင်ဖွင့်တင်ပြရင်း စိတ်အာဟာရပြည့်ဝစေရန် ရေးသားထားသည်။

**စာအုပ်ကို – ချမ်းမြေ့ရိပ်စံစာပေ၊ ခြံအမှတ်–၁၁၊ အဝေရာ–၁ လမ်း၊ တိလောကရုံရပ်ကွက်၊ ထောက်ကြန့်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## စွမ်းအင်နဲ့လျှပ်စစ်ကိုကမ္ဘာကြည့် ကြည့်မယ်



မော်သာထွေး (မန္တလေး) ရေးသားသည့် စွမ်းအင်နဲ့လျှပ်စစ်ကို ကမ္ဘာကြည့် ကြည့်မယ်စာအုပ်မှာ စာရေးသူ၏ စတုတ္ထမြောက်စာအုပ်ဖြစ်သည်။

စာရေးသူသည် ဒုတိယဝန်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းလုပ်သက် နှစ် ၃၀ ကျော်အတွင်း လက်တွေ့ရရှိသောအတွေ့အကြုံများ၊ လေ့လာခဲ့သော ဗဟုသုတများကို အခြေခံ၍ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍကို နိုင်ငံတကာအခြေအနေများနှင့် နှိုင်းယှဉ်ဖော်ပြထားသည်။

စွမ်းအင်နှင့် လျှပ်စစ်အပေါ် သုတေသနပြုလုပ်နေသူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ လေ့လာလိုသူပြည်သူများအတွက် အထောက်အပံ့ဖြစ်စေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို – မျိုးဆက်သစ်စာပေ ဖုန်း– ၀၉၄ ၂၀၈၃၆၈၈ နှင့် ၀၉၄ ၂၀၂၂၂၉၆၂ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး**

## ဒေါ်ရီရီစံ(ခ)မမြရီ(ကွမ်းခြံကုန်း)

## အသက် (၉၃) နှစ်

ကျေးဇူးရှင် မိခင်ကြီး ဒေါ်ရီရီစံ(ခ)မမြရီသည် ၂၆-၁၂-၂၀၁၈ ရက် ဝ၀း၂၀ နာရီတွင် မြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်းသွားခဲ့ပါပြီ။ မိခင်ကြီး၏ နောက်ဆုံးအချိန်အထိ လိုလေသေးမရှိ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြပါသော Pun Hlaing Siloom Hospital မှ သမားတော်ကြီးများ၊ MO များ၊ သူနာပြုများနှင့် ဆေးဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ မိခင်ကြီးအတွက် ဘာသာရေးဆိုင်ရာကိစ္စအဝဝကို ပြီးပြည့်စုံစွာ စီမံဆောင်ရွက်ပေးတော်မူသော ဆရာတော်၊ သံဃာတော်၊ အရှင်သူမြတ်တို့အားလည်းကောင်း၊ မိခင်ကြီးကွယ်လွန်သွားချိန်မှစ၍ ကျန်ရစ်သူမိသားစုအား ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်း၊ စာ၊ E-mail၊ Social-Media တို့မှဖြစ်စေ အားပေးစကားပြောကြားလျက်၊ မိခင်ကြီးအား ဆုတောင်းမေတ္တာများပို့သပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း၊ မိခင်ကြီးအားရည်စူး၍ သက်န်းပရိက္ခရာ၊ လှူဖွယ်ပစ္စည်းများဖြင့် ကုသိုလ်ပြုပေးကြပါသော အလှူရှင်အားလုံးတို့အားလည်းကောင်း၊ မိခင်ကြီးစျာပနတွင် ပန်းခြင်းပေးပို့ကြသူများ၊ နောက်ဆုံးခရီးဖြစ်သော စျာပနသို့လိုက်ပါပို့ဆောင်ပေးကြသူများ၊ နာရေးကာလတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော နိုင်ငံခြားရေးအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်များအားလုံးကို ကျန်ရစ်သူ "ထွန်း"မိသားစုမှ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လိုအပ်လစ်ဟာသည်များရှိခဲ့ပါလျှင် ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်**
**"ထွန်း" မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှဝင်း

## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ တိုက်(၈၃)၊ အခန်း(၄)၊ လမ်း(၃၀) အောက်လမ်းနေ ဦးစိုးကျော်သူ (ဒုတိယမန်နေဂျင်းဒါရိုက်တာ၊ မြန်မာဘရူဝါရီလီမိတက်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါက်တာစံပယ်မြင့်(အထူးကုဆရာဝန်ကြီး၊ ရောဂါဗေဒဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏မိခင်ဖြစ်သူ ဒေါ်လှလှဝင်း အသက် (၈၁) နှစ်သည် ၂၉-၁၂-၂၀၁၈ (စနေနေ့) ည ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အာယုအင်တာနေရှင်နယ်ဆေးရုံမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ရင် (ကျိုက္ကမီရော)

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

## အသက် (၇၈) နှစ်

၈၆/၉၄ (မတ်) ဥပဒေကျောင်းသူဟောင်း ဒေါ်လှဲ့လှဲ့ခိုင် (ရန်ကုန်)၏ဖခင်ကြီး ဦးခင်မောင်ရင်သည် ၁-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၈၆/၉၄ (မတ်) ဥပဒေကျောင်းသားကျောင်းသူဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာအောင်ထွန်းခိုင်

**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဆေးပညာဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## အသက် (၆၇) နှစ်

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာနွဲ့နွဲ့ထင်၏ခင်ပွန်း ဆရာကြီးပါမောက္ခ ဒေါက်တာအောင်ထွန်းခိုင်သည် ၂၉-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1982-91 Batch B.V.S မှ ချစ်တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်မြတ်ကျော်

**ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန**

## အသက် (၆၀)

ဦးအောင်မြတ်ကျော်(ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)သည် ၃၁-၁၂-၂၀၁၈ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်သန့်

## အသက် (၄၄) နှစ်

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်း၊ ဥက္ကဋ္ဌ ဦးမောင်မောင်သန့် အသက်(၄၄)နှစ်သည် ၂၈-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးနန္ဒစိုး

**ဒု-ဦးစီးမှူး၊ စိုက်ပညာ၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်**
**B.Agr.Sc (2000)**

## အသက် (၄၃) နှစ်

သူငယ်ချင်း နန္ဒစိုးသည် ၃၀-၁၂-၂၀၁၈(တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် မမျှော်လင့်ဘဲ ခွဲခွာသွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါတယ်. . .

သူငယ်ချင်း ကောင်းရာသုဂတိရောက်ပါစေ. . .

**စိုက်ပျိုးရေးတက္ကသိုလ်(၁၉၉၅-၂၀၀၀) ကျောင်းဆင်းသူငယ်ချင်းများ**

## အာနိစ္စ

**မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ခင်သန်းမေ

## အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ (၁၀၈)လမ်း၊ အမှတ်(၈)နေ (ဦးဘိုးဦး-ဒေါ်လှဝင်း)တို့၏သမီး ဒေါ်ခင်သန်းမေသည် ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးမြင့်သိန်း (မြိတ်)

**အသင်းဝင်အမှတ်(၁၂၅၇)**

## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းထိပ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ်(၁၀၀၅)နေ (ဒေါ်စိန်တင့်)၏ခင်ပွန်းသည် ၁-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**

## ဒေါ်ခင်စု(ခ)ဒေါ်ခင်စုရီ

## အသက် (၈၁) နှစ်

ရန်ကုန်မြို့နေ (ဦးအေးတင်-ဒေါ်စန်းခင်)တို့၏သမီးကြီး၊ ဦးအောင်မြင့်-ဒေါ်လှမြင့်၊ (ဦးစိုး)-ဒေါ်ညွန့်ရွှေ၊ ဦးစန်းမောင်-ဒေါ်စိန်မြင့်၊ ဦးငွေသိန်း-ဒေါ်စန်းငွေးတို့၏အစ်မကြီး၊ ဦးရွှေငွေး (တပ်စာရင်းကိုင်-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသိန်းထွေး-ဒေါ်ခင်ငွေးရီ၊ ဦးမြင့်ဆွေ-ဒေါ်ခင်ငွေးကြည်၊ ဦးရဲထွဋ်-ဒေါ်ချိုချိုမြင့်၊ ဗိုလ်ကြီးရဲထွန်း-ဒေါ်ချယ်ရီ၊ ဦးအောင်မြတ်ငွေး-ဒေါ်အေးအေးခိုင်၊ ဗိုလ်မှူးထက်လင်းဖြိုး (ငြိမ်း)-ဒေါ်နေခြည်အောင်တို့၏မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံ၊ ခုတင်-၇၀၀ မှ ပြင်ဦးလွင်မြို့ (၈)မိုင်ကုန်းဘောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မန္တလေးမြို့(နန်းတွင်း)ရှိ ဗိုလ်ကြီးရဲထွန်း-ဒေါ်ချယ်ရီတို့၏နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ကလေး

**B.A, B.L (တရားလွှတ်တော်ရှေ့နေ)**
**သိုလှောင်ရေးအရာရှိ-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသက် (၁၀၀)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ရှမ်းရွာနေ (ဦးပန်းကျော်-ဒေါ်သင်)တို့၏သား၊ ပြွန်တန်ဆာမြို့၊ ရုံးပိုင်းနေ (ဦးဖြိုး-ဒေါ်လုံးတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၁၀)နေ (ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ ဦးတင်မောင်ဝင်း-(ဒေါ်စန်းစန်းရီ)၊ ဦးစိန်သန်း-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဦးအေးဝင်း)၊ (ဦးငွေးဝင်း)-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးစိုးဝင်း(ကျန်းမာရေး၊ ဓာတ်ခွဲဌာန)၊ ဦးငွေဇင်-ဒေါ်ကေသီဝင်း၊ ဦးခင်မောင်သန်း-ဒေါ်ဥမ္မာဝင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၃၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းနွဲ့ (ဟသ်ာတ)

## အသက် (၉၉) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၄၁)၊ အခန်း(၂၁)နေ (ဦးစိုးမောင်)-ဒေါ်ကြည်မြင့်၊ ဦးပြုံး-မနီလာတို့၏မိခင်၊ မောင်မျိုးမင်းသူ (Demon Guitar Training)၊ မထက်အဥ္ဇလီဝင်း၊ မပိစိတို့၏အဘွားသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး ဒါယိကာမကြီး**

## ဒေါ်ခင်သန့်

## အသက် (၇၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နေ (ဦးရှိန်-ဒေါ်တင်ဥ)တို့၏သမီး၊ ဝေါမြို့နေ ဦးဟန်တင်-ဒေါ်စောတင်တို့၏သမီးချွေးမ၊ (ဦးစန်းကြွယ်)၏ဇနီး၊ (ဦးသန်းမြင့်)-ဒေါ်စန်းမြင့်၊ (ဒေါ်ခင်စန်းတင့်)၊ ဒေါ်ခင်စန်းရီ၊ ဦးငွေသိန်း-ဒေါ်ထွေးထွေး၊ (ဦးစန်းပွင့်-ဒေါ်ခင်သစ်)တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ်(၅၄၄)နေ ဦးကိုကိုခိုင်-ဒေါ်ခင်နှင်းဥ၊ ဦးကိုကိုနိုင်-ဒေါ်စန္ဒာအောင်၊ ဦးကိုကိုလှိုင်-ဒေါ်လှဲ့လှဲ့ထွေး၊ ဦးမောင်တော-ဒေါ်သီသီမြိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ပြည့်ဖြိုးကြွယ်၊ မခင်ထက်ထက်ကြွယ်၊ မအေးချမ်းဖြိုး၊ မောင်မြတ်သူခိုင်၊ မောင်ကျော်စည်သူဟိန်း၊ မမြတ်ဟေသာကို၊ မစွဲ့အမရာအောင်၊ ဆွေရည်ထက်တို့၏အဘွားသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ အမှတ်(၅၄၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်မိမိ

## အသက် (၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၃၀)နေ (ဦးအုန်းကြည်-ဒေါ်မြသင်)တို့၏ သမီးကြီး၊ ဦးခင်မောင်ထွန်း-(ဒေါ်ကြည်ကြည်သန်း)၊ (ဦးသန်းထွန်း)-ဒေါ်ခင်အုန်းသန်း၊ (ဦးခင်မောင်လတ်)-ဒေါ်တင်တင်စိန်၊ (ဦးဝင်းမြင့်)-ဒေါ်ခင်ခင်ထူး၊ ဒေါ်ခင်ခင်ငွေး၊ (ဦးကိုကိုထွေး)-ဒေါ်ခင်သန်းဦးတို့၏အစ်မ သိမ်ဖြူလမ်း၊ သုံးလွှာ(A)၊ အမှတ် (၄၃၀)နေ ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်မိမိသည် ၁-၁-၂၀၁၉(အင်္ဂါနေ့) ညနေ ၆း၁၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစန်းဝင်း

## အသက် (၄၃) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (စမ်း/မြောက်)ရပ်ကွက်၊ အမှတ်(၁၅)၊ ပဒုမ္မာလမ်းနေ ဦးစိန်သန်း-ဒေါ်ဝင်းကြည်တို့၏သား၊ ဦးနိုင်မြစ်-ဒေါ်မိထင်တို့၏သားသမက်၊ မမိယဉ်ယဉ်ခိုင်၏ခင်ပွန်း၊ ဦးသူရမွန်-ဒေါ်အေးဝင်းသန်းတို့၏အစ်ကို၊ မမေသူသူထက်၏ဦးလေး ဦးစန်းဝင်းသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပဒုမ္မာလမ်းမှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**

## ဒေါ်အုံးငွေ

## အသက် (၈၀)

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်နေ (ဦးဘိုးစော-ဒေါ်လှယဉ်)တို့၏သမီး၊ ပေါင်းတည်မြို့နယ်နေ ဒေါ်အုံးရွှေ၏ညီမ၊ (ဦးတင်စိန်)၏ အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၅)လမ်း၊ အမှတ်(၆၇၁)နေ ဦးအုန်းမြင့်(လဝက-ငြိမ်း)၏ဇနီး၊ ဦးလှဦး(ကမ္ဘာ့ရတနာ ဘဏ်လီမိတက်)-ဒေါ်မြမြဝင်း၊ ဒေါ်သင်းသင်းမြင့်(ကကငွေ)၊ ဦးဇော်မြင့်(ပြည်အောင်လုဆောက်လုပ်ရေး)-ဒေါ်သစ်သစ်ငြိမ်း(လဝက)၊ ဦးပညာအောင်(လဝက)-ဒေါ်စန်းညွန့်ဝေ(လဝက)၊ (ဦးသန်းစိုးအေး)-ဒေါ်ညွန့်ညွန့်မိုး (ကမ္ဘာ့ရတနာဘဏ်လီမိတက်)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်အုံးငွေသည် ၁-၁-၂၀၁၉ ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြလွင်

**(စာရင်းကိုင်အတန်း-၁)**
**ဘဏ္ဍာရေး-စာရင်းစစ်ဌာနစိတ်၊**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလမ်ဗီလာ-ဒေါ်ကြင်မွှေး)တို့၏သားကြီး၊ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးလွင်မိုးဟိန်း၊ ဦးသန်းထိုက်အောင်-ဒေါ်ယဉ်မင်းလွင်(YESC)တို့၏ဖခင်၊ ဦးဇော်ဝင်း(ကြက်ဘဲဈေး)-ဒေါ်ထားထားဝင်း၊ ဦးအောင်မင်းနိုင် (MD Victor Aung car sale Center)-ဒေါ်သီတာထွန်း(အောင်မိနီမတ်)၊ ဦးနိုင်ဝင်း၊ ဦးဇင်မောင်မောင် (Myanmar Mission Group Co.,Ltd)-ဒေါ်ဖြိုးဖြိုးဝင်း(YESC)၊ ဒေါ်ကြူကြူခိုင် (YESC)တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၉ ရက် နံနက် ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ဝိုင်း

## အသက် (၈၇) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ (၃)ရပ်ကွက်၊ အောင်ဇေယျ (၁)လမ်းနေ (ဦးချင်ဝါ-ဒေါ်ငွေသင်)တို့၏ သမီး၊ (ဦးမောင်ကြည်)၏ ဇနီး၊ ဦးမြသိန်း-(ဒေါ်ခင်မာအေး)၊ ဦးတင်သန်း-ဒေါ်ခင်ဝင်းချို၊ ဦးသန်းထွန်း-ဒေါ်ရီရီစမ်းတို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရွှေဂုံရိပ်မွန်အိမ်ရာနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၃၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ကျော်သွေး

**ဦးစီးအရာရှိ (သစ်တောဦးစီးဌာန-ငြိမ်း)**

## အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၈)၊ ငါးလွှာနေ (ဦးခင်-ဒေါ်ကျင်လှိုင်)တို့၏ သား၊ (ဦးဖိုးသင်-ဒေါ်ရွှေကြည်)တို့၏သားသမက်၊ (ဒေါ်တင်တင်)၏မောင်၊ ဦးအောင်မြတ်သူ(ရေနံဓာတု)-ဒေါ်ဝတ်ရည်အောင်(သစ်တောဦးစီးဌာန-ငြိမ်း)၊ ဦးထွန်းထွန်းလင်း (Billin Point Parquest)-ဒေါ်ထက်ထက်အောင်(ပြည်တွင်းရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးဝေဖြိုးအောင်-ဒေါ်ခင်စောမူ(ကုန်စုံဆိုင်၊ အလုံဈေး)တို့၏ကျေးဇူးရှင်ဖခင်၊ မြေးငါးယောက်တို့၏ချစ်လှစွာသောအဘိုး၊ ဒေါ်ကြည်ကြည်နွယ်၏ခင်ပွန်းသည် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၈)၊ ငါးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

## ဦးရင်အောင် (ခ) လင်လိုင်း

## အသက် (၈၃) နှစ်

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ်(၁၈၃)နေ (ဦးကံသာ-ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဦးစာပေါ-ဒေါ်ချိန်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးပေါက်တူး)-ဒေါ်ကျင်အေး၊ ပဲခူးမြို့နေ (ဦးယုရှိန်-ဒေါ်လွမ်း)၊ ပဲခူးမြို့နေ (ဦးကောက်-ဒေါ်အေးညွန့်)၊ ရန်ကုန်မြို့နေ (ဦးရင်မောင်)တို့၏ ညီ/မောင်၊ မအေးအေးအောင်၊ မတဥ္စာအောင်၊ မောင်အောင်ဇာဟိန်း-မခင်မျိုးမူတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ဘိကြူး၏ခင်ပွန်း၊ မောင်ဂျန်ရတုဟိန်း၊ မအိမ့်မျှုနဒီမျိုးတို့၏အဘိုးသည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရုံးကြီးရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ်(၁၈၃)နေ (ဦးရင်အောင်)-ဒေါ်မြင့်မြင့်ကြည်တို့၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးမျိုးသန့် (ခ) Paul Tangup (သန်လျင်)

**လ/ထအင်ဂျင်နီယာ(ရေ/သန့်)၊ ငြိမ်း**

## အသက် (၈၃) နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ (ဦးဘတင်-ဒေါ်အယ်လီ)တို့၏သား၊ (ဒေါက်တာမြဟန်-ဒေါ်သန်းဟန်)၊ ဒေါ်နီနီတင်-(ဦးငွေးအောင်)၊ (ဒေါ်စုစု-ဦးခင်မောင်ကြီး)၊ ဒေါ်စီစီ Brumby-Mr.Steven Brumby၊ ဒေါ်တင်တင်ရီ Baby-(ဦးဝင်းနိုင်)၊ ဒေါ်စန်းစန်းတင်-ဦး Dicky မြတ်မောင်တို့၏အစ်ကို/မောင်၊ (နော်စတယ်လာကြိုင်)၊ ဒေါ်ကြည်ကြည်ဝေ၏ခင်ပွန်း၊ Oliver အေးသန့်-နော်လားကဖော၊ Peter စိုးသန့်၊ (Michaelမိုးကျော်သန့်)၊ ကိုလတ်တို့၏ဖခင်သည် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် တိုက် (၉၇-B)၊ (၅)လမ်း၊ (၁)ရပ်ကွက်၊ သမိုင်းနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစံသိန်း

## အသက် (၈၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၈၁)နေ (ဦးမောင်မောင်-ဒေါ်တီ)တို့၏သား၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ (ဦးကျော်ငြိမ်း-ဒေါ်သန်းစိုး)၊ ဒေါ်ခင်သက်တင်တို့၏ညီ/မောင်၊ ဦးသောင်းရွှေ(ခ)ဦးသက်လွင်-ဒေါ်စိန်တင်(ခ)ဒေါ်စိုးစိုးမြင့်၊ (ဦးသက်ခင်)တို့၏ အစ်ကို၊ ဦးဇော်ထူး-ဒေါ်သက်မွန်၊ ဒေါ်သီတာ-ဦးကိုကိုနိုင်၊ ဦးမျိုးသန့်-ဒေါ်ဝါဝါခိုင်၊ (ဦးကျော်ဝေသိန်း)တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးစံသိန်းသည် ၁-၁-၂၀၁၉ ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုမြတ်သူရ

**(B.A-Myanmar)**
**အထက(၅) ဗိုလ်တထောင်ကျောင်းသားဟောင်း**

## အသက် (၄၅) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၁၈)၊ ပထမထပ်(ဝဲ)နေ ဦးလှမြင့်-[ဒေါ်မြင့်မြင့်ဆွေ(အထက-၃၊ စမ်းချောင်း)]တို့၏သား၊ ဦးသိန်းလွင်-ဒေါ်စိုးမြင့်၊ (ဦးအောင်သန်း)-ဒေါ်တင်နွယ်အေး၊ ဦးအောင်ကျော်တင့်-ဒေါ်ခင်စန်းကြူ၊ ဒေါ်ခင်ထွေးရီ၊ ဒေါက်တာဒေါ်ခင်အေးမြတ်တို့၏တူ၊ ကိုမြင့်သူရ၏ညီ၊ ဒေါ်ကြည်ကြည်ဝင်းထွန်း(အထက-၃၊ ဗိုလ်တထောင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၁-၂၀၁၉ ရက် နံနက် ၂း၅၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ သင်တန်းအမှတ်စဉ် (၁၆)နှင့် အမျိုးသမီးသူနာပြုသိပ္ပံတွဲ သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သင်တန်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**


တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ သင်တန်းအမှတ်စဉ် (၁၆) နှင့် အမျိုးသမီးသူနာပြုသိပ္ပံတွဲ သင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား သင်တန်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**

# အပူပိုင်းမုန်တိုင်း ပါဘက် ဖြတ်သန်းမည့်ရက်ပိုင်းအတွင်း ကော့သောင်းခရိုင်ရှိ ပင်လယ်ကျွန်းအပန်းဖြေခရီးစဉ်များ ရပ်နားထား



ခရီးသွားများကို ဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သည့် ကော့သောင်းမြို့ကို တွေ့ရစဉ်။

**ကော့သောင်း ဇန်နဝါရီ ၂**

တောင်တရုတ်ပင်လယ် ဗီယက်နမ်ကမ်းလွန်ပင်လယ်ပြင်၌ ဖြစ်ပေါ်လျက်ရှိသော အပူပိုင်းမုန်တိုင်းပါဘက်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့် မြိတ်မြို့များအနီးမှ ဖြတ်ကျော်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာမိုးလေဝသသတင်းထုတ်ပြန်ချက်များအရ သိရပြီး ကော့သောင်းခရိုင်အတွင်း ပင်လယ်ကျွန်းများသို့ ထွက်ခွာမည့် အပန်းဖြေခရီးစဉ်များကို ဇန်နဝါရီ ၃ ရက်မှစတင်၍ ရပ်နားထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါမုန်တိုင်းသည် တောင်တရုတ်ပင်လယ် ဗီယက်နမ်ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိကြောင်း၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားစဉ် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းနှင့် မြိတ်မြို့များအနီးမှ ဖြတ်ကျော်ကာ ကပ္ပလီပင်လယ်အတွင်းသို့ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ အနောက်မြောက်ဘက်သို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**

## ထူးခြားသည့် ညအပူချိန်များ

၂-၁-၂၀၁၉

| | | |
|---|---|---|
| ဟားခါး | (-၁) | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၂ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၃ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ | ဒီဂရီစင်တီဂရိတ် |
| နောင်ချို | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၅ | ဒီဂရီစင်တီဂရိတ် |

